

www.burmeseclassic.com
စိုးမိုး စာပေ
BURMESE CLASSIC .com
(လုံးချင်းဝတ္ထုသစ်)
ရွှေအဂူလိ
ထပ်တူပြုနှလုံးသား
L လင်း
www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| အဖုံးဒီဇိုင်း | - | L လင်း |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ) (မြဲ-၀၃၈၅၁) အမှတ် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြဲ-၀၄၉၀၂) စံယဉ်အော့ဖ်ဆက် ၆၈၊ ၈တားဝါလမ်း၊ အုတ်ကြီးမြို့နယ်၊ ရန်ကုန်။ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းဌေး |
| ပုံနှိပ်ခြင်း | - | ၂၀၁၂ ခုနှစ်၊ ဇက်တင်ဘာလ။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀ ကျပ် |

၈၉၅ . ၈၃
ရွှေအဥ္ဇလီ
ထပ်တူမြို့လုံးသား / ရွှေအဥ္ဇလီ ။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၂
၂၇၂ - စာ ၊ ၁၂ × ၁၈ စင်တီ။
(၁) ထပ်တူမြို့လုံးသား


## အခန်း (၁)

နံနက်ခင်း၏ နှင်းထုသည် ဖွေးဖွေးလှုပ်ကာ သစ်ပင်မှ သစ်ရွက်ဂဲလေးများတွင် တွဲခိုနေသော နှင်းဥကလေးများ မြေပြင်ပေါ်သို့ တဖောက်ဖောက် ကြွေကျလျက် နေခြည်တို့ တိုးမပေါက်နိုင်လောက်အောင် ပိန်းပိတ်၍နေသည်။

ထူးခြား စောင်ခြုံကွေးနေ၍ မဖြစ်သဖြင့် အိပ်ရာထဲမှ အတင်းကုန်းရုန်းထလိုက်သည်။ နောက်ဖေး ရေကပြင်ဆီသို့ အိပ်ချင်စိတ်မပြေသေးသော မျက်လုံးအစုံကို ပွတ်သပ်ပြီး မညီညာသော ကြမ်းခင်းတွေကို တကျွိကျွိနင်းကာ လျှောက်လာလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဟွပ်...အဟွပ်...အဟွပ်"

ထိုချောင်းဟန့်သံသည် အိပ်ရာမှမနိုးသေးသော ထူးခြားကို နှိုးသော ချောင်းဟန့်သံဖြစ်သည်။ ဒီနေ့မှ ထူးခြားက အဘွား ချောင်းဟန့်သံ မကြားခင် ဝိရိယကြီးစွာ အိပ်ရာမှထလိုက်ခြင်း ဖြစ်သည်။

အဘွား ဒေါ်ခင်ကြည်သည် ယခုလက်ရှိအချိန်မှာတော့ ထူးခြား၏အားကိုးရာ ကျေးဇူးရှင်တစ်ယောက်ဖြစ်သည်။ အဘွားမှာ သားတစ်ယောက်ရှိပေမယ့် ထူးခြားလောက် အားကိုးရသောသူ မဟုတ်သဖြင့် အဘွား မျက်နှာသာ ဘယ်တော့မှမပေး။

အဘွား ဒေါ်ခင်ကြည်မှာ ထူးခြား၏ အဘွားအရင်း မဟုတ်ပေမယ့် အဘွားအရင်းတစ်ယောက်၏ မေတ္တာမျိုးဖြင့် ထူးခြားကို မျက်နှာသာပေး အလေးထားဆက်ဆံ၏။

ဘယ်ကမှန်းမသိဘဲ သွေးအလိမ်းလိမ်းဖြင့် လဲကျ သတိလစ်နေသော ထူးခြားကို အဘွားကယ်ခဲ့တာဖြစ်သည်။ အတိတ်မသိ၊ အနာဂတ်မရေရာသော ထူးခြားဘဝတွင် အဘွား၏ မေတ္တာသည်သာ ထူးခြားဘဝ၏ အင်အားတစ်ရပ်ဖြစ်ခဲ့၏။





အဘွားသား ကိုးအောင် ဆိုတဲ့သူကလည်း အလုပ်ဆင်းတစ်ရက် မဆင်းတစ်ရက်ဖြင့် လက်ကြောမတင်းသော ပန်းရန်ဆရာတစ်ဦးဖြစ်သလို ရပ်ကွက်ထဲမှာ ပျော်ပျော်နေတတ်သော အရက်သမားတစ်ဦး၏ ဂုဏ်ပုဒ်ကိုလည်း ရရှိထားသူ။

ထူးခြားကသာလျှင် ရပ်ကွက်ထဲမှာ ကြုံရာကျပန်းအလုပ်ကိုလုပ်ပြီး ထူးခြား အဘွားကို တစ်ဖက်တစ်လမ်းကနေ ထောက်ပံ့ပေးနေသူဖြစ်သည်။ အဘွားပေးထားသော နာမည်နှင့် ထူးခြားသည် ရပ်ကွက်ထဲမှာ အများတကာ၏ အနိုင်းခံဘဝဖြင့် မထူးခြားသောဘဝကို ပိုင်ဆိုင်ထားသည့် ခပ်နိမ့်နိမ့် ကောင်လေး တစ်ယောက်။

ကိုယ့်ဘဝ၏ အတိတ်နှင့် အနာဂတ်ကို ရေရာစွာ မသိသော ပစ္စုပ္ပန်မှာတင် နေသားကျအောင် နေတတ်သော ထူးခြားကို လူတိုင်း ချစ်ခင်ကြသည်။ ရပ်ကွက်ထဲမှာ အနိုင်းခံရုံ သက်သက် မဟုတ်ဘဲ ဟိုအိမ်ကခေါ်ကျွေး ဒီအိမ်ကခေါ်ကျွေးနှင့် ထူးခြားဘဝ တစ်ဝမ်းတစ်ခါးကတော့ လူပေးသူပေးနှင့် ဝမ်းဝပါသည်။

ထိုသို့ မရေရာသော ဘဝထဲမှာ ကျင်လည်နေရင်းဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ထူးခြား ရင်ခုန်တတ်လာသည်။ ချစ်တတ်လာသည်။ သိမ်မွေ့ခင် ဆိုသော ကောင်မလေးသည် ထူးခြား၏ရင်အစုံကို ဖြောင်းဆ အောင် လှုပ်ခတ်နိုင်သော မိန်းကလေးတစ်ယောက်။ မွေ့မက်သည် အလှမာန်တက်သည်။ တော်ရုံယောကျ်ားဆိုရင် မျက်လုံးပင် ဝေ့မကြည့်သော သိမ်မွေ့ခင်ကို ထူးခြား ချစ်သည်။

ထူးခြား အချစ်အကြောင်းမသိ၊ စာမဖွဲ့တတ်၊ ကဗျာ မဖွဲ့တတ်။ သို့သော် ရင်ထဲမှာ တလှပ်လှပ်ဖြင့် လှုပ်ရှားတတ် သော ခံစားမှုကိုတော့ အချစ်ဟု ကောက်ချက်ချတတ်သည်။

ညစ်နွမ်းနွမ်းနှင့် ဆံပင်ဘုတ်သိုက် ကောင်လေး တစ်ယောက်၏ အကြည့်အပြုံးတွေသည် သိမ်မွေ့ခင်အတွက် အော်ဂလီဆန်ချင်စရာ ဖြစ်ကောင်းဖြစ်နေလိမ့်မယ် ထူးခြား အတွက်ကတော့ သိမ်မွေ့ခင်ဟာ အချစ်နတ်ဘုရားမလေးတစ်ပါး ဆိုလျှင် မမှား။

"ဟဲ့...ထူးခြား မျက်နှာသစ်ပြီးရင် ထတော့လေ ဘယ့်နှယ်..ရေစည်အား ငုတ်တုတ်အိပ်ငိုက်နေရတာလဲ"

အနောက်ဘက်မှာ ဘယ်အချိန်ကတည်းက ရောက်နေ





မှန်းမသိသော အဘွား၏အသံကြောင့် အာရုံထဲမှာ တရေးရေး တွေးပြီး တရေးရေးမြင်နေသော အတွေးတွေ တိခနဲပြတ်တောက် သွားကာ

"ဗျာ...အဘွား၊ တွေးနေတာလေ..အဟဲ"

"တွေးတာ နောက်မှတွေး၊ ဒီမနက်ခင်းပိုင်းကို သိမ်မွေ့ ခင်တို့ခြံကို မြက်သွားရှင်းပေးရမယ် မဟုတ်လား"

"ဟုတ်ကဲ့"

"ဒါဆို နေမပူခင်သွားလေ၊ နေ့ခင်းမှဆိုရင် နေပူတော့ ပိုပြီးပင်ပန်းတာပေါ့၊ မင်းတစ်ယောက်တည်းမနိုင်ရင် တိုးအောင် ကို ခေါ်သွား"

အဘွား ခေါ်ခင်ကြည သူ့သား ဦးတိုးအောင်ကို ခေါ် သွားခိုင်းနေသဖြင့် ထူးခြား ဆတ်ခနဲ တွန့်သွားကာ

"ဟာ...ရတယ်..ရတယ်၊ မခေါ်သွားတော့ဘူး၊ ကျွန်တော်တစ်ယောက်တည်း ရှင်းနိုင်ပါတယ်"

ထူးခြား ပျာပျာသလဲ ငြင်းဆန်လိုက်သည်။

"အေး...ဒါဆိုလည်းပြီးရော၊ အခု အဘွား ပဲပြုတ်နဲ့



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ထမင်း နယ်ထားတယ်၊ သွားစားလိုက်ဦး၊ ပြီးမှသွား"

ထူးခြား အသွားနောက်မှ အိမ်ထဲသို့ဝင်လိုက်ပြီး အိမ်ရှေ့ခန်းလေးတွင် အဆင်သင့်ပြင်ဆင်ထားသော ထမင်းကြမ်းပဲပြုတ်ဆီဆမ်းကို အဆာပြေစားလိုက်သည်။

အနော်ဂတ်ပျောက်ပြီး နုံချာလွန်းသော ထူးခြားဘဝကို ဘယ်သူကျေနပ်နပ် မနပ်နပ် ထူးခြားကတော့ ကျေနပ်နေ၏။

ဆောင်းနံနက်ခင်း၏ ထမင်းကြမ်းခဲ အေးစက်စက်သည် ထူးခြားဘဝမှာ ဘယ်လိုမှ အဖိုးမဖြတ်နိုင်သည့် နတ်သုဒ္ဓါတစ်မျိုးပင်ဖြစ်သည်။



## အခန်း (၂)

"ဟော့...ထူးခြား၊ ခြံရှေ့မှာ ရစ်သီရစ်သီနဲ့ ဘာလုပ်နေတာလဲ"

နှင်းကွဲစအချိန် ဝင်းပနေခြည် ဖြာထွက်ခါစမှာ သိမ်မွေ့ခင်၏မျက်နှာလေးသည် နှင်းရည်စိုလူးနေသော တော်ဝင်ပန်းလေးတစ်ပွင့်နှယ် ထူးခြား၏ အကြည့်အမြင်တွေထဲမှာ တင့်တယ်လွန်းပါသည်။

ထူးခြား ခန္ဓာကိုယ်ထဲက သွေးကြောမျှင်လေးတွေ တဆတ်ဆတ်တုန်လာသည်အထိ ဝင်းဝါစိုပြည်ကာ ဆင်စွယ်နှစ်တောက်တောက်ပ ဝင်းလက်နေသော သိမ်မွေ့ခင်၏ မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



လေးကို တမေ့တမော ငေးကြည့်လိုက်သည်။

"မေးနေတယ်လေ၊ ဘာလဲ…ငါ့ကို လာချောင်းတာလား"

သိမ်မွေ့ခင် အူကြောင်ကျားပုံပေါက်နေသော ထူးခြားကို ခပ်ရွဲ့ရွဲ့မေးလိုက်သဖြင့် ထူးခြား ရှက်ရယ်ရယ်ရင်း ခေါင်းကို တွင်တွင်ခါလိုက်သည်။

"ဟာ…မဟုတ်ပါဘူး၊ ကျွန်တော့်ကို မသိမ်မွေ့အမေက ခြံရှင်းဖို့ခေါ်ထားလို့ပါ၊ တကယ်ပြောတာပါ၊ မယုံရင် မသိမ်မွေ့ အမေကို မေးကြည့်လိုက်ပါ"

သိမ်မွေ့ခင် ထူးခြားကို မသင်္ကာသော အကြည့်ဖြင့် ပေစောင်းစောင်းကြည့်ကာ နှုတ်ခမ်းကို တွန့်ကွေးမဲ့လိုက်သည်။

အိမ်ရှေ့မှ အသံကြောင့် ဒေါ်လှိုင်လှိုင် ဘုရားဝတ်ပြုပြီး ဘုရားခန်းထဲမှထွက်လာ၏။

"သမီး သိမ်မွေ့…ဘယ်သူလဲ"

"ဘယ်သူရမှာလဲ ထူးခြားလေ၊ ခြံရှေ့မှာ ရစ်သီရစ်သီနဲ့၊ သမီးလှေကျှင့်ခန်းလုပ်တာကို လာချောင်းတာနေမှာပေါ့၊ လူမိသွားတော့ ခြံရှင်းဖို့ခေါ်ထားသလေးဘာလေးနဲ့ ပြောင်လိမ်တယ်"





"ဟယ်…သမီး ဘာတွေလျှောက်ပြောနေတာလဲ၊ သူပြောတာမှန်တယ်၊ မေမေ သူ့ကိုခေါ်ထားတာ၊ နောက်ဖေးမှာ တောထနေတဲ့မြက်တွေကို ရှင်းဖို့"

"ဟွန်း…အဲဒါဆိုရင်လည်း လှမ်းခေါ်ပေါ့၊ ဝရန်တာမှာ သမီး လေ့ကျင့်ခန်းလုပ်တာကို တိတ်တိတ်လေး ချောင်းနေတယ်၊ လူမဆန်တဲ့ အနုတ်စုတ်ဂုတ်စုတ်ကောင်"

သိမ်မွေ့ခင် ပျစ်ပျစ်နှစ်နှစ်ပြောပြီး မဲ့ကျေမနပ် ခြေဆောင့်ပြီး အိမ်ထဲပြန်ဝင်သွားသည်။ ဒေါ်လှိုင်လှိုင် ခပ်ဆောင့်ဆောင့်ထွက်သွားသော သမီးကို လိုက်ကြည့်ရင်း..

သူကဖြင့် လေ့ကျင့်ခန်းလုပ်တာ အိမ်ရှေ့ ဝရန်တာမှာ ထွက်လုပ်စရာလား။ ကိုယ့်အိမ်ထဲ ကိုယ်မလုပ်ဘဲ အနေအထိုင်မတတ်၊ သူများစိတ်ဝင်စားအောင် ဟန်ရေးထွက်ပြနေပြီးတော့ဟု စိတ်ထဲမှာပင် အပြစ်တင်လိုက်သည်။

"ကဲ…ခြံတံခါးဖွင့်ပြီး ဝင်လာခဲ့တော့ မောင်ထူးခြားရေ၊ အန်တီ့သမီးက ဒီလိုပဲ၊ ဘယ်တော့မှ အချိန်အဆရှိတဲ့စကား



www.burmeseclassic.com

www.burmeseclassic.com



မပြောဘူး၊ အန်တီလည်း ဖတဆိုးလေးဆိုပြီး အလိုလိုက်ထားလို့ ဆိုးနေတယ်''

ဒေါ်လှိုင်လှိုင် ထူးခြားကို အရေးတယူလုပ်ရှင်းပြနေ၍ ထူးခြား အားနာသော ရယ်ခြင်းမျိုးဖြင့် ခပ်တိုးတိုးရယ်ပြီး ပွယောင်းယောင်းဖြစ်နေသော ဆံပင်တွေကြားထဲသို့ လက်ချောင်းတွေ ဆွဲနှစ်ကုတ်လိုက်ပြီး ခြံထဲသို့ ခပ်ကုပ်ကုပ်မျက်နှာလေးဖြင့် ဝင်လာခဲ့လိုက်သည်။

ထူးခြား နောက်ဖေးကို အိမ်ဘေးမှ ပတ်ဝင်လိုက်သည်။ ယောက်ျားသား မရှိသောအိမ်မို့ ခြံတစ်ခုလုံး တောထနေသည်။ ခြံစည်းရိုးတွေပါ ပျက်စီးနေ၍ ခွေးတိုးပေါက်တွေကြောင့် ခြံတစ်ခုလုံး ကြည့်ရဆိုးနေ၏။

''အန်တီလှိုင်···ကျွန်တော် ခြံစည်းရိုးတွေပါ ပြင်ပေးခဲ့ရမလား''

ဓားရှည်ယူလာပေးသော ဒေါ်လှိုင်လှိုင်ကို တလက်စတည်း မေးလိုက်သည်။ နှုတ်ကသာ ဒေါ်လှိုင်လှိုင်ကို မေးနေတာ၊ အကြည့်တွေကတော့ နောက်ဖေးပေါက်ဝဆီမှာ ဖြစ်သည်။





သိမ်မွေ့ခင်များ ထွက်လာမလားဆိုသော မျှော်လင့်ချက်ဖြင့် လှမ်းကြည့်ခြင်းဖြစ်သည်။

''ကောင်းတာပေါ့ ထူးခြားရယ်၊ မင်း အချိန်ရတယ်မဟုတ်လား၊ ဘယ်အိမ်တွေမှာ သွားလုပ်ပေးရဦးမလဲ''

''ဘယ်အိမ်မှမရှိပါဘူး အန်တီလှိုင်၊ ကျွန်တော် အချိန်ရပါတယ်''

''အေး···ဒါဆို ပိုပြီးအဆင်ပြေတာပေါ့ကွယ်၊ အန်တီလှိုင် မင်းကို လက်ဖက်ရည်ဖိုး ပိုပေးပါ့မယ်''

''ရပါတယ်၊ မလိုပါဘူး အန်တီလှိုင်''

ထူးခြားအတွက်တော့ လက်ဖက်ရည်ဖိုးဆိုတာထက် သိမ်မွေ့ခင်ကို တွေ့နေရဖို့က အရေးကြီးနေပါသည်။

အချစ်သာရှိနေရင် ထမင်းမစားရလည်း နေနိုင်သည့် လူစားမျိုးထဲမှာ ထူးခြားက ထိပ်ဆုံးကဖြစ်သည်။

ဂ ဂ ဂ



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ထူးခြား၏ရင်ထဲတွင် ဒေါ်လှိုင်လှိုင်၏ တောင်းဆိုမှုကြောင့် ရင်ထဲကို ဆီပေပါတွေ အပြည့်တင်ထားသော ကားကြီးတစ်စီး တိုးဝင်လာသလို တဝုန်းဝုန်း တဒိုင်းဒိုင်းနှင့် ဆူညံပွက်လောရိုက်၍နေသည်။

အကြောင်းမှာ ဒေါ်လှိုင်လှိုင်သည် ကျန်းမာရေး သိပ်မကောင်း၍ အိမ်မှာ ကူဖော်လောင်ဖက်လည်းမရှိသဖြင့် ခြံနှင့် အိမ်သန့်ရှင်းရေးကို မကြာခဏ လာကူလုပ်ပေးရန်နှင့် သိမ်မွေ့ခင်မှေးသွားလျှင် ဆွဲခြင်းလိုက်ဆွဲပေးပါဟူသော တောင်းဆိုချက်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုတောင်းဆိုချက်သည် ဒေါ်လှိုင်လှိုင်အတွက် လိုအပ်ချက် သေးသေးမွှန်မွှန်လေး တစ်ခုမျှသာဖြစ်ပြီး ထူးခြားအတွက်ကတော့ ဘဝမှာ အမြှော်လင့်ဆုံး အတောင့်တဆုံး ဆန္ဒတစ်စုံကို အားအင်ဖြည့်တင်းပေးမည့် အခွင့်အရေးတစ်ခုဖြစ်ခဲ့၏။ စစ်ကုတပ်တစ်တပ်မျှလောက် အင်အားကြီးမားခဲ့၏။

''စိတ်ချပါ အန်တီလှိုင်၊ ကျွန်တော် အန်တီလှိုင့် စိတ်တိုင်းကျ ဆောင်ရွက်ပေးပါ့မယ်''

''အေးကွယ်…မင်းကို ကျေးဇူးတင်ပါတယ်၊ သမီးကိုလည်း မင်းညီမလေးတစ်ယောက်လို စောင့်ရှောက်ပေးပါလို့ မှာချင်တယ်ကွယ်''

ဒေါ်လှိုင်လှိုင် သူ့သမီးလုံခြုံဖို့အတွက် ထူးခြားဆီမှာ အပ်နေသည်။ ဒီအချိန်မှာ ဘယ်လိုတောင်းဆိုမှုမျိုးကိုမဆို ထူးခြားအသက်ပေးပြီး ထမ်းဆောင်မှာမလွဲ။

ထို့နောက် ထိုနေ့မှာပင် ဆေးမသုတ်ထားတာ ကြာပြီဖြစ်သော သိမ်မွေ့တို့နှစ်ထပ်အိမ်ကြီးကို သစ်လွင်တောက်ပသွားအောင် ဆေးတွေသုတ်ပေးလိုက်သည်။





အလုပ်တွေ အားကြိုးမာန်တက် ကြိုးစားပြနေသဖြင့် ဒေါ်လှိုင်လှိုင်မှာ ထူးခြားကို အတော်လေးပင် အရေးပေး ဆက်ဆံလာသည်။

''မောင်ထူးခြားရေ…နောက်ဖေးတံခါးဂျက်ကလေး ပျက်နေလို့ ပြင်ပေးစမ်းပါဦး၊ ပြီးရင် အိမ်သာထဲ ရေဖြည့်ပေးဦးနော်''

''ဟုတ်ကဲ့ပါ အန်တီလှိုင်''

ထူးခြား သိမ်မွေ့ ရေချိုးပြီးလျှင် အဆင်သင့်လိမ်းနိုင်အောင် သနပ်ခါးသွေးထားပေးနေရင်းမှ နောက်အလုပ်တစ်ခုခုကို ဝမ်းသာအားရလက်ခံသည်။

''ဒီမှာ ထူးခြား၊ နင် ငါ့အခန်းထဲ သနပ်ခါးတုံးနဲ့ ကျောက်ပျဉ်ယူပြီး ဘာလုပ်နေတာလဲ''

ကျောက်ပျဉ်နှင့် သနပ်ခါးတုံးယူပြီး သွေးမှတော့ သနပ်ခါး သွေးတာပေါ့။ ဒါကိုသိသိကြီးနှင့်မေးနေသော သိမ်မွေ့ကို ရှိကျိုးသောအကြည့်ဖြင့် မော့ကြည့်လိုက်သည်။

''သိမ်မွေ့ ရေချိုးပြီးရင် အဆင်သင့်လိမ်းရအောင်



www.burmeseclassic.com

www.burmeseclassic.com



သနပ်ခါးသွေးပေးထားတာပါ''

''မလိုပါဘူး၊ ငါ့မှာ လက်ပါတယ်၊ နင်သွေးပေးတဲ့ သနပ်ခါးကို ငါက ဘာလို့လိမ်းရမှာလဲ၊ လိမ်းစရာ ဘာအကြောင်းမှမရှိဘူး''

ကျေးဇူးမတင်တဲ့အပြင် ကက်ကက်လန်အောင် ရန်တွေ့နေသော သိမ်မွေ့၏ရန်လိုသော အကြည့်အပြောတွေကို ထူးခြားရင်ထဲမှာ မကောင်းပေမယ့် မျက်နှာတစ်ချက်မပျက်ဘဲ ငြိမ်၍နားထောင်သည်။ ထူးခြားအတွက်တော့ သိမ်မွေ့၏ ဒူးရှစိမ်းတောက်သော စကားသံတွေသည် သီချင်းသံထက်ပင် သာယာနေသေး၏။

''ဟဲ့…သမီး ဘာဖြစ်လို့ မောင်ထူးခြားကို ရန်တွေ့နေရတာလဲ၊ ခမျာမှာ ညည်းရေချိုးပြီး အဆင်သင့်လိမ်းရအောင် သနပ်ခါးလည်း သွေးပေးရသေးတယ်''

''အို…မလိုပါဘူး မေမေရယ်၊ သိမ်မွေ့ပါးပေါ်တင်မယ့် သနပ်ခါးကို သူ သွေးပေးရအောင် သူကဘာမို့လဲ၊ ချစ်သူလည်း မဟုတ်ဘူး၊ ယောက်ျားလည်း မဟုတ်ဘူး၊ အလကား အဲ့သားလာ





ယူနေတယ်''

သိမ်မွေ့ သူ့အခန်းထဲသို့ မကျေမနပ်ဖြစ်ကာ ခြေဆောင့်ပြီး ဝင်သွား၏။ ဒေါ်လှိုင်လှိုင် သမီး၏ရင့်သီးရိုင်းပြခြင်းတွေကို ကြည့်ပြီး ထူးခြားအပေါ်တွင် အတော်လေး အားတုံ့အားနာ ဖြစ်နေရသည်။

''မင်းကို အားနာလိုက်တာ မောင်ထူးခြားရယ်၊ သမီးက အဲဒီလိုပဲ၊ လူတစ်ဖက်သား နားဝင်မချိုစေတဲ့ စကားတွေလည်း သူ မထင်ရင်မထင်သလို ပြောတတ်သေးတယ်''

''ရပါတယ် အန်တီလှိုင်၊ သူ့စိတ်ထဲရှိတဲ့အတိုင်းပြောတာ ပြောပါစေ၊ ကျွန်တော် ဘယ်လိုမှသဘောမထားပါဘူး''

ထို့နောက် သနပ်ခါးသွေးခြင်းကိုရပ်ကာ ဒေါ်လှိုင်လှိုင်ခိုင်းသော နောက်ဆက်တွဲအလုပ်တွေကို လုပ်ပေးလိုက်သည်။

အနစ်နာခံလျှင် အနစ်နာခံသည့်အကျိုးကို ရရှိစေတတ်သည်ဆိုတာကို ကောင်းကောင်းနားလည်သဘောပေါက်ထားသော ထူးခြားသည် သိမ်မွေ့အချစ်ကိုရမည်ဆိုလျှင် ဘာပဲလုပ်ပေးရ လုပ်ပေးရ၏။



www.burmeseclassic.com

www.burmeseclassic.com



ရင်ကိုခွဲ အသည်းကို နုတ်ယူမယ်ဆိုလျှင်တောင် ထို အသည်းကို ကြည်ဖြူစွာအပ်နှင်းမည့်လူစားမျိုး။ သိမ်မွေ့ဘက်က ထူးခြားအပေါ် ရင့်သီးမောက်မာလေ ထူးခြားက သိမ်မွေ့ကို ပို၍ချစ်လေလေပါပဲ။

သိမ်မွေ့ အနားမှာနေပြီး သိမ်မွေ့ကို ခိုးကြောင်ခိုးဝှက် လေး ငေးနေရသည့် တဒင်္ဂသည် ထူးခြားဘဝမှာ အတပ်မက် ဆုံးသော အချိန်ဖြစ်သည်ဆိုက လုံးဝမမှားနိုင်။

ထို့ကြောင့် သိမ်မွေ့ဆီမှ မည်သို့သော ရင့်သီးသည့် တုံ့ပြန်မှုမျိုးပဲလာလာ ထူးခြား ကျေကျေနပ်နပ်ကြီး လည်စင်းခံ မည်။ ထူးခြား၏ မျှော်လင့်ချက်ပန်းတိုင်က သိမ်မွေ့၏အချစ်ကို လက်ခံရရှိဖို့ပဲဖြစ်သည်။

အမုန်းသည် အချစ်ဖြစ်လာနိုင်သည်မဟုတ်လား။ ထို အချစ်ဖြစ်လာဖို့အတွက် သိမ်မွေ့ ထူးခြားကို ဘယ်လောက်မုန်း မုန်း ထူးခြားအတွက်ကတော့ ပျားရည်မြစ်ထဲ စုန်ချည်ဆန်ချည် လက်ပစ်ကူးနေရသလို အလိုက်သင့်လေးပဲ၊



## အခန်း (၄)

နံနက်ခင်းနေခြည်သည် ဝင်းဝါတောက်ပကာ ပတ်ဝန်း ကျင်တစ်ခုလုံး၏ သက်ရှိသက်မဲ့အရာမှန်သမျှ လင်းလက်နေကြ ၏။

လက်ဖက်ရည်ဆိုင်ထဲမှ အရပ်ဆယ်မျက်နှာမွှေးပျံ့ အမျှဝေနေသော ဆရာတော်ကြီး၏အသံသည် ပတ်ဝန်းကျင် တစ်ခွင်လုံးကို ငြိမ်းချမ်း အေးချမ်းစေ၏။

"ဘယ်လိုလဲ ထူးခြား၊ မင်းနဲ့ သိမ်မွေ့ခင် အခြေအနေက အိုကေမှာ စိုပြည်နေတယ်မဟုတ်လား၊ ရပ်ကွက်ထဲမှာတော့ မင်းတို့နှစ်ယောက် အိုကေနေပြီဆိုတဲ့အကြောင်းကို ဟိုးလေး



www.burmeseclassic.com

www.burmeseclassic.com



တကြော်ကြော် ပြောဆိုနေကြပြီ၊ ဈေးတွေ ဘာတွေ အတူသွား နေတဲ့အဆင့် ရောက်ပြီဆိုမှတော့ အဟဲ···မင်္ဂလာဆောင်ရုံပဲ ရှိတော့တယ်နော်''

ကိုဝင်းတင့်၏ စကားသံကို ကြားလိုက်တိုင်း စိတ်လှုပ်ရှားမှုသည် သူ့နှလုံးသားထဲရှိ သွေးကြော မျှင်တွေထဲထိပါ တိုးဝင်တုန်ခါစေပြီး နှလုံးသားတစ်ခုလုံး အပြင်းစားငလျင် လှုပ်သလို တဝုန်းဝုန်းလှုပ်ခါ၍နေသည်။

ထိုလှုပ်ခါမှုကြောင့် ခန္ဓာကိုယ်တစ်ခုလုံး အစာရေစာ မစားရသေးသူလို ကတုန်ကယင်ဖြစ်လာကာ မျက်လုံးအစုံက ပတ်ဝန်းကျင်ကို ကြိုးစားနှင်းတောင်းမှောက်ဖြင့် မလုံမလဲ ဝေ့ကြည့်လိုက်သည်။

''ခင်ဗျားပြောသလို ဖြစ်လာရင်တော့ ကျွန်တော့်ဘဝမှာ ဆယ်ခါပြန်သေဆိုရင်တောင် သိမ်မွေ့ စိတ်ကြိုက် သေပေးပါတယ်ဗျာ၊ ခုဟာက ခင်ဗျားတို့ထင်သလိုအဆင့်ကို မရောက်သေးပါဘူးဗျ၊ ရိုးရိုးအဆင့်ပဲ ရှိပါသေးတယ်''

''ဟ···ဒါက ချစ်ခြင်းရဲ့ အခြေခံအုတ်မြစ်ပဲ၊ ချစ်သူ





ဘဝဆိုတာ ရိုးရိုးကနေ ဆန်းသွားကြတာပဲမဟုတ်လား၊ ဒီလောက် အခြေအနေတွေ ကောင်းနေမှတော့ မင်းရဲ့ခြေလှမ်းတွေ ရှေ့ကို ရဲရဲတိုးဖို့ပဲ ရှိတော့တာပေါ့ မဟုတ်ဘူးလား''

ကိုဝင်းတင် လက်ဖက်ရည်သောက်ကောင်းအောင် မြှောက်ပင့်နေခြင်းလား၊ အမှန်တကယ်ပင် အမြင်အတိုင်းပြောနေခြင်းလားဆိုတာ ဝေခွဲမရရှာဖြင့် အေးစက်စပြုနေသော လက်ဖက်ရည်ခွက်ကို ထူးခြား တစ်ပြိုင်နက်တည်း မော့ချလိုက်ပြီး နှုတ်ခမ်းတွေမှာပေနေသော လက်ဖက်ရည်တွေကို လျှာဖြင့်သိမ်းသပ်လိုက်သည်။

''ကျွန်တော့်ခြေလှမ်းတွေက နောက်ကို ဘယ်တော့မှ ဆုတ်မှာမဟုတ်ပါဘူးဗျာ၊ ဒါပေမဲ့ အခြေအနေကတော့ ခင်ဗျားတို့ အမြင်လောက် မကောင်းပါဘူးဗျာ၊ တကယ်တမ်းကျတော့ ကျွန်တော့်လို ရွာဘုံကျွန်လောက်ကို သိမ်မွေ့က စိတ်ဝင်စားမလားဗျာ၊ တကယ့်ကိုမတန်မရာပါ''

''ဟ···အချစ်မှာ မတန်မရာဆိုတဲ့စကား သုံးလို့မရ ဘူး၊ အချစ်ကို လူတိုင်း ယူသုံးခွင့်ရှိအောင် လောကကြီးက ဖန်တီးပေး



www.burmeseclassic.com

www.burmeseclassic.com



ထားတာ၊ ဘာအဆင့်အတန်းမှ မသတ်မှတ်ထားဘူး၊ မတူမတန် ဘူးဆိုတာ လူတွေက သတ်မှတ်တာ၊ အချစ်က သတ်မှတ်တာ မဟုတ်ဘူး၊ နားလည်လား''

ကိုဝင်းတင့် ပြောသလောက် အချစ်ကလွယ်နေရင် သိမ်မွေ့အချစ်ကို သူ ရအောင်ကြိုးစားနိုင်သည်ပေါ့။

''နောက်ပြီး အဘွားကြီးကလည်း မင်းမှမင်း မဟုတ် လား၊ ဒါဟာ မင်းဘက်မှာ အလေးသာနေတဲ့ အချက်တစ်ချက် ပဲ''

''ဒါကတော့ နိုင်းလို့ကောင်းနေတာကိုးဗျ''

''ဟ…နိုင်းဖို့သက်သက်ဆိုမှတော့ ပတ်ဝန်းကျင်က သူ့သမီးနဲ့မင်းကို အထင်လွဲခံပြီး မင်း သူ့အိမ်မှာ အချိန်မရွေး ဝင်ထွက်သွားလာဖို့ ခွင့်ပြုမလား၊ ရပ်ကွက်ထဲမှာ အလုပ်လက်မဲ့ ဖြစ်နေတဲ့ မိန်းမတွေ တစ်ပုံကြီး၊ သူတို့ကိုပဲ ခေါ်နိုင်းမှာပေါ့ကွ၊ ဟုတ်တယ်မဟုတ်လား''

ကိုဝင်းတင့်ပြောတာ သဘာဝတော့ကျသည်။ ထို့ကြောင့် သိမ်မွေ့နှင့်ပတ်သက်ပြီး ချုံးချုံးကျနေသော အားငယ်စိတ်တွေကို





မျှော်လင့်ချက်တွေက ပြန်၍ဆွဲတင်လိုက်ပြီး စိတ်ထဲမှာ ပေါ့ပါး လန်းဆန်းသွားသလိုတောင် ခံစားလိုက်ရသည်။

''အေးဗျာ…အဘွားကြီးကတော့ ကျွန်တော့်ကို တော် တော်လေး အရေးပေးတယ်၊ အားလည်း အားကိုးတယ်၊ သူ့သမီး ကျွန်တော့်အပေါ် ရင့်ရင့်သီးသီးပြောလို့ ကျွန်တော် သည်းခံပြီး ငြိမ်နားထောင်ရင် ခေါင်းတညိတ်ညိတ်နဲ့၊ အဓိပ္ပာယ်ပါတဲ့အကြည့် မျိုးနဲ့ကြည့်ပြီး ကျွန်တော့်ကို တောင်းပန်တာဗျ''

''အေးလေ…ဒါက မင်းအပေါ် ကြည်ဖြူတဲ့သဘော ပေါ့၊ သူ့စိတ်ထဲမှာ မင်းကို သမက်အဖြစ် ရွေးချယ်ထားတယ် မထားဘူးဆိုတာ ဘယ်လိုသိနိုင်မှာလဲ၊ နောက်ပြီး တရားသမား ကြီးဆိုတော့ ဂုဏ်တွေ ငွေတွေ ရာထူးတွေနဲ့ ချမ်းသာတဲ့ သမက် ကို မရွေးဘဲ သူ့သမီးအပေါ် အရမ်းချစ်ပြီး အလိုလိုက် နားလည် ပေးတဲ့ သမက်မျိုးကိုပဲ ရွေးချယ်တာနေမှာပေါ့ကွာ''

''ဒါပေမဲ့ သိမ်မွေ့က မာနကြီးတယ် ကိုဝင်းတင့်ရ''

''ဘယ်လောက်ပဲ မာနကြီးကြီးပါကွာ၊ အနေကြာလာ ရင် မင်းဘက်ကို သူ စိတ်ယိုင်လာလိမ့်မယ်၊ ငါပြောတာမယုံ



www.burmeseclassic.com

www.burmeseclassic.com



ရင် မင်းစောင့်ကြည့်လိုက်၊ သိမ်မွေ့ မင်းအပေါ် ဆက်ဆံရေးတွေ တဖြည်းဖြည်း ပြောင်းလာလိမ့်မယ်"

ကိုဝင်းတင့်၏ အားပေးစကားများသည် ထူးခြားအတွက် မျှော်လင့်ခြင်းတွေ အစုလိုက်အပြုံလိုက် ဖြစ်ထွန်းစေသော တံတိုင်းကြီးတစ်ခု ဖြစ်ခဲ့သည်။

ကိုယ့်ကိုယ်ကိုလည်း ယုံကြည်မှုတွေ ပိုလာခဲ့သည်။ တစ်ချိန်ချိန်မှာ သိမ်မွေ့၏အချစ်ကို ရကိုရရစေမယ်ဟူသော မျှော်လင့်ချက်တွေသည် သိမ်မွေ့တို့အိမ်ကို သွားတိုင်းသွားတိုင်း ကလေးတစ်ယောက် စာအံသလို တတွတ်တွတ်ရွတ်ဆိုသွားတတ်သည်။

မိန်းမဆိုတဲ့အမျိုးက ခန့်မှန်းရခက်သည့် အမျိုးဖြစ်သည်။ ချစ်ပါတယ်လို့ ပြောပေမယ့်လည်း ချစ်ချင်မှချစ်တာ။ မုန်းပါတယ်လို့ပြောပေမယ့်လည်း မုန်းချင်မှမုန်းတာ။

သိမ်မွေ့ဆီမှာ အမုန်းတွေရှိနေပြီဆိုရင် သေချာတယ်၊ သိပ်မကြာတော့မယ့်အချိန်မှာ အဲဒီအမုန်းတွေက အချစ်အဖြစ် အသွင်ပြောင်းလာကြတော့မှာ။

ר ר ר



## အခန်း (၅)

"ထူးခြား…ဒေါ်ငွေခင်တို့အိမ်က ရေမလာလို့ ရေစည်ပိုင်းတွန်းချင်လို့ဆိုပြီး ညနေက အဘွားကိုလာပြောသွားတယ်၊ မနက်ကျရင် သွားပြီး ရေစက်ကနေ တွန်းပေးလိုက်ပါကွယ်"

"မနက်ဖြန် ကျွန်တော် မအားဘူး အဘွား၊ အန်တီလှိုင်တို့အိမ်မှာ ဘုန်းကြီးဆွမ်းကပ်မှာမို့လို့ အန်တီလှိုင်နဲ့ ဈေးလိုက်ဝယ်ရမယ်"

"ဒါဆိုလည်း ဈေးကပြန်လာပြီးရင် သွားတွန်းပေးလိုက်ပေါ့ကွယ်"

"ဈေးကပြန်လာရင်လည်း မအားဘူး၊ အန်းပင်ဒေါ်



www.burmeseclassic.com

www.burmeseclassic.com



တက်ပြီး အုန်းသီးခူးပေးရဦးမယ်"

"မင်းမလဲ တစ်နေ့တစ်နေ့ အဲဒီအိမ်မှာပဲ အချိန်ကုန်နေတော့တာပဲ၊ ဘွားအေကိုလည်း အရင်လို အိမ်စရိတ် သိပ်မပေးနိုင်တော့ဘူး၊ တခြားအိမ်တွေက မင်းကို ခိုင်းရင် ခိုင်းသလောက် တန်ရာတန်ကြေးပေးတယ်ကွ၊ သူတို့အိမ်က တစ်နေကုန်တစ်နေ ခန်းခိုင်းပြီး ဘယ်လောက်ပေးလို့လဲ"

အဘွား…ဒေါ်လှိုင်လှိုင်တို့အိမ်မှာ အလုပ်လုပ်ပေးနေသည်ကို သိပ်ပြီးသဘောမတွေ့ပုံဖြင့် ပြောဏ်။

"ဒါပေမဲ့ သိမ်မွေ့ကိုတော့ နေ့တိုင်းတွေ့နေရတယ်မဟုတ်လား အဘွားရယ်၊ သားက သိမ်မွေ့ကို ချစ်နေတာ"

"အလိုတော်…ကိုယ့်အခြေအနေကိုမှ ကိုယ်နားမလည်၊ ဒီလောက် မာနတွေခေါင်ခိုက်နေတဲ့ သိမ်မွေ့ခင်က မင်းကို ပြန်ချစ်မတဲ့လား၊ စိတ်ကူးမယဉ်ချင်ပါနဲ့ ထူးခြားရယ်၊ မိန်းမတစ်ယောက်ကို ချစ်လို့ အိမ်ထောင်ပြုချင်တယ်ဆိုရင် ကိုယ့်ဘဝကို ကိုယ်သိအောင် အရင်ကြိုးစားပါ မြေးရယ်"

ဒေါ်ခင်ကြည် ထူးခြားကို ကရုဏာသက်စွာဖြင့် တား





မြစ်ဏ်။ မမီတဲ့ပန်းကို တုံးခုလှမ်းလို့ အလှမ်းမတော် ခြေချော်ကျလျှင် ကိုယ်ပဲ အထိနာမည်မဟုတ်လား။

"သိပါတယ် အဘွား၊ ကျွန်တော်ကမှ သိမ်မွေ့ကို မတွေ့ရရင် နေမှမနေနိုင်တာ"

အဘွား ထူးခြား၏ အရူးအမူးဖြစ်နေပုံကိုကြည့်ပြီး အနာဂတ်ကို ကြိုမြင်သူတစ်ယောက်လို ခေါင်းကို ခပ်လေးလေးခါပြီး သက်ပြင်းကို ခပ်လေးလေးချလိုက်ပြီး ဆေးလိပ်ခွက်ထဲမှ သောက်လက်စ ဆေးပေါ့လိပ်တိုကို မီးညှိပြီး တစ်ချက်ဖွာရှိုက်လိုက်သည်။

"ထူးခြားရေ…ထူးခြား"

"ဗျို့…ဘယ်သူလဲ"

"ငါပါ…သော်တာကြီး"

"သြော်…ကိုသော်တာကြီး လာဗျာ"

သော်တာကြီး အိမ်ကလေးပေါ်သို့ ရေးကြီးသုတ်ပျာ ဖြင့်တက်လာသည်။

"ဘာဖြစ်လို့လဲ ကိုသော်တာ၊ ကိစ္စရှိလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"အေး…အဝိုင်းနှစ်ထဲက ဦးစိုးပိုင်ကြီးကို မင်းသိတယ် မဟုတ်လား"

"ဩော်…ဒေါ်ညိုကြီး အရက်ဆိုင်မှာ ညနေတိုင်း အရက်သောက်ပြီး ရစ်တတ်တဲ့လူကြီးမဟုတ်လား၊ သိတယ်လေ၊ အဲဒါ ဘာဖြစ်လို့လဲ"

"အေး…အဲဒီလူ အရက်သောက်ပြီး အိမ်ရောက်တော့ အိပ်မယ်ဆိုပြီး အိပ်ရာထဲ လှဲအိပ်လိုက်တာ အသက်မရှိတော့ဘူး"

"ဟော့တော်…ဘုရားရေ"

အဘွားဒေါ်ခင်ကြည် ဆေးလိပ်တိုကို ပြာခွက်ထဲ ထိုးထည့်ပြီး ဘုရားတ၏။

"အရက်သမားတွေသွားတဲ့လမ်းက ဒါပဲဟာ၊ သွားပါစေ၊ ဂမ္ဘာကြီးမှာ အရက်သမားတစ်ယောက် လျော့တာပေါ့ဗျာ"

"အေး…အဲဒီလိုလျော့တာက နောက်၊ အခုလောလော ဆယ် အဲဒီမသာကြီးကို ညတွင်းချင်း ရေချိုးပေးဖို့ ငါ့ကိုလာ ခေါ်တာ၊ အဲဒါ မင်းပါ ငါနဲ့အဖော်လိုက်ခဲ့စမ်းပါကွာ"

"ဟာ…ကျုပ်တော်မလိုက်ချင်ပါဘူးဗျာ"





"မလုပ်ပါနဲ့၊ လိုက်ခဲ့စမ်းပါကွာ၊ မသာတစ်လောင်း ရေချိုးပေးရင် ငါးထောင်ရတယ်လေကွာ၊ မင်းကို ငါ တစ်ဝက် ခွဲပေးမယ်၊ ဘယ်နှယ့်လဲ"

"ဘာလဲ…ခင်ဗျားကြောက်လို့ ကျုပ်တော့်ကိုခေါ်တာ လား"

"ကြောက်တာမဟုတ်ပါဘူးကွာ၊ ငါတစ်ယောက်တည်း ဒီမသာ တောင့်တောင့်ကြီးကို ရေချိုးဖို့ ငါ ဘယ်နိုင်မလဲကွ၊ သူ့အိမ်က မိသားစုကလည်း နည်းတယ်၊ နောက်ပြီး ဘယ်သူက မှ အနားမကပ်ရဲတော့ ငါတစ်ယောက်တည်း အဆင်မပြေလို့ပါ ကွာ၊ မင်းက အရင်ကလည်း ငါနဲ့အဖော်လိုက်ခဲ့ပေးဖူးလို့ မင်းကို ခေါ်တာပါကွ"

"လိုက်သွားလိုက်ပါ ထူးခြားရယ်၊ မသာကို ရေချိုး ပေးတယ်ဆိုတာ ကုသိုလ်ရတဲ့အလုပ်ပါ"

အင်တင်တင်ဖြစ်နေသော ထူးခြားကိုကြည့်ပြီး အဘွား ဘေးကနေ တိုက်တွန်း၏။ ထူးခြား ဆက်မငြင်းတော့။ ညဘက် ဆိုတော့ သိမ်မွေ့အိမ်ကို သွားရမည့်အချိန်ထဲက ဖွဲပေးရတာမှ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တာ။ ဒီတော့ လိုက်သွားလည်း အိပ်ရေးပျက်ရုံကလွဲပြီး ဘာမှထိခိုက်သွားတာမဟုတ်။

"အင်းလေ…ခင်ဗျား ကတိတည်ပါစေနော်၊ မသာ ရေချိုးပြီးမှ ကျွန်တော့်ကို တစ်ဝက်ခွဲမပေးရင် ခင်ဗျားရဲ့အပုပ် တွေကို ခင်ဗျားလိုက်နေတဲ့ အပျိုကြီးမတုတ်ကို သွားပြောလိုက်မယ်"

"ဟာ…အဲဒါတော့ စိတ်ချစမ်းပါကွာ၊ ငါ ကတိတည် ပါတယ်ကွ…မင်းကလည်း၊ ကဲ…လာ…ထ၊ ငါတို့ ခုပဲသွားရ အောင်"

ကိုသော်တာကြီး အတင်းဆွဲထူသဖြင့် ထူးခြား မလိုက် ချင် လိုက်ချင်နှင့် ထလိုက်ခဲ့ရသည်။

အမှန်ဆို သိမ်မွေ့ရဲ့ချစ်သူလုပ်မယ့် ထူးခြားအနေနဲ့ ခုလိုမျိုး နိမ့်ကျတဲ့အလုပ်မျိုးတွေ လိုက်မလုပ်သင့်တော့ဘူး မဟုတ် လား။ သိမ်မွေ့သိရင် အယူသည်းပြီး အိမ်တောင်အလာခံတော့ မှာမဟုတ်။

သို့သော် အဘွားကိုလည်း ထူးခြား အိမ်စရိတ်လေး ပေးချင်သေးသည်။ အဘွားက ထူးခြား၏ အသက်သခင် ကျေးဇူး





ရှင်ပဲ၊ အဘွားစိတ်ချမ်းသာဖို့ဆိုရင် အရာအားလုံး လုပ်ပေးချင် ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"သိမ်မွေ့…ဒီလက်စွပ်လေးက သိမ်မွေ့လက်စွပ်လေးလား"

"ဟင်…ဒါ‥ဒါကို ဘယ်ကရလာသလဲ၊ ငါ ပျောက်နေတာ ကြာလှပြီ"

သိမ်မွေ့ မျက်နှာလေး အံ့သြခြင်း၊ ပျော်ရွှင်ခြင်းတွေ ဖြင့် လင်းထိန်သွားကာ ထူးခြားလက်ထဲမှ လက်စွပ်ကလေးကို လှမ်းယူလိုက်သည်။

"ကျွန်တော် ရေကန်ဆယ်ရင်းနဲ့ ရေညှိတွေ အမှိုက်တွေကြားထဲက တွေ့တာ"



www.burmeseclassic.com

www.burmeseclassic.com



သိမ်မွေ့ လက်စွပ်ကလေးကို တကြည့်ကြည့်ဖြင့် အတော်လေးကို ပျော်ရွှင်နေပုံရသည်။ သိမ်မွေ့မျက်နှာပေါ်တွင် တစ်ခါမှမမြင်ဖူးသော အပြုံးနုနုလေးတွေကို ဝေဝေဆာဆာ တွေ့ရ၏။

ထိုအပြုံးကို တစိမ့်စိမ့်ထိုင်ကြည့်နေရလျှင် ထူးခြား ထမင်းမစား ရေမသောက်ရလည်း နေနိုင်သည်။ အနီးကပ်ကြည့် လေ ပိုလှလေဆိုသလို နဖူးစပ်မှ မွေးညင်းနုနုစိမ်းစိမ်းလေးတွေ၊ ဖြူမွေးနုစ်နေသော ပါးပြင်မှ သွေးကြောစိမ်းစိမ်းလေးတွေ၊ နှင်းဆီ ပွင့်ဖတ်လေးတွေလို နုအိစိုထွေးကာ ရဲရဲစိုနေသော နှုတ်ခမ်းသား လေးတွေ၊ ပုလဲလုံးလေးတွေစီပြီး ကြိုးနှင့်သီထားသလို ညီညာ နေသော သွားတန်းဖြူဖြူလေးတွေ၊ နှာတံချွန်မြမြနှင့် ကြည့် ကောင်းသည်ထက်ပို၍ သာလွန်ကြည့်ကောင်းသော မျက်နက်ဝန်း တစ်စုံ၊ ဒါတွေအားလုံးကိုသာ နေရာမလပ် အနမ်းတွေခြွေလိုက် ရရင်ဖြင့်ဆိုသော လောဘတွေ ရင်ထဲမှာ တလိမ့်လိမ့်တက်လာ ကာ ရင်တွေ အဆမတန်တုန်ပြီး ရပ်နေသော ခြေအစုံတောင် မယိုင်နဲ့အောင် မနည်းသတိထားနေရသည်။





"ဟော့…လူကိုဘာကြည့်နေတာလဲ"

ဒေါသသံမပါသော ခပ်လွင်လွင်အမေးကြောင့် အကြည့် တွေကို ကပျာကယာရုတ်သိမ်းပြီး အားနာသောအပြုံးဖြင့် ခေါင်း ဆို့ ဖုတ်ခနဲ ငုံ့လိုက်သည်။

"မသိမ်မွေ့အစား ကျွန်တော် ဝမ်းသာနေလို့ပါ"

"ဒီက နင့်ထက်တောင် ပိုပြီးဝမ်းသာသေးတယ်၊ ဒီ လက်စွပ်ကလေးက ငါ့ဘဝမှာ အရမ်းကိုမြတ်နိုးရတဲ့ လက်စွပ် လေးပေါ့၊ နင့်လို ရိုးသားတဲ့လူနဲ့တွေ့လို့ လက်စွပ်ကလေးက ငါ့ဆီပြန်လာတာ၊ တခြားသူသာဆိုရင် ပြန်ရမှာမဟုတ်တော့ဘူး"

သိမ်မွေ့နဲ့ပတ်သက်ရင် ကျွန်တော့်နှလုံးသားတွေ သွေး မိမ်းရှင်ရှင်ထွက်ပါစေ၊ ဘယ်တော့မှ တွန့်တိုခြင်းမရှိဘဲနဲ့ အသွေး အသားတွေကိုတောင် ပေးဆပ်ရဲသူပါ။

ထူးခြား နှုတ်မှဖွင့်မပြောရဲ။ စိတ်ထဲမှာသာ ရဲရဲတင်း တင်း ရင်ဖွင့်ရဲ၏။

"သြော်…ဒီနေ့ ငါအပြင်သွားစရာရှိတယ်၊ ဟိုလေ… ငါ့အပြင်သွားတုန်း ငါ့အခန်းကို ရှင်းပေးထားပါလား၊ နောက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ရေချိုးခန်းမီးခလုတ်လည်း ပျက်နေတယ်၊ တလက်စတည်း ပြင်ပေးသွား''

''ဟုတ်ကဲ့ မသိမ်မွေ့၊ ကျွန်တော် ပြင်ပေးပါ့မယ်''

ယုံကြည်မှုတွေက မေးမှိန်သိမ်ငယ်နေသော ကိုယ့်စိတ် တွေကို အလင်းတန်းတစ်ခုသဖွယ် လာရောက်ထိုးကျ၏။ ရင့်သ မောက်မာခြင်းတွေကို ခေါင်းငုံ့ခါးကိုင်းပြီး သည်းခံကျိုးဝပ်ခဲ့၍ ထိုအကျိုးရလဒ်ကို ယနေ့ အပြည့်အဝခံစားရသည်။

ထိုနေ့သည် ထူးခြားရင်ထဲကဆန္ဒနှင့် မျှော်လင့်ချက် တွေ ရှင်သန်ဖို့ စတင်နိုးကြားခြင်းဟု အတိအလင်းမှတ်ယူလိုက် ပါသည်။

ရင်ထဲမှာ အသက်ရှူတိုင်း အသက်ရှူတိုင်း ချစ်သထက် ချစ်နေသော ချစ်သူလေး၏အခန်းတွင်းကို စတင်ခြေလှမ်းစသော နေ့အဖြစ် အရေးတယူ မှတ်ယူချင်ပါသည်။

အခန်းထဲဝင်ဝင်ချင်း သူနေရာနှင့်သူ စနစ်တကျမရှိသော ပစ္စည်းပစ္စယတွေကို တစ်ခုချင်း အရင်ဆုံးလိုက်ကောက်သိမ်းဆေး လိုက်သည်။





မိန်းမ မပီသသော ချစ်သူလေးပါလားဟု ချစ်စနိုးလေး အပြစ်ဖို့ချင်ပေမယ့် အပြစ်မဖို့ရက်။ ခုတင်ပေါ်မှာ ပြန့်ကျဲနေသော စောင်တွေ ခေါင်းအုံးတွေကို အရင်ဆုံး အစီအရီထပ်လိုက်ပြီး သူမကိုယ်ငွေ့တွေနှင့် နွေးနေဆဲဖြစ်သော ဂွမ်းစောင်ကို ရင်မှာ ပိုက်ပြီး တရှိုက်မက်မက်နမ်းလိုက်သည်။ ခိုးကြောင်ခိုးဝှက် နမ်း လိုက်ရ၍လားမသိ၊ ချစ်သူလေးကို နမ်းလိုက်ရသလို ရင်ထဲမှာ တငြိမ့်ငြိမ့်နဲ့…ပြောမပြတတ်သော ရင်ခုန်လှိုက်မောမှုတွေက သွေးကြောတွေထဲသို့ပါ အဆက်မပြတ်တိုးဝင်နေသည်။

မအောင့်အည်းနိုင်လွန်းစွာဖြင့်၊ သူမအုံးထားသော ခေါင်း အုံးပေါ် မျက်နှာအပ်ပြီး သူမဖက်တွယ်ပြီး အိပ်တတ်သော အရုပ် ဖက်လုံးလေးကိုဖက်ကာ သူမအေးမှာ အိပ်စက်ရသလိုခံစားမှု မျိုးနဲ့ ခုတင်ထက်မှာ လှဲအိပ်လိုက်သည်။

ခန္ဓာကိုယ်တစ်ခုလုံး ပီတိတွေဖြင့် စိမ့်ဝင်ကာ ကမ္ဘာ သစ်တစ်ခုထဲ ရောက်ရှိသွားသလို လူတစ်ကိုယ်လုံး လေဟာနယ် ထဲမှာ လွင့်မျောနေသလို ခံစားရ၏။

ဒီခုတင်ထက်မှာ သူမလေးရဲ့ အိပ်ထွေးသောကိုယ်လုံး



www.burmeseclassic.com

www.burmeseclassic.com



လေးကို တင်းကျပ်စွာပွေ့ဖက် နွေးထွေးနူးညံ့သော ပါးပြင်လေးကို အနမ်းတွေ မနားတမ်းခြွေ၊ နှစ်ကိုယ်တူ ကြည်ဖြူစွာ ချစ်ရည်လူးလိုက်ရလျှင်ဖြင့်…။

တားမရ ဆီးမရသော ဆန္ဒတွေက နှလုံးသားနံရံကို တဒုန်းဒုန်း တဒိုင်းဒိုင်းဖြင့် ရိုက်နှက်ထုပုတ်ကုန်ကြ၏။ စိတ်မှန်းဖြင့်ပင် ချစ်ရည်လူးပြီး အနမ်းကြမ်းကြမ်းတွေ တရစပ်ခြွေပစ်လိုက်သည်။

လှိုက်မောခြင်းတွေက ပင်လယ်ထဲက လှိုင်းလုံးတွေလို တလိမ့်လိမ့်တက်လာပြီး နှလုံးသားနံရံကို မညှာမတာ တွန်းတိုက်ကြပြန်သည်။ ထူးခြား မျက်လုံးအစုံကို တင်းတင်းမှိတ်ပြီး ထိုခံစားချက်တွေထဲကို စိတ်အာရုံကို နှစ်ထားလိုက်၏။ ငါးမိနစ်။ ဆယ်မိနစ်။ ဆယ့်ငါးမိနစ်။ ရပြီ…ဒီထက်ပို၍မဖြစ်။ အချိန်ကြာသွားလျှင် ခံစားမှုတွေက မသမာခြင်းဘက်သို့ ကူးပြောင်းသွားနိုင်သည်။

ထူးခြား ခုတင်ထက်မှ ဝုန်းခနဲ ထလိုက်ပြီး အမောက်ထောင် ထိုးတက်နေသော ဆန္ဒတွေကို အသိတရားဖြင့် ဖိနှိပ်





လိုက်သည်။

ထို့နောက် လုပ်စရာရှိတာ ရှင်းစရာရှိတာတွေကို ခပ်မြန်မြန်ရှင်းလင်းပေးလိုက်ပြီး ရေချိုးခန်းမီးခလုတ်ပြင်ရန် ရေချိုးခန်းထဲသို့ ဝင်လာလိုက်သည်။

ရေချိုးခန်းထဲရှိ အဝတ်စင်တွင် အတွင်းခံ ဘရာစီယာနှင့် အကျႌအချို့ တိုးလို့တွဲလောင်း။ အမြင်မတော်၍ အဆင်သင့်ရှိနေသော ဆပ်ပြာကိုယူကာ ခပ်မြန်မြန်လျှော်ပေးလိုက်သည်။

ပြီးနောက် အဝတ်စင်မှာ ချိတ်နှင့် အသေအချာလှန်းထားလိုက်သည်။ သူမ ကြိုက်သည် မကြိုက်သည် မစဉ်းစားမိတော့။ ရင်ထဲမှာ ဖိတ်လျှံနေသောစေတနာတွေ ဗရပွနှင့် စိတ်ထင်တိုင်းကို ကြဲနေမိတော့၏။

အားလုံးပြီးစီးသွားပြီဆိုတော့မှ မီးခလုတ်ပြင်ခြင်းအလုပ်ကို လုပ်လိုက်သည်။

"ထူးခြားရေ…ထူးခြား"

"ဗျာ…အန်တီလှိုင်"

"မီးခလုတ် ပြင်ပြီးသွားပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့...ပြီးတော့မယ်၊ ဘာနိုင်းစရာရှိလို့လဲ အန်တီလှိုင်"

"သြော်...ဒီမှာ မင်းအဘွားအတွက် ဟင်းထည့်ပေး မလို့ပါ၊ ပြန်ရင် ယူသွားဖို့မမေ့နဲ့"

"ဟုတ်ကဲ့ပါ...အန်တီလှိုင်"

အန်တီလှိုင်သည်လည်း ထူးခြားအပေါ်တင် မဟုတ်၊ အဘွားအပေါ်မှာလည်း အစားအသောက် ဆေးဝါးကအစ အလိုက်သိသည်။

ထိုသိတတ်မှု လိုက်လျောမှုတွေသည် ထူးခြား၏ ရည်မှန်းချက်ပန်းတိုင်ကို အရောက်ပို့နေသော လိုက်လျောမှုတွေပင် ဖြစ်မည်ထင်သည်။



## အခန်း (၇)

"အဘွား...ကျွန်တော့်ကို မိန်းမလိုက်တောင်းပေးပါလား"

ကိုယ့်ကိုယ်ကို ယုံကြည်မှုအပြည့်ဖြင့် ပြောချလိုက်သော တောင်းဆိုချက်ကြောင့် အဘွား ဟောခနဲဖြစ်ကာ ထူးခြားကို ထူးဆန်းသော သတ္တဝါတစ်ကောင်ကိုကြည့်သလို ပြူးကြည့်သည်။

ထူးခြား ခပ်ကျဲကျဲရယ်ကာ ခေါင်းကိုကုတ်လိုက်သည်။

"အဘွားကလည်း ဘာကြောင့်ကြည့်နေတာလဲ၊ ကျွန်တော် တကယ်ပြောတာ၊ ကျွန်တော့်ကို မိန်းမလိုက်တောင်း



www.burmeseclassic.com

www.burmeseclassic.com



ပေးပါ''

''ထူးခြား…မင်း စိတ်ရောမှန်ရဲ့လား‥ဟင်''

''ဟာ…မှန်ပါတယ် ဘွားရ၊ စိတ်မှန်လို့ မိန်းမလိုက်တောင်းနိုင်းတာပေါ့''

အဘွား ကွမ်းအစ်ထဲမှ ကွမ်းတစ်ရွက်ကိုယူကာ ထုံးသုတ်၊ ဗမာဆေးဖွဲ့ထည့်ပြီး ကွမ်းသီးသုံးစိပ်ထည့်ကာ ကွမ်းရွက်ကို ခေါက်ခြေကာ ပါးစောင်ထဲထည့်လိုက်ပြီး ကြနေသော သွားထဲမှ လေထွက်မတတ် တဟင်းဟင်းနှင့်ရယ်လိုက်သည်။

''ဟာ…အဘွားကလည်း တကယ်ပြောနေတာပါဆိုမှ ရယ်ပြန်ပြီ''

''မင်းက ဘယ်သူ့ကိုယူမှာလဲ''

''သိမ်မွေ့ခင်ကိုပေါ့''

''ဘယ်ကပိုက်ဆံနဲ့ ဘယ်လောက်တင်တောင်းမှာလဲ''

''အယ်…မိန်းမတောင်းတယ်ဆိုတာ အဲဒီလို ပိုက်ဆံနဲ့ ဈေးဝယ်သလို ဝယ်ရတာလား''

''ဟုတ်တယ်''





''ကိုယ့်ဘက်က သူတို့ကျေနပ်သလို မင်္ဂလာပွဲ၊ အိပ်ရာအခမ်းအနား၊ နေစရာအိမ်၊ အားလုံးအစစအရာရာ လိုလေသေးမရှိအောင် ပြင်ဆင်ပေးနိုင်မှ မိန်းမဆိုတာ တောင်းလို့ကောင်း တာ''

ထူးခြား ကိုယ့်ကိုယ်ကိုအထင်ကြီးမှု ယုံကြည်မှုတွေနှင့် ဟည်ဆောက်ထားသော မျှော်လင့်ချက်တွေ အရည်ပျော်ကျသလို ပျော်ဆင်းကုန်ပြီ။

''ကျွန်တော့်မှာ အဲဒါတွေ ဘာမှမရှိတာ အဘွားအသိပဲလေ၊ ကျွန်တော့်မှာပိုင်တာဆိုလို့ ရိုးသားမှုရယ်၊ ပြီးတော့ သိမ်မွေ့ကို အရမ်းချစ်တဲ့ အချစ်တွေရယ်၊ ဒါပဲ ပိုင်တယ်၊ အဲဒါတွေနဲ့ မိန်းမတစ်ယောက်တောင်းဖို့ မလုံလောက်ဘူးလား''

ထူးခြား ဉာဏ်မမီတာလား၊ ရိုးစင်းလွန်းတာလား၊ ဘာဆိုဘာမှမသိတာလား။ ဘဝနှစ်ခုပေါင်းစပ်ဖို့ ဘာတစ်ခုမှ မလိုအပ်တော့ဘူးတဲ့လား။

အဘွား အမိပ္ပာယ်ဖော်ရခက်သော အကြည့်ဖြင့် ထူးခြားကို ကရုဏာသက်စွာဖြင့်ကြည့်လိုက်ပြီး

''မင်းကို သိမ်မွေ့က လက်ခံလိုက်ပြီလား''

အဘွားမေးခွန်းကိုဖြေရန် ထူးခြားမှာ အဖြေအဆင်သင့်



www.burmeseclassic.com

www.burmeseclassic.com

မရှိသေး။

"သူ ကျွန်တော့်ကို အရောတဝင်ရှိလာပြီ၊ စကား ကောင်းကောင်းပြောလာပြီ၊ နောက်ပြီး သူ ကျွန်တော့်ရှေ့မှာ ကျွန်တော်အရမ်းနှစ်သက်တဲ့ အပြုံးတွေကို ပြုံးပြတာ ခဏခဏ ပဲ၊ ဒါဟာ ကျွန်တော့်ကို ကြည်ကြည်ဖြူဖြူ လက်ခံမယ့် အခြေ အနေတွေပဲ မဟုတ်လား အဘွားရယ်"

"မင်း ဒါဆိုရင် ငွေရှာရမယ်၊ သူ့လို သူဌေးသမီး တစ်ယောက်ကို တောင်းရမ်းဖို့အတွက် ထိုက်သင့်တဲ့ငွေပမာဏ တော့ မင်းမှာရှိရမယ် ထူးခြား၊ အဲဒီအတွက် မင်းဟာ သူ ယုံကြည် အားကိုးလောက်တဲ့ ယောကျ်ားတစ်ယောက်အဖြစ် သူ့ရှေ့မှာ အစွမ်းကုန်ကြိုးစားပြရမယ်၊ မိန်းမတစ်ယောက် ဘဝတစ်ခုကို ရွေးချယ်ဖို့ စည်းမျဉ်းဆွဲတဲ့ဇယားထဲမှာ ယောကျ်ားတစ်ယောက် ဆီကရတဲ့ အချစ်လောက်နဲ့ အဲဒီယောကျ်ားကို သူတို့ရဲ့ အိမ်ထောင် ဖက်အဖြစ် မရွေးချယ်ကြဘူး၊ သူတို့အားကိုးလောက်တဲ့ အရည် အချင်းတွေပါ အတက်ဘက်ပြည့်စုံပါမှ သူတို့ရဲ့ အိမ်ဦးနတ်အဖြစ် ရွေးချယ်ကြတာ၊ အဘွားပြောတာကို မင်း ယုံလိုက်ပါ ထူးခြား



ဒါကြောင့် သိမ်မွေ့ မင်းလက်ထပ်ချင် တယ်ဆိုရင် မင်းဘက်က ထိုက်သင့်တဲ့ အရည်အချင်းတွေရှိရမယ်၊ ငွေပမာဏရှိရမယ်၊ အဲဒီလိုအချိန်မျိုးကျရင် ကန်တော့ပွဲကို ခေါင်းပေါ်ရွက်ပြီး အဘွား ကိုယ်တိုင် မင်းချစ်တဲ့ သိမ်မွေ့ကို လိုက်တောင်းပေးမယ်"

"ဒါဆို ကျွန်တော်ငွေရှာရမှာပေါ့ ဟုတ်လား အဘွား"

"ဟုတ်တယ်...သိမ်မွေ့ခင်ကို တောင်းရမ်းဖို့အတွက် မင်း ငွေတွေအများကြီးရအောင် ရှာရမယ်"

"ဒါဆို ကျွန်တော် အလုပ်တွေအများကြီး လုပ်မယ် အဘွား၊ သိမ်မွေ့ခင်အနားမှာ ကျွန်တော် တစ်သက်လုံးနေရဖို့ အတွက် အလုပ်တွေအများကြီး ကြိုးစားရမယ်"

အရမ်းကွာဟလွန်းသော ဘဝနှစ်ခုပေါင်းစပ်ဖို့အတွက် နိမ့်ကျလွန်းနေသော ကိုယ့်ဘဝကို မြှင့်တင်ရမယ်။ တစ်ချိန်ချိန် မှာ သိမ်မွေ့ကို အပြီးအပိုင် ပိုင်ဆိုင်ရမယ်။

ထိုဆန္ဒသည် ရိုးသားသော နှလုံးသား၏ တောင့်တ ဘက်မွတ်မှုသက်သက်သာဖြစ်သည်။

စိုးမိုး၈၁၄၅
စိုးမိုး၈၁၄၅
www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"ကိုကြည်စိုး…ညဘက်ကျရင် ခင်ဗျားဆိုက်ကား ရပ်ထားရမယ့်အတူတူ ကျွန်တော့်ကိုပေးနင်းပါလားဗျာ၊ ကျွန်တော် ငွေလိုနေလို့"

"မင်းက ဘာလို့ငွေလိုရတာလဲ၊ ဘာလ…မင်းဦးလေး တိုးအောင် ဖဲဝိုင်းမှာရှုံးလာပြီး မင်းဆီက ပိုက်ဆံလည်ပင်းညှစ် တောင်းနေလို့လား"

"မဟုတ်ပါဘူးဗျာ၊ ကျွန်တော့်ကိုယ်ရေးကိုယ်တာကိစ္စ ငွေလိုတာပါ၊ ကျွန်တော် မိန်းမယူတော့မလို့ဗျ၊ ဒါကြောင့် ငွေစု ဖို့လိုလာပြီလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော…ဟုတ်လား၊ ငါ့ကောင်ကြီး တယ်ဟုတ်ပါ လား မင်းဘဝကို မရေမရာနဲ့ ဇာတ်မျောကြီးအတိုင်း သွားတော့ မယ်လို့ ထင်ထားခဲ့တာ၊ ခုတော့ ဒီလိုမဟုတ်တော့ပါလား၊ ငါ့ကောင်ကြီးက တယ်လက်သွက်ပါလား"

"လက်သွက်တာ မသွက်တာ အသာထားပါဗျာ၊ အ ကျွန်တော်တောင်းတဲ့ အကူအညီကို ခင်ဗျားပေးမှာလား၊ မပေး ဘူးလား၊ ဒါပဲသိချင်တယ်ဗျာ"

"နေပါဦးကွ၊ ဒီဆိုက်ကားက ငါ့ဆိုက်ကားအပိုင် မဟုတ်တာ၊ ငါ့သဘောနဲ့မပြီးဘူး၊ ငါ့အုံနာကို မေးကြည့်လို မယ်၊ အုံနာက နင်းဆိုရင် မင်းယူနင်းပေါ့၊ ညကြေးကတော့ တောင်းတဲ့ဈေးနဲ့ ညှိပြီးပေးပေါ့"

အခြေအနေက ကိုယ့်ဘက်ကို ရာခိုင်နှုန်းပြည့်ပါ ထူးခြား ပျော်သွားသည်။ အလုပ်တွေသာ မနားတမ်းလုပ်ရမ ဆိုရင် ထူးခြား မအိပ်မနေကို မနားတမ်းလုပ်မှာ။

"ထူးခြား"





ကိုကြည်စိုးနှင့်အတူ ဆိုက်ကားဂိတ်မှာထိုင်ပြီး အကူ အညီတောင်းရင်း လေပေးဖြောင့်နေတုန်း ကိုဝင်းတင့်ကြီး ရောက် လာသည်။

"မင်းအိမ်ကို ငါရောက်ခဲ့တယ်၊ မင်းအဘွားက ကိုကြည်စိုးဆိုက်ကားဂိတ်ကို သွားတယ်ဆိုလို့ လိုက်လာတာ"

"ကိစ္စရှိလို့လား ကိုဝင်းတင့်"

"အေး…ဟုတ်တယ်၊ မနက်ဖြန် ဒေါ်သန်းဆင့်ရဲ့ အိမ်ရှေ့ ရေမြောင်းဖော်ချင်လို့တဲ့၊ မင်းလုပ်နိုင်မလား၊ ဘယ်အချိန် ဖြစ်ဖြစ်ပေါ့၊ မင်းအားတဲ့အချိန်…မနက်ဖြစ်ဖြစ် နေ့လယ်ဖြစ်ဖြစ် ပေါ့"

ငွေလိုနေသည့်အချိန်မို့ ခုချိန်မှာ ဘယ်လိုအလုပ်မျိုးပဲ လာလာ ထူးခြားတို့ အိုက်တင်ခံနေ၍မဖြစ်။ လက်ခံရမည်သာ။

"ကျွန်တော် လုပ်မယ် ကိုဝင်းတင့်၊ မနက်ဖြန် နေ့ခင်း ပိုင်းလောက်ဆိုရင် အဆင်ပြေတယ်မဟုတ်လား"

"ရတယ်…မင်းအားတဲ့အချိန် သွားပေါ့၊ ဒါဆို ငါ ဒေါ်သန်းဆင့်ကို အကြောင်းပြန်လိုက်မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ပြန်လိုက်၊ ကျွန်တော် မနက်ဖြန်လာမယ်ဆိုတဲ့ အကြောင်း"

"အေး…မင်းသာ ကျိန်းသေသွားဖို့မမေ့နဲ့"

ကိုဝင်းတင့် ကျိန်းသေစေရန် ထပ်ပြီးသတိပေးသည်။

"မလာမှာမပူနဲ့ ကိုဝင်းတင့်ရေ၊ ဒီကောင်က မိန်းမယူဖို့ ပိုက်ဆံအသည်းအသန်စုနေတဲ့ကောင်ဆိုတော့၊ ခုနေ မှောင်ခိုဂိုဏ်းက ကြေးစားလုပ်ဖို့ လာငှားရင်တောင် ဒီကောင်က လိုက်ပြီးသားပဲ"

"ဟေ…ဟုတ်လား၊ မင်းတို့က ဒီအခြေအနေထိ ရောက်နေကြပြီလား"

ကိုဝင်းတင့် မျက်လုံးအပြူးသားနှင့် တအံ့တဩဖြင့် မေး၏။ ကိုဝင်းတင့်အမေးကို ပါးစပ် နားရွက်တက်ချိတ်မတတ် တဟဲဟဲဖြင့်ရယ်ရင်း

"ရောက်တော့မှာဗျ၊ အဟဲ…ကျွန်တော့်ဘက်က ပိုင်လား မပိုင်လား သူ့ခုတင်ပေါ်ထိတောင် တက်အိပ်ပြီးသွားပြီ၊ တစ်ခါ





လေ သူ မအားရင် သူ့အတွင်းခံအင်္ကျီကအစ လျှော်ပေးဖြစ်တယ်"

"ဟာ…တယ်ဟုတ်ပါလား၊ ဒါဆို မင်းတို့ လူသိကြား လက်ထပ်ဖို့ပဲ ကျန်တော့တာပေါ့"

"ဟာ…အဲ..အဲဒီလိုလည်း မဟုတ်ဘူးလေ၊ သူ့ခုတင်မှာ တက်အိပ်တယ်ဆိုတာ သူ့အခန်းထဲ ဝင်ရှင်းပေးရင်း သူ့ ကုတင်ကျန်း တက်အိပ်တာကိုပြောတာ၊ အဟဲ…ဟဲ..ဟဲ"

"ဘာပဲဖြစ်ဖြစ် ဒီအဆင့်ရောက်ပြီဆိုကတည်းက အခွင့် အရေးက မင်းဘက်ကို ရာနှုန်းပြည့်ကို သာနေပြီပဲ၊ ဆက်လုပ် ကောင်၊ ငါကတော့ အားပေးတယ်၊ မင်းသာ သိမ်မွေ့နဲ့ယူ နိုင်ရင် နေနဲ့လ ရွှေနဲ့မြပဲကွ၊ တကယ့်ကို လိုက်ဖက်တဲ့စုံတွဲ"

တကယ့်ကိုလိုက်ဖက်တယ်ဆိုသော စကားလုံးကြောင့် ခြား သူ့ကိုယ်သူ ပြန်ငုံ့ကြည့်ရင်း ခပ်ကျဲကျဲရယ်လိုက်ကာ

"ဟုတ်တယ်ဗျ၊ ခုချိန်မှာ ကျွန်တော်သာ အဝတ်အစား ကောင်းကောင်းတွေဝတ်ကြည့်ရင် သိမ်မွေ့နဲ့ တကယ့်ကိုလိုက် ဖက်မှာ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆို သိမ်မွေ့ သဘောကျသွားအောင် မင်းရဲ့ ညစ်စုတ်စုတ်စတိုင်ကို အရင်ပြောင်းရလိမ့်မယ် ဟောကောင်၊ ငါ့ကောင်က ရုပ်ကလေးချောပုံချောရဲ့နဲ့ ပေတီပေစုတ်နေနေလို့ ရုပ်က မထွက်တာ၊ ခုခေတ်ချာတိတ်တွေလို အလန်းစားဝတ် ကြည့်ပါလား၊ ဒီခေတ် အောင်မြင်နေပါတယ်ဆိုတဲ့ မော်ဒယ်လ်တွေ ထိုင်ငိုသွား ရလိမ့်မယ်၊ ငါပြောတာမယုံရင် အပြတ်ရှိုင်းကြည့်"

ကိုကြည်စိုး စကားကြောင့် ထူးခြား ပို၍မြောက်ကြွ မြောက်ကြွဖြစ်သွားကာ ချေးအလိမ်းလိမ်းတက်နေသော အကျႌ ကော်လံစကိုထောင်ကာ မြောက်ကြွမြောက်ကြွလုပ်ပြသည်။

သိမ်မွေ့ကို သူလက်ထပ်မည်ဟု ပြောလိုက်တာနှင့် တစ်ယောက်မှ ကန့်ကွက်ခြင်းမရှိသော ရုပ်ကွက်သားတွေကြောင့် ထူးခြား ကိုယ့်ကိုယ်ကို ယုံကြည်မှုတွေပိုကာ သူတို့အားလုံး ကိုယ့်ကို အပျင်းပြေ စနောက်နေသည်ဟု လုံးဝမထင်ခဲ့။ ကွယ်ရာမှာ ကိုယ့်ရဲ့ ရူးသွပ်မှုကို ဟားတိုက်လှောင်ပြောင် ရယ်မောနေလိမ့်မည်ဟု စိုးစဉ်းမျှမတွေးမိ။

တကယ့်ကို ခိုင်မာစစ်မှန်သော အချက်အလက်များ အဖြ





သူ့ဘက်က ရပ်တည်ထောက်ခံပေးကြသည်ဟုပဲ အရိုးခွဲအောင် တွေးထင်ထားမိ၏။

အားလုံး၏ မြှောက်ပင့်ပြောသော စကားများသည် ထူးခြား၏ အသွေးအသားထဲမှာ ကျောက်စိုင်ကျောက်သားတွေလို ခိုင်ခံ့၍နေသည်။

သူ့စိတ်ကူးယဉ်ကမ္ဘာလေးထဲတွင် သူနှင့်သိမ်မွေ့ နှစ်ယောက်တည်း နေကြပြီး ရင်ခုန်သံချင်း ပြိုင်ကြသည်။ ရင်ဘတ်ချင်း ငြိကြသည်။ အချစ်တွေနှင့် ထုံမွှမ်းထားသော ထိုကမ္ဘာလေးထဲကို မည်သူတစ်ဦးတစ်ယောက်ကိုမျှ ဝင်ခွင့်မပေးနိုင်။ သူတို့နှစ်ယောက်တည်းသာ လွတ်လပ်စွာ နေထိုင်ကြမည်။

ထူးခြား တွေးရင်းဖြင့်ပင် ရင်ထဲမှာ ကလေးတစ်ယောက်လို ထအော်ချင်ရလောက်အောင် ပျော်ရွှင်လာသည်။ ဘဝ၏ အင်အားတွေသည် သိမ်မွေ့၏အပြုံးနှင့် အရေးတယူဆက်ဆံလာမှုတွေသည် ပို၍ပင်အသက်ဝင်လာခဲ့သည်။

အဘွား ပြောခဲ့သလို ယောကျ်ားတစ်ယောက် အရည်အချင်းရှိမှ မိန်းမတစ်ယောက်က အားကိုးယုံကြည်မှုရှိလာမယ်ဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



စကားအတိုင်း သိမ်မွေ့ရှေ့မှာ မားမားရပ်နိုင်တဲ့ ယောကျ်ားကောင်း တစ်ယောက် ဖြစ်ကိုဖြစ်ရမယ်။

ကျေးဇူးပြုပြီး ကျွန်တော့်ရဲ့အချစ်နှင့် ခိုင်မာသော ဆုံးဖြတ်ချက်တွေကို အသိအမှတ်ပြုပေးပါ သိမ်မွေ့ရယ်။

ㄱ ㄱ ㄱ



## အခန်း (၉)

"ထူးခြား"

ချိအိနွဲ့နှောင်းသော ထိုအသံကို ဖိမ်ခံကာနှားထောင် ရင်းခြေလှမ်းတွေက သိမ်မွေ့၏အနားမှာ အဆင်သင့်ရောက်၍ နေပြီ။

"ကျွန်တော့်ကို ဘာခိုင်းမလို့လဲ မသိမ်မွေ့"

"ဟိုနေ့က နင် ငါ့အခန်းကိုရှင်းပေးတဲ့အတွက် ကျေးဇူးပဲ၊ နောက်ပြီးတော့လေ အဟင်း...ဟင်း..နင်ကလေ ကိုယ်နဲ့ မဆိုင်တာလည်း ဝင်ပြီးကူညီတတ်တာပဲလား"

"ဗျာ...ဘာကိုပြောတာလဲ မသိမ်မွေ့"

အူကြောင်ကြောင် ပြန်မေးလိုက်သော ထူးခြား၏ အမေး



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် သိမ်မွေ့ ခပ်သွဲ့သွဲ့လေးရယ်သည်။ သိမ်မွေ့၏ရယ်သံသည် လေပြည်လေညင်းလေးတွေ တိုက်ခတ်၍ တဖျတ်ဖျတ်လှုပ်နေသော ဆည်းလည်းသံလေးလို သာယာငြိမ့်ညောင်း၏။

"ဟိုနေ့က ရေချိုးခန်းထဲက ဟာတွေကို လျှော်သွားတဲ့ကိစ္စကိုပြောနေတာ"

"သြော်…ဒါလား၊ ကျွန်တော့်စိတ်ထဲမှာ မသိမ်မွေ့အတွက်ဆိုရင် ဘယ်လောက်ခက်ခဲတဲ့ အလုပ်တွေ ဖြစ်နေပါစေ၊ လုပ်ပေးဖို့ ဝန်မလေးပါဘူး၊ အဓိကက မသိမ်မွေ့ ကျေနပ်ကြည်ဖြူဖို့က အဓိကပါ"

"တကယ်လား၊ နင်က ငါ့အတွက်ဆိုရင် ဘာမဆိုလုပ်ရဲတယ်ဆိုတော့ ငါဘာခိုင်းခိုင်း နင်လုပ်ပေးမလား ထူးခြား"

"ဟာ…လုပ်ပေးမှာပေါ့၊ မသိမ်မွေ့သာ ဘာလုပ်ရမယ်လို့ တစ်ချက်ကလေးပြောကြည့်‥ကျွန်တော့်အသက်ကိုတောင်စွန့်ပြီး လုပ်ဖို့အသင့်ပဲ"

ရင်ကိုကော့ပြီး ဟီးရိုးဆန်ဆန်ပြောတော့ သိမ်မွေ့ သဘောတကျဖြင့် ခစ်ခနဲ တစ်ချက်ရယ်ကာ မျက်ဝန်းလေး ထောင့်ကပ်ကာ





သူ့ကို မနို့တရိုကြည့်သည်။

"ပြောပါ…ကျွန်တော် ဘာလုပ်ပေးရမလဲ"

"ငါ့ကို လိုက်နှောင့်ယှက်နေတဲ့ လူတစ်ယောက်ရှိတယ်၊ သူ့ကို ငါ အရမ်းမုန်းတယ်၊ သေလောက်အောင်ကို မုန်းတယ်၊ ငါမုန်းသလောက် သူက ငါ့ကိုချစ်တယ်ဆိုပြီး ငါ ဘယ်သွားသွား ငါ့နောက်ကနေ တကောက်ကောက်လိုက်နေတယ်ဟာ"

"ဟင်…ဟုတ်လား၊ ဘယ်သူလဲ၊ ဘယ်ကကောင် လဲ"

"ဆေးကဲ‌ ‌ ‌စ်ကောင်ပါဟာ၊ ပုံစံ‌ ‌ဘာ ဘာမှလက်ကြောမတင်းတဲ့ရုပ်၊ ငွေရှိတယ်ဆိုပြီး လူပေါ်ကြော့လုပ်နေတဲ့ကောင်၊ ငါ သူ့ကိုလုံးဝကြည့်မရဘူး၊ ဒါကြောင့် နင် ငါ့ကိုယ်စား သူ့ကို ပညာနည်းနည်းပြပေးပါလား"

"ဟင်…ပညာပြပေးဆိုတာ ဘာကိုပြောတာလဲ၊ သူ့ကို ပြစရာ ကျွန်တော့်မှာ ဘာပညာမှမရှိဘူးလေ၊ ကျွန်တော့်မှာ ပြစရာဆိုလို့ ရိုးသားမှုလေးတစ်ခုပဲရှိတယ်"

ဉာဏ်မမီ၍ ကိုယ့်စိတ်ထဲရှိသည့်အတိုင်း ပြောလိုက်မိသဖြင့် သိမ်မွေ့ မျက်နှာလေးရှုံ့မဲ့ကာ ခေါင်းတခါခါဖြင့်



www.burmeseclassic.com

www.burmeseclassic.com



"ကျွတ်…နင်ကလည်း ဝေးလိုက်တာ၊ ငါပြနိုင်းတဲ့ ပညာက နင့်မှာရှိတဲ့ ရိုးသားမှုကို ပြနိုင်းတာမဟုတ်ဘူး၊ နင့်ဗလ အားကိုးနဲ့ သူ့ကိုဆော်နိုင်းတာ၊ ရှင်းလား"

"အယ်…ဒါဆို သူ့ကို ချရမှာပေါ့"

"ဟုတ်တယ်"

"ဘယ်…ဘယ်လိုစချရမလဲ"

"ကျွတ်…နင်တော်တော်ပိန်းတာပဲ၊ ရုပ်ရှင်တွေ ဗီဒီယို တွေထဲမှာလို မင်းသမီးအတွက်နဲ့ မင်းသားက လူကြမ်းတွေနဲ့ ချသလို ကောင်မလေးကို နောက်တစ်ခါ လိုက်ပြီးနှောင့်ယှက် ရဲရင် နှောင့်ယှက်ကြည့်ဆိုပြီး လက်သီးနဲ့ တခွပ်ခွပ်ထိုးလိုက်ပေါ့ဟ၊ ဒါဆို ဒင်း နောက်တစ်ခါ ငါ့ကို လိုက်ပြီးနှောင့်ယှက်ရဲမှာ မဟုတ် တော့ဘူး"

သိမ်မွေ့ စကားထဲမှာ သူက မင်းသားနေရာမှနေ၍ မင်းသမီးကို ကာကွယ်တဲ့အနေနှင့် ဖိုက်တင်ချရမှာတဲ့။

ဒါ..ဒါဆို သိမ်မွေ့စိတ်ထဲမှာ သူဟာ အားကိုးစရာ ကောင်းလောက်တဲ့ ယောကျ်ားတစ်ယောက်ပေါ့။ ဟား…မျော် စရာကောင်းလိုက်တာ။ သိမ်မွေ့ သူ့အပေါ်မှာ ထိုမျှလောက်ထိ အားကိုးယုံကြည်နေတယ်ဆိုတာ သူ နည်းနည်းမှမရိပ်မိခဲ့။ ဒါဆို သိမ်မွေ့လည်း သူ့ကို ချစ်နေပြီပေါ့။ ဒါကြောင့် သူ့ကို လိုက် နှောင့်ယှက်တဲ့လူကို ချစ်သူတစ်ယောက်အနေနဲ့ ဝင်ပြီးရှင်းခိုင်း တာ။

ဟုတ်ပြီ…သိမ်မွေ့က သူ့ကို အားကိုးတကြီး တောင်း ဆိုလာမှတော့ သူကရော ဘာဖြစ်လို့ ဟီးရိုးဝင်မလုပ်ရဲရမှာလဲ။

"ကောင်း…ကောင်းပြီ မသိမ်မွေ့၊ ကျွန်တော် သိမ်မွေ့ ကို လိုက်နှောင့်ယှက်နေတဲ့ကောင်ကို အပြတ်ရှင်းမယ်၊ ဒီကောင် မှမဟုတ်ဘူး၊ သိမ်မွေ့ပေါ်မှာ ဘယ်လိုအန္တရာယ်မျိုးပဲ ကျရောက် လာပါစေ၊ ကျွန်တော် သိမ်မွေ့ရှေ့ကနေ အသက်နဲ့လဲပြီး ကာကွယ် သွားမယ်၊ ကျွန်တော် ကတိပေးတယ်"

"တကယ်နော်…ဒါဆို နင့်စကားတွေကို ငါ အပြည့် အဝ ယုံကြည်လိုက်တော့မယ်၊ ညနေကျရင် ငါ သူငယ်ချင်း တစ်ယောက်နဲ့ သွားတွေ့ဖို့ရှိတယ်၊ အဲဒီကျရင် နင်လိုက်ခဲ့၊ အဲဒီကောင် ငါ့နားကပ်လာပြီဆိုတာနဲ့ နင်ရှင်းပြီး ကျန်ခဲ့လိုက်"

"စိတ်ချ…လုံးဝကိုစိတ်ချ၊ မသိမ်မွေ့ ညနေ ဘယ်







www.burmeseclassic.com

www.burmeseclassic.com



အချိန်သွားမလဲဆိုတာသာပြော၊ ကျွန်တော် အနားကနေ တစ်ဖဝါး မှမခွာအောင် လိုက်ခဲ့ပေးမယ်''

''အဲ…အဲဒီလိုတော့ တစ်ဖဝါးမှမခွာအောင် ကပ်လိုက်လို့မရဘူးလေ၊ ငါ့ဘေးမှာ နင်ပါတာမြင်ရင် သူက ဘယ်လိုက်လာတော့မလဲ၊ ငါက သူ့ကို မှတ်လောက်သားလောက်အောင် ဆုံးမစေချင်တာ၊ ဒါမှ သူကြောက်ပြီး ငါ့နောက်ကို နောက်နေ့တွေလည်း မလိုက်ရဲတော့မှာ''

''ဒါဆို ဘယ်လိုလိုက်ပေးရမှာလဲ''

''ခပ်ခွာခွာလေးလိုက်ပေါ့၊ ဒီကောင် ငါ့နားကို ကပ်လာတာနဲ့ နင်က အနောက်ကနေ အုတ်ခဲစာကျွေးလိုက်၊ ဒါဆို ပွဲသိမ်းပြီ''

''စိတ်ချ…မသိမ်မွေ့ စိတ်တိုင်းကျ ဖြစ်စေရမယ်''

''နင့်အရည်အချင်းကို ငါသိပါတယ်၊ နင်က ငါ့ကို အမြဲတမ်း ကာကွယ်စောင့်ရှောက်မယ်ဆိုတာလည်း ယုံတယ်၊ အဲဒီအတွက် ကျေးဇူးလည်းအရမ်းတင်တယ်''

''မလိုပါဘူး မသိမ်မွေ့ရယ်၊ မသိမ်မွေ့နဲ့ ပတ်သက်





ရင် ကျွန်တော်က အသက်ပေးပြီးသားပဲ''

''ယုံပါတယ်၊ ဒါပေမဲ့ ဒီကိစ္စကို နင်နဲ့ငါကလွဲပြီး ဘယ်သူမှမသိစေချင်ဘူးနော်၊ တကယ်လို့ ပြဿနာတစ်စုံတစ်ရာ တက်လာရင်လည်း လွတ်အောင်ရှောင်ရမယ်နော်၊ နင့်ကို ငါ့ဘာတစ်ခုမှ ထိခိုက်နစ်နာတာမျိုး မဖြစ်စေချင်ဘူး''

ယုံကြည်အားကိုးခြင်းတွေနှင့်အတူ စိုးရိမ်ပူပန်ခြင်းတွေကိုပါ အရိပ်အမြွက်ပြနေသော သိမ်မွေ့ကို မြတ်နိုးကြင်နာခြင်း အပြည့်ပါသော အကြည့်ဖြင့် စိုက်ခနဲ ကြည့်လိုက်သည်။

ချစ်ခြင်းတရားတွေကိုဖွင့်ဆိုရန် အချိန်ကောင်းဖြစ်ပေ မယ့် ငါးကြော်ကို ကြောင်လက်ထဲ အပ်မိသလိုအဖြစ်မျိုး ဖြစ်ရ ဘယ်ဟူသော ထင်မြင်ချက်မျိုး အပေးမခံနိုင်သဖြင့် ရင်ထဲက သစ္စာတရားတွေဖြင့် ထုတက်နေသော ချစ်ခြင်းမေတ္တာတွေကို ခဏတော့ ပြန်ပြီးထုပ်သိမ်းရတော့မှာပေါ့။

အခိုကက ခုကိစ္စမှာ သိမ်မွေ့ အထင်ကြီးအားကိုးလာအောင် သိမ်မွေ့ဘေးနားက အန္တရာယ်ကို ရဲရဲကြီး ရင်ဆိုင်ဖြေ ရှင်းပေးနိုင်ဖို့ပဲ မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါမှ ရန်မဖြစ်ဖူးပေမယ့်လည်း ချစ်ရသူအတွက် အရဲစွန့်ရတော့မှာပေါ့။



## အခန်း (၁၀)

သိမ်မွေ့အနောက်မှ မယောင်မလည် လိုက်လာနေရပေမယ့် ခုချိန်ထိတော့ သိမ်မွေ့နားကို ဘယ်ကောင်မှ ကပ်သေးတာ မတွေ့။ သိမ်မွေ့ပြောတာ တကယ်ရောဟုတ်ရဲ့လား။ သူ့ကို တမင်များ စိတ်စမ်းတာလားဟုတွေးပြီး သိမ်မွေ့ကို ကာကွယ်ရညေ်ဟူသောစိတ်ကို အပြည့်အဝမွေးမြူလျက် သိမ်မွေ့ သွားသမျှနောက် တကောက်ကောက်လိုက်ရတော့မည်။

ခုချိန်မှာ သူက သိမ်မွေ့ရဲ့ သူရဲကောင်းလေးပေါ့။ ကိုယ့်ကိုယ်ကို မာန်တက်သော အတွေးဝင်နေတုန်း ဆံပင်ညှပ်ဆိုင်တစ်ဆိုင်ထဲမှ ဗရုတ်သုတ်ခ ကောင်တစ်ကောင် ကားယား



www.burmeseclassic.com

www.burmeseclassic.com



ကားယားနှင့် ထွက်လာပြီး သိမ်မွေ့နားကို ကပ်လိုက်လာသည်။

ခပ်မှန်မှန်လျှောက်နေသော သိမ်မွေ့၏ ခြေလှမ်းတွေ ခနော်ခနဲ့ဖြစ်ကုန်ပြီး ထိုကောင်ကို နှစ်လိုခြင်းမရှိသောအကြည့်ဖြ ပေစောင်းစောင်းကြည့်ကာ ပြေလျှော့နေသော နှုတ်ခမ်းအ စုပွသွားသည်။

"ရှင်…လိုက်မနှောင့်ယှက်နဲ့နော်"

သိမ်မွေ့အသံလေးက ခပ်စီစီလေး ထွက်လာသည်။

"နှောင့်ယှက်တာ မဟုတ်ပါဘူး၊ ချစ်မိလို့ ရင်ဖွင့်တေ လိုက်ဆိုနေတာပါ"

"အဲဒီမှာ လဲသေလိုက်၊ နင့်လို လမ်းသရဲ ဂျလေဗီ ငါက ဖိနပ်တောင်မတိုက်ခိုင်းဘူး၊ နားလည်လား"

သိမ်မွေ့ ပိုးစိုးပက်စက်ပြော၏။

"ဖိနပ်မတိုက်ခိုင်းပေမယ့် အာဘွားတော့ ပေးခိုင်းမ မဟုတ်လား၊ အဟဲ..ဟဲ..ဟဲ"

ထူးခြား ခြေလှမ်းခပ်သုတ်သုတ်လှမ်းကာ ခါးကြား ထိုးထားသော ရာဘာတုတ်နှင့် ထိုလမ်းသရဲကောင်၏ခေါင်း





အားဖြင့်ဆော်လိုက်သည်။

ထိုငနဲကောင် ဆုံးအောင်ပင် မရယ်လိုက်ရ။ ထူးခြား ၏ ရာဘာတုတ်လက်ချက်ကြောင့် ခေါင်းတစ်ခုလုံး ထူပူသွား တာ

"ဟာ…ဟောကောင်…ဟောကောင်…မင်းဘာလုပ် တာလဲ"

ဖရိုဖရဲမေးသံတွေနှင့်အတူ ထူးခြားကို ပြန်ခုခံဖို့ ကြိုး စားသည်။

"ဘာလုပ်ရမှာလဲ၊ ငါ့ကောင်မလေးကို နှောင့်ယှက်တဲ့ မင်းကို ဟောဒီလို..ဟောဒီလို..ဆုံးမတာတွေ"

အသံခပ်အုပ်အုပ်ဖြင့် ဗလုံးဗထွေးပြောကာ လက်ထဲမှ ရာဘာတုတ်နှင့် ထိုကောင်၏ခန္ဓာကိုယ် ထိချင်သည့်နေရာထိ ဆိုကာ အားကုန်ကို တစ်ချက်ပြီးတစ်ချက် မနားတမ်းဆင့်၍ ရိုက်လေ သည်။

ဆံပင်ညှပ်ဆိုင်ထဲမှ လူတွေပြေးထွက်လာကြသည်။

"ဟော…ဟော…ဒါဘာဖြစ်တာလဲ၊ ဘယ်ကကောင်



www.burmeseclassic.com

www.burmeseclassic.com



လဲကွ၊ ဘလိုင်းကြီးဝင်ကျေးတာ''

ထူးခြားနှင့် ထိုလမ်းသရဲကောင်ဆီသို့ လူအုပ်ကြီး ပြုံဆင်းလာသည်။ ထိုအချိန်တွင် သိမ်မွှေ ထိုနေရာတွင် ရှိမနေတော့။

ထူးခြား အများနှင့်တစ်ယောက်မို့ ကြောက်သွေးပါသည့်ပုံ လုပ်ပြမနေဘဲ လက်ထဲမှာကိုင်ထားသော ရာဘာချောင်းကို ဝှေ့ယမ်းပြီး·

''တစ်ယောက်မှ ကပ်မလာကြနဲ့နော်၊ ကျုပ်ချစ်သူကို ထိပါးလို့ ကျုပ်လက်တုံ့ပြန်တာ၊ တစ်ယောက်မှဝင်ပါစရာမလို ဘူး''

''ဒီကောင် ငါတို့ရပ်ကွက်လာပြီး လူတွင်ကျယ်လာလုပ်တဲ့ကောင်··ချကွာ··ချ··အသေသာဆော်ပစ်''

လူအုပ်ကြီးထဲမှ တစ်ယောက်စ နှစ်ယောက်စ ရှေ့ကိုတိုးလာပြီး ထူးခြားကို အတင်းဝင်လုံးရန် ကြိုးစားကြသည်။ ထူးခြားလုံးဝအနားကပ်မခံ။ ကပ်လာသူမှန်သမျှကို ရာဘာတုတ် နှင့်ရမ်းပြီးရိုက်သည်။

ဘေးမှ မနေနိုင်သော လမ်းသွားလမ်းလာ လူကြီးပိုင်း





တွေက ရပ်ကြည့်မနေဘဲ ရန်ရှင်းဆန်ခတ်ဖြစ်နေသော ထူးခြားနှင့် ထိုအုပ်စုနားသို့ ပြေးလာကြပြီး

''ဟေ့···ဟေ့ကောင်တွေ၊ မင်းတို့ ဘာဖြစ်နေကြတာလဲ၊ ရပ်ကြစမ်း''

''ဒီကောင် ကျွန်တော့်သူငယ်ချင်းကို ဘလိုင်းကြီးဝင်ကြိုးသွားတယ်''

''အေး···ကြိုးရင်လည်း စခန်းမှာရှင်းကြ၊ လမ်းလယ်ခေါင်ကြီးမှာ ဟီးရိုးလုပ်မနေကြနဲ့၊ မင်းတို့ကြောင့် လမ်းသွားလမ်းလာတွေ အထိတ်တလန့်ဖြစ်ကုန်ရင် မကောင်းဘူး၊ ဒီတော့ငါ စခန်းကို ဖုန်းဆက်အကြောင်းမကြားခင် မင်းတို့ လူစုခွဲကြတော့''

လူကြီးတစ်ယောက် အသံသြဇာအပြည့်ဖြင့် ဝင်၍ဟောက်ပဟိန်းတော့မှ ထူးခြားကို ဝိုင်းဖွဲ့မည့်လူအုပ်စု ရှဲသွားတော့သည်။

ထူးခြား ထိုလူအုပ်ကြီးထဲမှ သိမ်မွှေ့ကိုရှာသည်။ အရိပ်အယောင်တောင် မတွေ့ရတော့။



www.burmeseclassic.com

www.burmeseclassic.com



တော်သေးသည်၊ ထိုလူကြီးသာ ဝင်မထိန်းရင် ခုလောက်ဆို ထိုအုပ်စုလက်ချက်ဖြင့် ကားလမ်းမပေါ်မှာ ခပ်မျှော့မျှော့ ကျန်ခဲ့လောက်ပြီ။

သိမ်မွေ့အတွက် အနှောင့်အယှက်တစ်ခု ရှင်းသွား၍ ကိုယ့်ကိုယ်ကို တာဝန်ကျေသည်ဟု ယူဆလိုက်သည်။



## အခန်း (၁၁)

"နောက်ကျလိုက်တာ သိမ်မွေ့ရာ၊ ကိုယ်စောင့်နေတာ နာရီဝက်တောင် ကျော်သွားပြီကွ"

နာရီပတ်ထားသောလက်ကို ရှေ့ထိုးပြပြီး မကျေနပ်သော လေသံခပ်ဆတ်ဆတ်ပြောနေသော ချစ်သူအားမှာ သိမ်မွေ့ ခပ်ရွှံ့ရွှံ့ ဝင်ထိုင်လိုက်သည်။

"လမ်းမှာ အနှောင့်အယှက်တွေနဲ့ တွေ့နေလို့ပါ ကိုရယ်၊ ဒါကြောင့် ဇယားတွေ ကြိုရှင်းနေလို့ သိမ်မွေ့ ကြာသွားတာ၊ ဆောရီး...ဆောရီး"

"ဘာဇယားတွေ ကြိုရှင်းနေလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



“သိမ်မွေ့ကို ဂျလေဗီတစ်ကောင် လိုက်ရစ်နေတာလေ၊ ဘယ်သွားသွား အဲဒီအကောင်က နောက်ကနေ သိမ်မွေ့ ဣန္ဒြေ ပျက်အောင် ရည်းစားစကား အသည်းအသန်လိုက်ပြောနေတာ၊ အဲဒါနဲ့ ဒီနေ့တော့ သိမ်မွေ့ရဲ့ ဘော်ဒီဂတ်ကို အနောက်ကနေ မယောင်မလည်နဲ့ လိုက်လာခိုင်းပြီး အဲဒီကောင် သိမ်မွေ့နားကို လည်းကပ်ရော သိမ်မွေ့ခေါ်လာတဲ့ ဘော်ဒီဂတ် ငပေါကောင်က ဝင်ပြီးချလို့ ပြဿနာတွေတက်နေကြပြီလေ၊ သူတို့ ပြဿနာ တွေတက်ပြီး ဖိုက်တင်ပလေးနေကြတုန်း သိမ်မွေ့ ကားငှားပြီး ထွက်လာတာ”

“ကဲ…အခု ကိုယ်တို့ဘယ်ကိုသွားကြမလဲ၊ ရုပ်ရှင်ရုံ ကိုသွားမလား၊ ဒီမှာပဲ အေးအေးဆေးဆေး ရှေ့ရေးအတွက် တိုင်ပင်မလား”

သိမ်မွေ့ လက်မှနာရီကို ငုံ့ကြည့်လိုက်ပြီး

“ရုပ်ရှင်ချိန်က ကျော်နေပြီလေ ကိုရဲ့၊ ဒီမှာပဲ စကား အေးအေးဆေးဆေး ထိုင်ပြောကြမယ်”

“အင်း…ဒါဆိုလည်း ပြီးရော”





သိမ်မွေ့ ချစ်သူ၏ဖက်တွယ်မှုထဲကို အလိုက်သင့်ခိုဝင် ရင်း ရင်ဘတ်ကျယ်ကြီးထဲမှာ မျက်နှာအပ်ထားလိုက်၏။

“ကိုယ်တို့လက်ထပ်ဖို့အတွက် သိမ်မွေ့အမေကို ဖွင့် ပြောပြီးပြီလား”

“အရိပ်အမြွက်တော့ ပြောထားတယ် ကို၊ ဒါပေမဲ့ မေမေ က သိပ်ပြီးသဘောတူချင်ပုံ မပေါ်ဘူး ကိုရယ်”

“အင်းလေ…ကိုယ့်လို ဆေးဖြတ်ထားတဲ့ ဆေးသမား တစ်ယောက်ဘဝထဲကို သူ့သမီးကို ဘယ်ထည့်ပေးရဦးမလဲ၊ သိမ်မွေ့အမေဘက်က ကိုယ်ဝင်ပြီး ခံစားလို့ရပါတယ်၊ ဒါကြောင့် သိမ်မွေ့အမေ ကိုယ့်ကိုလက်ခံလာတဲ့အထိ ကိုယ်စောင့်ပါ့မယ် ကွာ”

“သိပ်တော့မလွယ်ဘူး ကို၊ ခုတောင် ကိုနဲ့သိမ်မွေ့ကို ပြန်ဆက်သွယ်နေတယ်ဆိုပြီး သိမ်မွေ့ကို တစ်ချိန်လုံး သံသယ မျက်လုံးနဲ့ကြည့်နေလို့ မေမေ့သံသယတွေ လွဲသွားအောင် အိမ်မှာ တောက်တိုမယ်ရခိုင်းနေတဲ့ ပေါချာချာကောင်ကို အရောမဝင် ချင်ဘဲနဲ့ အရောဝင်နေရတယ်၊ ခုတော့ မေမေ့သံသယတွေအာ



www.burmeseclassic.com

www.burmeseclassic.com



ကို့ဆီမှာမရှိတော့ဘဲ အဲဒီ ငပေါကောင်ဆီ ရောက်သွားတာပေါ့၊ အယောင်း…ဟင်း..အဲဒီငပေါကောင်ကလေ သိမ်မွေ့ကိုသာ ရမယ်ဆိုရင် ဆယ်ခါပြန်သေနိုင်းရင်လည်း သေမယ့်ကောင်မျိုး''

''ဒါဆို ကြည့်လည်းရောပါ သိမ်မွေ့ရယ်၊ အနေနီးပြီး အိုးချင်းထား အိုးချင်းထိဆိုသလို ဖြစ်သွားရင် ဒီကကောင်မှာ လေဆေးစွဲလို့ လူညှန့်မတုံးဘဲ အသည်းကွဲလို့ လူညှန့်တုံးမယ့် အဖြစ်မျိုး ရောက်နေပါ့မယ်၊ ကိုယ့်ဆန္ဒဆိုရင်တော့လေ အဘွား ကြီးသဘောတူတူ မတူတူ သိမ်မွေ့ကို တစ်ခါတည်းပဲ ခိုးပြေးတယ်ကွာ၊ တကယ်ပြောတာ''

''အို…ဒီလိုတော့ အလျင်စလိုမလုပ်ပါနဲ့ ကိုရယ်၊ ကို့ဘက်က စီးပွားရေးလုပ်ငန်းတစ်ခုကို အခြေတကျတည်ထောင်ပြီးမှ လက်ထပ်ဖို့ကိစ္စကို ကြိုးစားတာပေါ့နော်၊ အဲဒီကျရင် မေမေလည်း စိတ်ပြောင်းပြီး လက်ခံလာမှာပါ''

''အင်းလေ…ကိုယ့်ဘက်က အားနည်းချက်တွေရှိနေတော့ စီးပွားရေးဘက်မှာ ယောက္ခမလောင်းကြီး လေးစားရလောက်အောင် ကြိုးစားပြရတော့မှာပေါ့၊ စိတ်ချပါ…လက်ထပ်





ပြီးရင် သိမ်မွေ့ကို ကိုယ့်ကြောင့် စိတ်မဆင်းရဲစေရဘူးလို့ ကတိပေးပါတယ်''

''တကယ်နော်''

''တကယ်ပေါ့၊ ဘာလဲ…မယုံဘူးလား''

''ယုံချင်ပါတယ်၊ ဒါပေမဲ့ ကံကြမ္မာကို မယုံဘူး ကိုရယ်''

''ကံကြမ္မာကိုလည်းယုံ၊ ကိုယ့်ကိုလည်းယုံ၊ ဒီထက်ပိုယုံအောင် သိမ်မွေ့ရဲ့ပါးပေါ်မှာ ဟောဒီလို အနမ်းတံဆိပ်တွေ မှားတမ်းရိုက်လိုက်မယ်''

သိမ်မွေ့ ချစ်သူ၏အနမ်းများကို ရယ်မောပျော်ရွှင်ရင်း ကျေကျေနပ်နပ်ကြီး လက်ခံလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

ဆိုက်ကားဂိတ် တာတ်မီးတိုင်အောက်တွင် ထူးခြား တစ်ယောက်တည်းသာ ဆိုက်ကားတစ်စီးနှင့် ပါစင်ဂျာကို စိတ်မောစွာ စောင့်နေရ၏။

ညကိုးနာရီ ဆယ်နာရီမို့ လမ်းမပေါ်တွေမှာ လူသူရှင်းလင်းနေ၏။ တစ်ညလုံး ကွမ်းယာဆိုင်လေးနှင့် ထမင်းကြော်ဆိုင်လေးမှလွဲ၍ ကျန်သည့်အိမ်တွေ တိတ်ဆိတ်ငြိမ်သက်ကာ အိပ်စက်အနားယူနေကြ၏။

ဒီအတိုင်းထိုင်နေပြီး ပါစင်ဂျာထိုင်စောင့်နေလျှင် ကြာလျှင် ဆိုက်ကားဂိတ်မှာတင် အိပ်မောကျသွားနိုင်သည်။ ထို့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ထူးခြား ထိုင်လျှက်နှင့် ပါစင်ဂျာစောင့်ဖို့ အစီအစဉ်ကို ဖျက်လိုက်ပြီး ဟိုနားဒီနားနင်းပြီး ပါစင်ဂျာရှာရန် ဆိုက်ကားပေါ်မှ ထလိုက်သည်။

ညဏ် အေးချမ်းတိတ်ဆိတ်သော လေပြည်တို့က ထူးခြား၏ အဖော်ဖြစ်သည်။ ညကောင်းကင်မှ မိုတ်တုတ်တုတ် ကြယ်စုတွေက ထူးခြား၏ရည်ရွယ်ချက်ကို အားပေးနှစ်သိမ့် ကြ၏။

ထူးခြား ကိုယ့်ရည်ရွယ်ချက်နှင့်ကိုယ်မို့ ပင်ပန်းရမှန်းမသိ။ ချမ်းရမှန်းမသိ။ အိပ်ရေးပျက်သည်ဟု မမြင်။

ငွေတွေအများကြီးရအောင် ရှာမည်။ ပြီးလျှင် သိမ်မွေ့ကို ထိုငွေတွေဖြင့် တင်တောင်းမည်။ တစ်နေ့တခြား ဆက်ဆံရေးတွေ ပြောင်းလဲတိုးတက်လာသော သိမ်မွေ့ကလည်း သူ့အချစ်ကို ကြည်ကြည်ဖြူဖြူလက်ခံမှာ။ သူဟာ သိမ်မွေ့ရှေ့မှာ မားမား ရပ်ရမည့် သူရဲကောင်းတစ်ယောက်ဖြစ်ရမည်။

ရင်ထဲမှာ မျှော်လင့်ချက်အတွေးတွေ ပလုံစီကာ ည၏ ရနံ့တို့နှင့်အတူ အတွေးတွေကလည်း လတ်ဆတ်၍နေသည်။ ထူးခြား ဆိုက်ကားကို ခပ်မှန်မှန်နင်းရင်း သီချင်းလေးညည်း ကာ





လေလေးတချွန်ချွန်နှင့် စိတ်တွေက မျှော်လင့်ချက်တွေဖြင့် အနာဂတ်ကို ဦးတည်နေ၏။

"ကျွီ"

ထူးခြား ဆိုက်ကားနင်းနေတုန်း တစ်ဖက်ကားလမ်းဘေးသို့ ကားနက်ကြီးတစ်စီး ထိုးရပ်လိုက်သဖြင့် ထူးခြား ဆိုက်ကားနင်းနေရင်းမှ ဘာရယ်မဟုတ် အကြည့်တွေရောက်သွားသည်။

ကားရှေ့ခန်းတံခါး ပွင့်လာပြီး နတ်မိမယ်လေးတစ်ပါး ဆင်းလာသည်။ လှကုံထံ အသိုင်းအဝိုင်းကမို့ထင်သည်၊ ဝတ်စားဆင်ယဉ်မှုရော ရုပ်ရည်ပြေပြစ်ချောမောတာရော ပြောစရာမရှိအောင်ကို အပြစ်အနာအဆာကင်းလှ၏။ ဒါတောင် ညမီးရောင်အောက်မှာမို့၊ နေ့ခင်းဘက်သာဆိုလျှင် မည်မျှ ထင်လင်းအောင် လှလိုက်မည်လဲ။ ရွှေမှန်စားပြီး ရွှေရှိန်းကိုက်မွေးလာသူတွေမို့လို့ ဘဝပေးကုသိုလ်ကြောင့် နတ်မိမယ်လေးတမျှ လှနေခြင်းဖြစ်မည်ဟု မဆီမဆိုင် ချီးမွမ်းခန်းဖွင့်မိသေး၏။

"ဒီ...ဒီမှာရှင့်...အကူအညီလေး တစ်ခုလောက်



www.burmeseclassic.com

www.burmeseclassic.com



တောင်းလို့ရမလားရှင်''

ချိုသာအေးဆေးသော အသံရှင်လေးကြောင့် ထူးခြား ဆိုက်ကားနင်းနေရင်းမှ အနောက်ကို လှည့်ကြည့်လိုက်သည်။ ကိုယ့်ကိုပြောနေတာ ဟုတ် မဟုတ် မေးဆတ်ပြရင်း

''ကျွန်တော့်ကို ပြောတာလား''

''ဟုတ်ပါတယ်ရှင်''

ထူးခြား ဆိုက်ကားကို ဇွဲဝိုက်ကာ ပြန်ကွေ့လာပြီး သူမအနားသို့ ပြန်နင်းလာလိုက်သည်။ သူမမျက်နှာပေါ်မှာ စိုးရိမ်ပူပန်စိတ်တွေဖြင့် ဖျော့တော့နေသည်။

''ကဲ...ပြော၊ ဘာကူညီပေးရမလဲ''

''ဟိုလေ..ကားမောင်းရင်းနဲ့ ကားဘီးပေါက်လာလို့ အဲဒါ ရှင်များ လဲပေးလို့ရမလားလို့ပါ၊ မိုးကလည်း အရမ်းချုပ်နေတော့ ကားဝပ်ရှော့လည်း ရှာဖို့မလွယ်ဘူးလေ''

''ဒီနားမှာက ကားဝပ်ရှော့မရှိဘူးဗျ၊ ဒါ ကျွန်တော့် ရပ်ကွက်မို့လို့ ကျွန်တော် အတပ်ပြောနိုင်တာ၊ ဟိုးဘက် မြင်သာဘက်မှာတော့ရှိတယ်၊ ဒါပေမဲ့ ဒီအချိန်ဆို အလုပ်သမားတွေလည်း





မရှိတော့ဘူး၊ အလုပ်ရုံလည်း ပိတ်လောက်ပြီ''

''ရှင် လဲပေးလို့ရရင် လဲပေးပါလား''

''စပါယ်ယာဘီး အပိုပါလား''

''ဟုတ်ကဲ့...ပါပါတယ်၊ ကားနောက်ဖုံးထဲမှာပါ''

''ဒါဆို ကျွန်တော်ပဲ လဲပေးပါ့မယ်''

''ဟုတ်ကဲ့...ကျေးဇူးတင်ပါတယ်ရှင်''

သူမ ကားနောက်ဖုံးကိုသွားဖွင့်ပြီး ကားဘီးကို မနိုင်တနိုင် ဆွဲမဖို့ဟန်ပြင်နေတော့ ထူးခြား မနေသာဘဲ

''နေ..နေ..ကျွန်တော် မ ပေးပါ့မယ်''

ထူးခြား ဆိုက်ကားပေါ်မှဆင်းကာ သူမအနားသို့ ခပ်မြန်မြန်လျှောက်သွားပြီး သူမလက်ထဲမှ ကားဘီးကို လှမ်းယူလိုက်သည်။

''တေး...တေး မဟုတ်လားဟင်''

''ဗျာ''

ထူးခြားကို အသေအချာ စေ့စေ့ကြည့်ပြီး တုန်ရီလှိုက်မောစွာ မေးလိုက်သောအသံကြောင့် ကားဘီးမနေရင်းမှ ထူးခြား



www.burmeseclassic.com

www.burmeseclassic.com



ကြောင်အမ်းအမ်းဖြင့် လှည့်ကြည့်လိုက်သည်။

"ကျွန်တော့်ကို ပြောနေတာလား"

"ဟုတ်တယ်လေ၊ တေးပါနော်··တေး···ဟုတ်တယ် မဟုတ်လား"

လက်မောင်းကို တရင်းတနှီး ကိုင်လှုပ်မေးနေသော ကြောင့် ထူးခြား နားမလည်သောအကြည့်ဖြင့် ခေါင်းကို ခပ် ဖြည်းဖြည်းခါကာ

"ကျွန်တော့်နာမည် ထူးခြားပါ၊ ဒီကပြောတဲ့ တေး မဟုတ်ပါဘူး"

"ဒါ···ဒါပေမဲ့ ရှင်က တေးနဲ့ လုံးဝကိုချွတ်စွပ်တူ နေတယ်၊ မာမီတို့သာ ရှင့်ကိုမြင်ရင် ကျွန်မလိုပဲ တေးလို့ ထင်ကြမှာ"

"ကဲ···ကျွန်တော် ကားဘီးလဲလို့ ရပြီလား"

"ရ··ရပါတယ်··လဲပါ"

ထူးခြား လူမှားပြီးပြောတာဟု စိတ်ထဲမှာ ခပ်ပေါ့ပေါ့ တွေးလိုက်ပြီး ကားဘီးကို အပြီးသတ် လဲပေးလိုက်သည်။ ထူးခြား





ကားဘီးလဲနေစဉ်တစ်လျှောက်လုံး သူမ တစ်ချိန်လုံး ထူးခြား၏ လုပ်ပုံကိုင်ပုံကို အသေအချာကို ငေးကြည့်နေ၏။

"ကဲ···ပြီးပြီ"

ထူးခြား ကားဘီးလဲပြီးတာနှင့် လေလျော့နေသော ဘီးအဟောင်းကို ကားနောက်ဖုံးထဲ ပြန်ထည့်ပေးကာ ပေကျံ နေသောလက်ကို ခါးမှာဝတ်ထားသော ဘောင်းဘီဖြင့် သုတ်ခါ လိုက်သည်။

"ကျွန်မနာမည် ရွှေရေးဆက်ပါ၊ ဒါနဲ့ ရှင့်နာမည်ရော ဘယ်လိုခေါ်လဲ"

"ကျွန်တော့်နာမည် ထူးခြားပါ"

"ဟော့ကောင် ထူးခြား···မင်းဘာလုပ်နေတာလဲ"

ကိုယ့်ကိုယ်ကို မိတ်ဆက်နေတုန်း ဦးလေးတိုးအောင် ခဲဝိုင်းမှပြန်လာတာနှင့်ဆုံပြီး ထူးခြားနားသို့ လျှောက်လာသည်။

"ဘာမှမလုပ်ပါဘူး၊ ကားဘီးလဲပေးနေတာ"

"ကဲ···ကျွန်တော့်ကိုခွင့်ပြုဦး"

"ဟ···နေဦးလေ၊ ငါက မင်းဦးလေးပါလို့ မိတ်မဆက်



www.burmeseclassic.com

www.burmeseclassic.com



ပေးတော့ဘူးလား''

''ဟာဗျာ…လိုမှမလိုတာကို၊ ကဲပါ‥လာပါ‥သွားမယ်''

ထူးခြား အရစ်ရှည်နေသော ဦးတိုးအောင်ကိုဆွဲခေါ်ပြီး ဆိုက်ကားရှိရာသို့ လျှောက်သွား၏။

''ဒီ…ဒီမှာ ခဏနေပါဦး''

ရွှေရေးဆက် အနောက်မှ ခြေလှမ်းခပ်သွက်သွက်ဖြင့် လိုက်လာပြီး သူ့လက်ကိုင်အိတ်ထဲမှ တစ်ထောင်တန်တချို့ ထုတ်ယူလိုက်သည်။

''ဒီဟာလေးကို ကျေးဇူးတင်လွန်းလို့ ပေးပါရစေ''

''ဗျာ…ရပါတယ်၊ မယူပါဘူး''

''မငြင်းပါနဲ့ရှင်၊ ရွှေရေး ကျေးဇူးတင်လွန်းလို့ ကျေးဇူးပြုတာပါ''

ရွှေရေးဆက် ထူးခြားလက်တစ်ဖက်ကို အတင်းလှမ်း ဆွဲပြီး လက်ထဲကို အတင်းထည့်ပေး၏။ ထူးခြား ငြင်းရခက်သည့်အနေအထားမို့ ဆက်မငြင်းတော့။ ကိုယ့်အဖို့ကလည်း ငွေလိုနေသောသူမို့





တမင်ပင် ငြိမ်ပြီး ယူထားလိုက်တော့သည်။

ရွှေရေးဆက် ထူးခြားလက်ထဲကို ငွေအချို့ထည့်ပေးပြီးတာနှင့် နှုတ်ဆက်ပြီး ကားဆီသို့ ပြန်လျှောက်သွားသည်။

ထူးခြား လက်ထဲမှပိုက်ဆံကို ခပ်တင်းတင်းဆုပ်ကိုင် ကာ ရွှေရေးဆက်၏ နောက်ကျောပြင်ကို ငေးကြည့်ကျန်ရစ်ခဲ့၏။

ထူးခြားရင်ထဲမှာ အမည်ဖော်၍မရသော ခံစားမှုတစ်ခု တိုးဝင်လာသည်။ ထိုခံစားမှုသည် မည်သို့သော စိတ်အခြေအနေ တနေ ဆင့်ကဲဖြစ်ပေါ်လာသည်ဆိုတာကိုတော့ ရေးရေးလေး တောင် တွေး၍မရ။

''ဟေ့ကောင်…မင်းကို ဘယ်လောက်ပေးသွားလဲ၊ ပြစမ်း''

ဦးတိုးအောင် ထူးခြားလက်ထဲမှ ပိုက်ဆံကို အတင်း ယူကြည့်ဖို့ လက်ကိုဆွဲလိုက်သည်။

''ဟာ…ဦးလေးကလည်း နေပါဦး၊ ဟိုမှာ ကားတောင် ထွက်သေးဘူး''

ထူးခြားပြောတော့ ကားက စက်နှိုးပြီး ထွက်ခါစပဲ



www.burmeseclassic.com

www.burmeseclassic.com



ရှိသေးသည်။

"ဟိုမှာ သွားပါပြီကွာ မင်းကလည်း"

ကား တော်တော်ဝေးဝေးရောက်မှ လက်ထဲမှ ဆုပ်ထားသော တစ်ထောင်တန်တွေကို ဖြန့်ကြည့်လိုက်သည်။

"ဟာ…တစ်သောင်းအုပ် နှစ်အုပ်ပဲကွ၊ အဟဲ…မင်းတော့ မွတာပဲ၊ လာ..လာ..ပြန်ကြရအောင်၊ ဒီညတော့ အိပ်ရေးပျက်ခံပြီး ဆိုက်ကားနင်းမနေနဲ့တော့၊ အိမ်ပြန်ပြီး အိပ်လိုက်တော့"

"မဖြစ်သေးပါဘူး ဦးလေးရာ၊ ကျွန်တော် ဆိုက်ကားအုံနာခကို ဒီအတိုင်း ဗလိုင်းကြီးတော့ မပေးနိုင်ဘူး၊ ဦးလေးပြန်ရင် ပြန်နှင့်လိုက်ပါ၊ ကျွန်တော် တစ်ခေါက်နှစ်ခေါက်ဆွဲပြီးတာနဲ့ ပြန်သိမ်းပါ့မယ်"

ထူးခြား ထိုပိုက်ဆံရရုံဖြင့် အိမ်မှာ ပြန်နပ်နေမည့် အလုပ်ကိုတော့ ဘယ်သောအခါမှမလုပ်။ အနာဂတ်မှာ မျှော်လင့်ချက်ကြီးကြီးထားသူအဖို့တော့ အချိန်တွေကို အလကားမဖြုန်းနိုင်။

သိမ်မွေ့ကို ပိုင်ဆိုင်ရဖို့ပဲ၊ ပျင်းရိနေလို့မှမဖြစ်တာ။

¬ ¬ ¬



အခန်း (၁၃)

"မာမီရယ်…တေးမှ တေးအစစ်ပဲ၊ မာမီသာမြင်ရင် ရွှေရေးလိုပဲ သူ့ကို တေးလို့ပဲထင်မှာ"

"သမီးရယ်…လောကမှာ လူတူမရှား နာမည်တူမရှားပါကွယ်၊ သမီးစိတ်ထဲမှာ တေးကို လုံးဝမေ့ပျောက်လို့မရသေးလို့ တော်ရုံ ရုပ်ချင်းဆင်တာလောက်နဲ့ တေးလို့မှတ်ယူလိုက်မိတာ နေမှာပါကွယ်"

မာမီ ဖြေသိမ့်ခြင်းတွေက တေးမဟုတ်ဘူးဆိုတာကို အတိအလင်းယုံကြည်နေသည့် သဘောမှန်း သိသာ၏။

ရွှေရေးစိတ်ထဲမှာတော့ တေး မသေဘူး၊ တေးဟာ



www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာရာမှာ ရှိနေလိမ့်မယ်လို့ ယုံကြည်နေသည်။ ညက တွေ့ခဲ့သည့် ထူးခြားဆိုသည့် လူ၏ ပြောပုံဆိုပုံ လုပ်ပုံကိုင်ပုံ ဟန်ပန်အမူအရာတွေကအစ တေးမှ တေးအစစ်ဟု ရွှေရေးစိတ်က လုံးဝထင်သည်။

တေးက ရုပ်ရည်သန့်ပြန့်ပြီး အထက်တန်းကျကျဝတ် တတ် နေတတ်သော စတိုင်လ်နှင့် ထူးခြား၏ပုံသဏ္ဍာန်က ဆိုက်ကားသမားပုံစံ ညစ်ထပ်ထပ်နှင့် ဝတ်စားဆင်ယင်ပုံက ဖရိုဖရဲနိုင်လွန်းတာပဲ ကွာသည်။ ထူးခြားကို တေးဝတ်သော ဝတ်စုံတစ်စုံလောက်သာ ပေးဝတ်ကြည့်လိုက်၊ ထူးခြားဆိုသည့် လူဟာ တေးမှ တေးအစစ်ပါလို့ မှတ်ချက်ချကြမှာအမှန်။

တေးနှင့် ရွှေရေးဆက် မင်္ဂလာဆောင်ခါနီး တစ်လခန့် အလိုတွင် ကုမ္ပဏီတွေ့ဆုံပွဲတစ်ခုကြောင့် သူ့ဒယ်ဒီကိုယ်စား တေးက တောင်ကြီးကိုသွားရသည်။ တေးစီးသွားသည့်ကား ဘရိတ်ပေါက် ပြီး ချောက်ထဲကျသွားတော့ တေးပါသွားသည်။ ကားရောလူပါ မီးလောင်သွား၍ တေးဟုထင်ရသောလူကို တောင်ကြီးမှာပဲ သင်္ဂြိုလ်ခဲ့ရသည်။ ထိုအချိန်ကစပြီး ရွှေရေးဆက် ဘဝထဲကနေ





သီဟတေး လုံးဝပျောက်ကွယ်သွားသည်။

ဘယ်လောက်ပဲ တေး ဘဝထဲက ပျောက်ကွယ်သွား ပါစေ၊ ရွှေရေးနှလုံးသားထဲမှာတော့ တေးဟာ အမြဲတမ်းရှင်သန် နေ၏။ တေးဟာ ဘယ်သောအခါမှ ပျောက်ကွယ်မသွား။တစ်နေ့ တေးပြန်လာမည်ဟု ယုံကြည်နေ၏။

တေးအတွက်ထားခဲ့သည့် မျှော်လင့်ချက်တွေသည် ခုတော့ ရွှေရေးဘဝမှာ ပြန်လည်နိုးထလာသည်။ ထိုညက ထူးခြား၏လက်ကိုကိုင်ပြီး ပိုက်ဆံအတင်းပေးခဲ့စဉ်တုန်းက ခံစား မှုသည် တေးနှင့်တုန်းက ခံစားခဲ့ရသည့် ခံစားမှုလိုပင် ရင်ကို နွေးထွေးသိမ်မွေ့စွာဖြင့် လှုပ်ခတ်သွားစေသည်။

နှုတ်ဖျားကသာ ဒီလူဟာ တေးမဟုတ်ဘူးလို့ ညာ၍ ရချင်ရမည်၊ ရင်ထဲက နှလုံးသားကိုတော့ မည်သို့မျှ ညာ၍မရ။

"ရွှေရေး အဲဒီနေရာကိုထပ်သွားပြီး ထူးခြားဟာ တေး ဟုတ် မဟုတ်ကို ရအောင်စုံစမ်းမယ် မာမီ၊ သူ့နောက်ကြောင်း ရာဇဝင်ကိုသိမှ သူဟာ တေး ဟုတ် မဟုတ်ဆိုတာကို ရွှေရေး အတိအလင်းလက်ခံယုံကြည်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"သမီးရယ်...စိတ်ထင်တာတွေ လျှောက်မလုပ်ပါနဲ့ကွယ်၊ အခု တေးလို့ ထင်ထားတဲ့လူက ဆိုက်ကားသမားနော်၊ သမီး သွားပြီးပတ်သက်ရင် သူတို့ရဲ့မရိုးသားမှုတွေက သမီးကို ညာတာထောက်ထားမှာမဟုတ်ဘူး၊ သမီးလည်း ပညာတတ်တစ်ယောက်ပဲ၊ ချင့်ချိန်တတ်ရမှာပေါ့"

"ဟုတ်ကဲ့...ရွှေရေး နားလည်ပါတယ် မာမီ၊ ရွှေရေးကိုယ့်နည်းကိုယ့်ဟန်နဲ့ သူဟာ တေး ဟုတ် မဟုတ်ကို စုံစမ်းမှာပါ"

"အင်းလေ...သမီး ဒီလောက်စိတ်သန်နေမှတော့ မာမီမတားပါဘူး၊ မာမီလည်း သမီးနဲ့အတူ လိုက်ပြီးကြည့်ပါဦးမယ်"

ရွှေရေး ဆုံးဖြတ်ချက်တွေ ခိုင်မာနေမှန်းသိ၍ မာမီအတင်းဖွတ်မတားတော့မှန်း ရွှေရေး သိသည်။

ဖုန်းမြည်လာသဖြင့် ရွှေရေး အနီးတွင်ချထားသော ဖုန်းလေးကို ကောက်ကိုင်လိုက်သည်။

"ဟဲလို...အန်တီမေ"

"ဟုတ်တယ်...ရွှေရေး အန်တီမေ့ကို အရေးကြီးတဲ့





စကား ပြောစရာရှိလို့လာခဲ့တာ၊ အန်တီမေ မရှိတာနဲ့ ရွှေရေးပြန်လာတာ"

"..........."

"ဟုတ်ကဲ့...တွေ့မှပဲ ပြောတော့မယ် အန်တီမေ၊ ရွှေရေး အန်တီမေ့ဆီကို လာခဲ့မယ်၊ ရွှေရေးပြောမယ့် အကြောင်း အရာက အန်တီမေ့ကို အရမ်းအံ့သြသွားစေလိမ့်မယ်လို့ ရွှေရေး ထင်တယ် အန်တီမေ"

"..........."

"ဟုတ...ဟုတ်ကဲ့ပါ၊ ရွှေရေး လာခဲ့ပါမယ်"

ㄱ ㄱ ㄱ



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"အမလေး...ဘုရား..ဘုရား..အသားဖြူတာနဲ့ နည်းနည်းလေးညိုတာပဲ ကွာသွားတယ်၊ သားတေးနဲ့ တကယ့်ကို ချွတ်စွပ်တူတာပါပဲလား၊ ဘုရား...ဘုရား"

ဒေါ်ခင်မေထက် ဆိုက်ကားဂိတ်မှာ ချက်ထိုးနေသော ထူးခြားကိုကြည့်ပြီး ရင်ဘတ်လေးတဖိဖိဖြင့် တအံ့တသြဖြစ်နေရှာသည်။

"ဟုတ်တယ်...ခင်မေ၊ ဆင်းရဲနွမ်းပါးပုံပေါက်တာနဲ့ ချမ်းသာပုံပေါက်တာပဲ ကွာတယ်နော်၊ ခိုင်လေ သမီးပြောတုန်းက တော်ရုံတန်ရုံ တူတာလောက်ကို သမီးက တေးကိုစိတ်စွဲ



www.burmeseclassic.com

www.burmeseclassic.com



နေလို့ တူတယ်လို့ပြောတာဖြစ်မယ်လို့ပဲ ထင်နေတာ''

ဒေါ်ခင်မေထက်နှင့် ဒေါ်ခိုင်သဇင် ကားပေါ်ကကြည့်ရုံလောက်နှင့် တူတယ်ဟု မှတ်ချက်ချနေလျှင် ရွှေရေးလို အနီးကပ်တွေ့ပြီး စကားပြောခဲ့ရလျှင် သူသားပါဆိုပြီး တစ်ခါတည်းပင် ပြေးဖက်မလားတောင် မသိ။

''ဒီသူငယ်လေးက ဘယ်မှာနေတာလဲ သမီးသိလား''

''ဟင့်အင်း...ရွှေရေး မသိဘူး အန်တီမေ၊ ရွှေရေးနဲ့ သူ တစ်ခါပဲဆုံဖူးတာ၊ သူ့နာမည်က ထူးခြားတဲ့၊ ဒါတောင် ရွှေရေးက တေးနဲ့မှားပြီးခေါ်မိလို့ သူ့နာမည်ကို ထုတ်ပြောတာ၊ နောက်ပြီး သူ့မှာ ဦးလေးတစ်ယောက်ရှိတယ်ထင်တယ်၊ အဲဒီညက သူနဲ့ရွှေရေး စကားပြောနေတုန်း ဦးလေးဆိုတဲ့လူ ရောက်လာတယ်''

''ဦးလေးအရင်းလား''

''အဲဒါတော့ ရွှေရေး မသိဘူး အန်တီမေ၊ သူ့ကို ကားဘီးလဲခ အတင်းပေးနေတုန်း ရောက်လာတာ၊ ရွှေရေးတော့လေ သူနဲ့တွေ့တွေ့ချင်း လုံးဝသတိလက်လွတ်ဖြစ်သွားပြီး သူ့ကို





တေးလို့တောင် ခေါ်မိတဲ့အဖြစ်''

ရွှေရေး ပြောပြနေတာကို နားထောင်ပြီး ဒေါ်ခင်မေထက်ရော ဒေါ်ခိုင်သဇင်ပါ သက်ပြင်းကိုယ်စီ ချလိုက်ကြသည်။

''အန်တီမေတို့က ဒီသူငယ်ကို သားလေးတေးလို့ ထင်ပေမယ့် ဒီသူငယ်က သားတေး မဟုတ်လောက်ပါဘူးကွယ်၊ သားကို အန်တီကိုယ်တိုင် မီးသင်္ဂြိုလ်ခဲ့ရတာပဲ သားနဲ့ ခွဲမရအောင် ရုပ်ချင်းဆင်တာပဲဖြစ်မှာပါ၊ သူသာ သားတေးအမှန်ဖြစ်မယ်ဆိုရင် ဘယ်လောက်ပျော်စရာကောင်းလိုက်မလဲကွယ်၊ သမီးခံစားချက်ကို အန်တီနားလည်ပါတယ်၊ သူဟာ တေး မဟုတ်ပါဘူး၊ ထူးခြားပါလို့ ပြောနေကတည်းက ဒါဟာ တေး မဟုတ်ဘူးဆိုတာ ကျိန်းသေတဲ့ သက်သေတစ်ခုပေါ့၊ ဒါပေမယ့် သားနဲ့တူတဲ့လူဆိုတော့လည်း သားလေးရဲ့အလွမ်းပြေပေါ့ သမီးရယ်''

ဒေါ်ခင်မေထက် ဝဲတက်လာသော မျက်ရည်စတို့ကို လက်ထဲမှ တစ်ရှူးနှင့်တို့သုတ်ရင်း ဝမ်းနည်းကြေကွဲသော စကားကိုဆို၏။

''ကဲ...အန်တီမေတို့ ပြန်ကြရအောင်နော်၊ သမီးလည်း



www.burmeseclassic.com

www.burmeseclassic.com



ဒီသူငယ်ကိုတွေ့ပြီး တေးမှုတေးပါလို့ စိတ်ထဲထည့်ပြီး ကိုယ့်စိတ်ကို ကိုယ် ဒုက္ခပြန်မပေးပါနဲ့ကွယ်၊ သားက အန်တီမေတို့သမီးတို့ကို ခွဲသွားတာ နှစ်နှစ်ကျော်လောက်တောင် ရှိနေပြီပဲ"

အန်တီမေ ဘယ်လောက်ပဲ ဖြေသိမ့်ဖြေသိမ့် ရွှေရေးရင်ထဲက နှလုံးသားခံစားမှုက လက်ခံနေသည်ကတော့ ထူးခြားဆိုတဲ့လူဟာ တေးပဲဖြစ်ရမည်လို့ ယုံကြည်နေ၏။

စိတ်အားထက်သန်နေသူ တစ်ယောက်ကို လောကကြီးက အမှန်တရားစစ်စစ်ကို အသိနှင်းမှာပါ။

ရွှေရေး ဆိုက်ကားဂိတ်မှာထိုင်နေသော ထူးခြားကိုနောက်တစ်ကြိမ် ခပ်ဆွေးဆွေးလှမ်းကြည့်လိုက်ပြီး ကားကို စက်နှိုးကာ လမ်းမကြီးဆီသို့ မောင်းထွက်ခဲ့လေသည်။

ကားကို တငြိမ့်ငြိမ့်မောင်းနေပေမယ့် ရွှေရေးစိတ်ထဲမှာတေး၏ပုံရိပ်တွေသာ တမြေ့မြေ့ ပြန်၍မြင်ယောင်နေသည်။ မျက်ဝန်းမှ စို့တက်လာသော မျက်ရည်ကြည်တို့ကို မျက်တောင်ရှည်များဖြင့် ပုတ်ခတ်သိမ်းလိုက်ပြီး ကားကို ခပ်မှန်မှန် မောင်းလာလိုက်သည်။





အန်တီမေနှင့် မာမီလည်း တေးအကြောင်းကို တွေးလာပုံရသည်။ ဘာစကားတစ်ခွန်းမှ မပြောကြ။

ကားထဲမှာ တိတ်ဆိတ်စွာ လိုက်ပါလာသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"ရော့..ဒါ နှင့်အတွက်လက်ဆောင်"

သိမ်မွေ့ပေးသော စက္ကူအိတ်ကို ထူးခြား လှမ်းယူရင်း သိမ်မွေ့ကို နားမလည်သောအကြည့်ဖြင့် အူကြောင်ကြောင် ကြည့်လိုက်ပြီး...

"ဒီထဲက ဘာလဲ သိမ်မွေ့"

"နှင်ဝတ်ဖို့ အင်္ကျီပေါ့၊ ဟိုနေ့က ငါ့နောက် တကောက်ကောက်လိုက်နေတဲ့ ကောင်ကို နှင်ဝင်ရှင်းပေးလို့ ကျေးဇူးတင်တဲ့ အနေနဲ့ပေးတာ၊ နှင် ဝတ်ဖြစ်အောင် ဝတ်ရမယ်နော်"

"သိမ်မွေ့က ကျွန်တော့်ကို ဝတ်စေချင်လို့ပေး တာဆို

www.burmeseclassic.com

စိုးစိုးစာပေ

www.burmeseclassic.com



ကျွန်တော် ကိုနှိုးသေဝတ်မှာပါ''

ထိုနေ့လေးသည် ထူးခြား၏ မျှော်လင့်ချက်တွေကို အရောင်တောက်စေသော နေ့လေးတစ်နေ့ ဖြစ်သည်။ထို့ကြောင့် သိမ်မွေ့တို့အိမ်တွင် ရှိရှိသမျှသောအလုပ်တွေကို လက်ကျန်မထားဘဲ အကုန်သိမ်းကျုံး လုပ်ပစ်လိုက်၏။

ကိုယ့်ချစ်သူလေးရဲ့အိမ်၊ သန့်ရှင်းတောက်ပြောင်စေဖို့ အတွက် ထူးခြား ကိုယ်ပိုင်အင်အားသုံးပြီး ပေးဆပ်လုပ်ဆောင် ပေးနိုင်ရမှာပေါ့။

''မသိမ်မွေ့ ဒီနေ့ရော ဘယ်သွားစရာရှိသေးလဲ''

''ဘာလုပ်မလို့လဲ''

''ဟိုလေ ကျွန်··ကျွန်တော် လိုက်ပို့ချင်လို့ပါ၊ မမေ့ ကလိုအဖြစ်မျိုး ထပ်ကြုံရင် ကျွန်တော် ကာကွယ်ပေးချင်တယ်''

''ရပါတယ်၊ ဒီနေ့ ငါ ဘယ်မှ သွားစရာမရှိဘူး''

''ဒါဆို ဘာစားချင်လဲ၊ ဘာသွားဝယ်ပေးရမလဲ''

''ဟင့်အင်း၊ ဘာမှ မစားချင်ပါဘူး၊ ရင်ထဲမှာ ပြည့်အင့် အင့်ကြီး ဖြစ်နေလို့၊ ဘာမှကို စားချင်စိတ်မရှိဘူး''





ကလေးတစ်ယောက်သဖွယ် တိုင်တည်ပြောပြနေသော သိမ်မွေ့စကားကြောင့် ထူးခြား စိုးရိမ်သွားကာ···

''အစာမကြေတာ ဖြစ်မယ်ထင်တယ်၊ အစာကြေဆေး လေး စားပါလား၊ ကျွန်တော် သွားယူပေးမယ်လေ''

သိမ်မွေ့နှင့် ထူးခြား၏အခြေအနေကို ဒေါ်လှိုင်လှိုင် အဝေးမှ တစေ့တစောင်း အကဲခတ်နေသည်။ ထူးခြား လုံးဝ မရိပ်မိ။ သိမ်မွေ့က ပါးနပ်သူပီပီ သူတို့နှစ်ယောက်ကို အကဲခတ် နေသည်ဟု ထင်ကာ···

''ရပါတယ်ထူးခြားရယ်၊ အဟင်း··ထူးခြားကလေ သိမ်မွေ့ကို သိပ်ဂရုစိုက်တာပဲ သိလား၊ နင် အဲဒီလောက် စေတနာ တွေရှိနေရင် ငါ့ကို သံပုရာရည်လေးတစ်ခွက်လောက် ဖျော်ပေးပါ လားဟယ်၊ အရမ်းကြီးလည်း မချိုနဲ့၊ အရမ်းကြီးလည်း မချဉ်နဲ့၊ အနေတော်လေးပဲလေ''

အရေးတယူဖြင့် ရွှန်းရွှန်းဝေနေသော သိမ်မွေ့ကို ကြည့်ပြီး ထူးခြား၏အိပ်မက်တွေ ရှင်သန်နိုးထလာကြပြီ ဟူသော မျှော်လင့် ချက်တွေက အရာရာကို ကျေးကျွန်ပြုဖို့ အဆင်သင့်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ စိတ်ချပါ၊ ကျွန်တော် အကောင်းဆုံးဖြစ်အောင် ဖျော်ခဲ့ပေးပါမယ်"

ထူးခြား သိမ်မွေ့ရှေ့မှထွက်ကာ မီးဖိုခန်းရှိရာ ဘက်သို့ ဝင်သွားပြီဆိုတာနှင့် ဒေါ်လှိုင်လှိုင် ဆက်တီခုံပေါ်ထိုင်ကာ ပျင်းရိလေးတွဲနေသော သိမ်မွေ့ဆီသို့ လျှောက်လာ၏။

"မိသိမ်မွေ့..ညည်း ထူးခြားကို ဘာသဘောနဲ့ ဒီလောက် အရောဝင်နေရတာလဲ၊ အရင်တုန်းကတော့ မုန်းလှပါပြီ ရွံလှပါပြီဆို"

ဒေါ်လှိုင်လှိုင် ဒေါသသံဖြင့် ခပ်ကျိတ်ကျိတ်ပြောလိုက်သည်။ သိမ်မွေ့ မဝံ့မရဲဟန်လေးဖြင့်ရယ်ရင်း...

"မေမေကလည်း ထူးခြားနဲ့ စကားပြောတာ မပြောရဘူးလားလို့"

"ပြောလို့ရပါတယ်၊ ဒါပေမဲ့ လိုတာထက် မပိုစေနဲ့၊ ဒီကောင်လေးက ညည်းကို အရူးအမူးစွဲလမ်းနေတဲ့သူ၊ ညည်းဘက်က လိုက်လျောမှုတွေပေးလေ သူ့ဘက်က ညည်းသူ့ကို လက်ခံနိုင်လောက်တယ်ဆိုပြီး သူ့စိတ်တွေ ပိုသာယာလေပဲ၊ ကိုယ်





တကယ် ဘဝလက်တွဲဖော်အဖြစ် မရွေးချယ်နိုင်ရင် တစ်ဖက်သားကို စိတ်ဒုက္ခမပေးပါနဲ့၊ ဒီကောင်လေးက ရိုးသားတယ်၊ သူ့ စိတ်ဒဏ်ရာ ရသွားနိုင်တယ်၊ နောက်ပြီး ငါတို့ သားအမိနှစ်ယောက်ကို တကယ့် စိတ်ရင်းနဲ့ စောင့်ရှောက်နေတဲ့ လူငယ်လေးတစ်ယောက်၊ သူ့စေတနာကို ငါတို့ မိထီမဲ့မြင်လုပ်လို့ မရဘူး၊ ဒါကြောင့် ကိုယ်လက်တွဲမှာ မဟုတ်ဘူးဆိုရင် ပုံမှန်အတိုင်းပဲ ဆက်ဆံပါ"

ဒေါ်လှိုင်လှိုင် သမီးလုပ်သူကို ပြင်းပြင်းထန်ထန် သတိပေးပြီး ဘုရားခန်းဘက်သို့ ထွက်သွား၏။

သိမ်မွေ့ သူ့အကြံအောင်သည်မို့ တစ်ယောက်တည်း သဘောကျဖြစ်ကာ ကျန်ခဲ့သည်။

ᄀ ᄀ ᄀ



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"ကိုသက်..သူ့မိသားစုသတင်း စုံစမ်းခဲ့တာ ဘာထူးလဲ"

ကားထဲမှာ ထိုင်စောင့်နေသော ရွှေရေးခြယ်၊ ရပ်ကွက်ထဲမှ ခပ်သုတ်သုတ်ထွက်လာသော ကိုသက်ကို အလောတကြီး လှမ်းမျှော်ကြည့်လိုက်ပြီး သိချင်တာကို ဦးဆုံးမေးလိုက်သည်။

"သိပ်တော့ မထူးဘူး အစ်မလေး၊ ထူးခြားဆိုတဲ့လူမှာ အဘွားတစ်ယောက်၊ ဦးလေးတစ်ယောက်ရှိတယ်လို့ သိခဲ့ရတယ်"

ကိုသက် ကားတံခါးကို ဆွဲဖွင့်ဝင်ထိုင်ရင်း ရွှေရေး ဆက်မေးတာကို ဖြေ၏။

www.burmeseclassic.com



"သူက ဆိုက်ကားပဲနင်းတာလား၊ တခြား ဘာလုပ်သေးလဲ"

"အင်း..ကျုပ်တဲ့အချိန်တွေမှာ အိမ်တစ်အိမ်မှာ တောက်တိုမယ်ရအလုပ် လုပ်တယ်လို့ကြားတယ်၊ သူ့အဘွားကို ကျုပ်တော်တွေ့ခဲ့တယ် အစ်မလေး၊ ထူးခြားဆိုတဲ့လူ့ရဲ့ရုပ်နဲ့ လုံးဝမဆင်ဘူး၊ သူ့အဘွားက အသားမည်းမည်း ပိန်ကပ်ကပ်နဲ့ ဒီလူနဲ့ ရုပ်ချင်းဆင်တာ တစ်ကွက်တလေတောင် မရှိဘူး၊ ယော့..ဟိုမှာ ပြောရင်းဆိုရင်း သေခဲဦးမယ်"

"ဟင်...ဘာဖြစ်လို့လဲ"

"ဟိုမှာလေ၊ အဲဒီအဘွားက ထူးခြားရဲ့အဘွားပေါ့"

ဈေးခြင်းတောင်းကြီးဆွဲပြီး ကိုင်းကိုင်း ကိုင်းကိုင်းနှင့် ထွက်လာသော အဘွားဒေါ်ခင်ကြည်ကို လက်ညှိုးထိုးညွှန်ပြလိုက်သဖြင့် ရွှေရေး ကိုသက် ညွှန်ပြရာသို့ လှမ်းကြည့်လိုက်သည်။

"ဇကန္တ...ဈေးသွားမလို့ ထင်တယ်နော်"

"ဟုတ်မယ် အစ်မလေး၊ ကျုပ်တော် ဘာဆက်လုပ်ပေးရမလဲ"





"နေ..နေ၊ အစ်မဘာသာ အစ်မ ကြည့်လုပ်တော့မယ်၊ မင်း ကားထဲမှာပဲ စောင့်နေတော့"

ရွှေရေး ကားပေါ်မှဆင်းလိုက်ပြီး တလှုပ်လှုပ်နှင့် ထွက်လာသော အဘွားဒေါ်ခင်ကြည်နား လျှောက်သွားလိုက်သည်။ အဘွားဒေါ်ခင်ကြည် ကားလမ်းကူးခါနီး ကားတွေ ရှုပ်နေသဖြင့် ပလက်ဖောင်းပေါ်တွင် ဟိုဘက်ကြည့်ဒီဘက် ကြည့်လိုက်နှင့် ကားလမ်းကူးဖို့ကို တွန့်ဆုတ်နေ၏။

ရွှေရေး အခွင့်ကောင်းကို လက်လွှတ်မခံ။ အဘွားဒေါ်ခင်ကြည်နားမှာ ကပ်ရပ်လိုက်ပြီး...

"အဘွား ဟိုဘက်ကားလမ်း ကူးမလို့လား"

အဘွားဒေါ်ခင်ကြည် ဖော်ရွေပျူငှာလွန်းသော ရွှေရေးဆက်၏ အသံချိုချိုကြောင့် မော့ကြည့်သည်။

"အေးလေကွယ်၊ ကားတွေက အရမ်းရှုပ်တော့ အဘွားမကူးရဲဘူးဖြစ်နေတာ"

"ဒါဆို ရွှေရေး ကူးပေးမယ်လေ၊ လာ..အဘွား"

ရွှေရေးဆက် အဘွားဒေါ်ခင်ကြည်လက်ကို ရင်း



www.burmeseclassic.com

www.burmeseclassic.com



ဖော်ရွှေစွာလှမ်းကိုင်လိုက်ပြီး တစ်ဖက်ကားလမ်းကို ကူးလိုက်သည်။

"အမယ်လေး…ကျေးဇူးတင်လိုက်တာ မြေးရယ်၊ အဘွားဆိုရင်လေ တော်တော်နဲ့ ကူးဖြစ်မှာမဟုတ်ဘူး၊ မြေးလေးခေါ်လာလို့ မြန်မြန်ကူးဖြစ်သွားတာ"

"ရပါတယ် အဘွားရယ်၊ ကျေးဇူးတင်စရာမလိုပါ ဘူး၊ လမ်းသွားရင်း သက်ကြီးရွယ်အို အဘိုးအဘွားတွေကို ကူညီရတာ ရွှေရေးရဲ့တာဝန်လို့ မှတ်ယူထားလို့ပါ"

"အမယ်လေး..တကယ့်ကို အမျိုးကောင်းသမီးလေး ပါလား၊ ဒီလိုခေတ်ကြီးထဲမှာ ဒီလို စိတ်ထားမွန်မြတ်တဲ့ကလေး ရှားသွားပြီကွယ့်၊ ကားစီးရင်တောင်လေ တချို့လူငယ်တွေဆို အသက်ကြီးတဲ့ အဘွားကြီးအဘိုးကြီးပါလား ဆိုပြီး နေရာမဖယ် ပေးကြဘူး၊ အဲဒီလောက်ထိ ရိုသေမှုတရား ခေါင်းပါးကြတာကွဲ့၊ သူတို့လေးတွေမှာ ကြီးသူကိုရိုသေ ငယ်သူကိုလေးစားဆိုတဲ့ ကိုယ်ကျင့်တရားကောင်းကောင်း မရှိရှာတော့ပါဘူးကွယ်"

အဘွားဒေါ်ခင်ကြည် အသက်ကြီးသူပီပီ စကားတွေ





ဖောင်ဖွဲ့ပြောလာသည်။ ရွှေရွှေး အဘွားဒေါ်ခင်ကြည်လက်ကို မလွှတ်သေးဘဲ အရှေ့ကိုဆက်၍ လျှောက်လာ၏။

"သြော်..မြေး ရပြီကွဲ့၊ အဘွားစကားများနေတာနဲ့ ငါ့မြေး သွားစရာရှိတာသွားဖို့ နှောင့်နှေးရော့မယ်"

"ဟင့်အင်း…မနှောင့်နှေးပါဘူး၊ ရပါတယ် အဘွား ရယ်"

"အေး..အေး၊ သာဓု..သာဓု…သာဓု၊ အင်း… အား…ကျွတ်…ကျွက်၊ မူး…မူးလိုက်တာ"

အဘွားဒေါ်ခင်ကြည် သာဓုခေါ်နေရင်းမှ ခေါင်းကို မိုက်ခနဲဖြစ်သွားကာ ရွှေရေး၏လက်ကို လှမ်း၍ ဆုပ်ကိုင်လိုက်သည်။

"အဘွား…ရရဲ့လား၊ တော်တော်မူးနေလား"

ရွှေရေး ယိုင်နဲ့နေသော အဘွားဒေါ်ခင်ကြည်၏ ကိုယ်လုံးသေးသေးလေးကို လဲကျမသွားစေရန် ထိန်းမတင်လိုက်သည်။

"အင်း…ရပါတယ် မြေးရယ်၊ ဒီရပ် ဒီခန္ဓာကြီးက အစိုးမရတဲ့ အနတ္တသဘောတွေပဲမဟုတ်လား၊ အင်း ..ကျွတ်



www.burmeseclassic.com

www.burmeseclassic.com



ကျွတ်''

''ကဲ အဘွား၊ ရွှေရေး အဘွားကို ဆေးခန်းလိုက်ပို့ပေးမယ်လေ၊ အဘွား ဈေးမသွားပါနဲ့တော့''

''အင်း…ဒီလောက်မူးနေမှတော့ သွားဖို့ မဖြစ်နိုင်တော့ဘူး၊ ဆေးခန်းလည်း မသွားပါဘူးကွယ်၊ အိမ်က ဗမာဆေးလေးပဲ ပြန်သောက်ပြီး ခဏလှဲနေရင် သက်သာသွားမှာပါ''

''အို…မဟုတ်တာ အဘွားရယ်၊ ရွှေရေး ဆေးခန်းလိုက်ပို့ပေးမယ်၊ ပြီးရင် အဘွားအိမ်ကို ရွှေရေးကိုယ်တိုင် လိုက်ပို့ပေးမယ်၊ ရွှေရေးမှာ ကားပါတယ်''

အဘွားဒေါ်ခင်ကြည် တော်တော်လေးမူးသွားသည်ထင်သည်။ ငြင်းပင် မငြင်းတော့။ ရွှေရေးဆက် ကိုသက်ကို လှမ်းခေါ်လိုက်ပြီး အဘွားကို ကားပေါ်တဲတင်ကာ ဆေးခန်းသို့ ကားကို မောင်းနိုင်းလိုက်သည်။

အဘွားဒေါ်ခင်ကြည် မူးရိပ်ရိဝေနေသည့်ကြားမှ ရွှေရေးဆက်ကို အလွန်အမင်း ကျေးဇူးတင်သောအကြည့်ဖြင့် ခပ်ဖျော့ဖျော့လေး ကြည့်ရှာ၏။



## အခန်း (၁၇)

''အဘွား…အဘွား မူးလို့ဆို''

ထူးခြား အိမ်ပေါ်သို့ စိုးရိမ်တကြီး တက်လာသည်။ ဘုရားစင်ရှေ့တွင်ခင်းထားသော သင်ဖြူးဖျာလေးပေါ်တွင် လှဲနေသောအဘွားကို ပူပန်စိတ်ဖြင့် မေးလိုက်သည်။

''အင်း…မနက်ခင်းပိုင်းကတော့ ဟုတ်တယ်၊ ဈေးသွားရင်း လမ်းမှာမူးလို့ သူဌေးမလေးတစ်ယောက်က ဆေးခန်းလိုက်ပို့ပေးပြီး အိမ်အရောက်ပြန်ပို့ပေးလို့ ငါ့ကို မင်းမြင်ရတာ''

အဘွားဒေါ်ခင်ကြည် ခပ်ငေါ့ငေါ့လေး ပြောလိုက်သဖြင့် ထူးခြား အပြစ်ရှိသူတစ်ယောက်လို ခပ်ဟဟလေး ရယ်ကား



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းကို ကုပ်လိုက်သည်။

"အဘွားရယ်၊ ကျွန်တော်မှ မသိတာ၊ မနက်က ဖြစ်ဖြစ် ချင်းသာသိရင် အဘွားဖြစ်တဲ့နေရာကို ကျွန်တော် မရောက်ရောက်အောင် အပြေးလာခဲ့မှာပေါ့၊ ကိုယ့်အဘွားပဲ ကိုယ် စိတ်ပူတာပေါ့"

"ပူလို့ပဲ ညနေစောင်းမှ ရောက်လာတာပေါ့၊ မနက်တည်းကသာ မူးရင်းနဲ့ တစ်ခါတည်း အသက်ထွက်သွားရင် နေ့ချင်းချလို့ ခုလောက်ဆို ရေဝေးရောက်လို့ ပြာတောင် ဖြစ်နေလောက်ပြီ"

"ဟာ…အဘွားကလဲ၊ ဘာလို့ မဦးမချွတ် မပြောကောင်းတာတွေ လျှောက်ပြောနေရတာလဲ၊ အဘွားက ဒီလောက် ခေါင်ခေါင်မြည်နေတာ၊ မူးရုံ မောရုံလောက်နဲ့ လောကကြီးထဲက ထွက်မသွားသေးပါဘူးဗျာ"

"အို…သေခြင်းတရားက ခေါင်တာတွေ မခေါင်တာတွေ မခွဲခြားဘူး၊ သူခေါ်ချင်ရင် ခေါ်မှာပဲ၊ မင်းသာ ကိုယ့်အဘွားအေဟဲ့ဆိုပြီး ဂရုစိုက်ရကောင်းမှန်းမသိ…မယားယူဖို့ကိုပဲ သေလုအောင် အလုပ်လုပ်ပြီး ငွေစုနေတာမဟုတ်လား"





အဘွားက သွယ်ဝိုက်ပြီးပြောမနေ၊ ရင်ထဲရှိသည့်အတိုင်း ဘွင်းဘွင်းကြီးပင် ပြောချလိုက်၏။

"ဟာ…အဘွားကလဲ"

"ဘာ အဘွားကလဲလည်း၊ ငါပြောတာ မဟုတ်လို့လား၊ ဟိုကဖြင့် မရှိတဲ့မာနတွေခေါင်ခိုက်ပြီး မိုးမမြင် လေမမြင် မာန်တွေ တက်ပြီး နိုင်းကောင်းအောင် မက်လုံးတွေ ပြနေတာ၊ ဒီလောက် ငွေမက် ပကာသနမက်တဲ့ မိန်းကလေးက မင်းလိုလူမျိုးကို ယူမတဲ့လား၊ အိပ်မက်ထဲ လမ်းထလျှောက်ပြီး တွေ့ကရာမိန်းမ ဆွဲယူလိုက်ရင်တောင် မင်းနဲ့ သင့်တော်မယ့်မိန်းမယားရဦးမယ်"

အဘွားခေါ်ခင်ကြည် သိမ်မွေ့ကို ဘယ်အချိန်ကတည်းက ကြည့်မရဖြစ်နေမှန်းမသိ။ ကောင်းတာကို တစ်ခွန်းမှမပြော။

"သိမ်မွေ့က ခုဆို ကျွန်တော့်အပေါ်မှာ လိုက်လိုက်လျောလျော ဆက်ဆံနေပါပြီ"

"အမယ်လေးတော်…နွားကိုနိုင်လို့ နဖားကြိုးသွင်းနေတာ မင်းမှမသိတာ၊ တော်းပဲ၊ ငါတော့ မြင်ယောင်သေးတယ်၊ ဟိုအဆိုတော် ဆိုသွားတဲ့ သီချင်းထဲကလို ဖြစ်မှာကို"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်အဆိုတော်လဲ အဘွားရဲ့"

"ဟိုအဆိုတော်လေ၊ ခုတော့ သေသွားရှာပြီ၊ ဘာတဲ့၊ နှင်းဆီပန်း အဲ…မခင်နှင်းဆီသီချင်းဆိုတဲ့ အဆိုတော်လေ၊ ပါးစပ်ဖျားတင် မေ့တယ်၊ ဘာတဲ့…အင်း…သိပြီ၊ လွှမ်းမိုး…လွှမ်းမိုး၊ သူဆိုသွားတဲ့ သီချင်းထဲက ပေါချာချာ ကောင်လေးကိုပေါလို…နောက်ဆုံးမှာ မင်းပဲ ကျွန်ရစ်ဖြစ်လိမ့်မယ် သိလား"

"အဘွားရယ်၊ ကျွန်တော်က ကိုပေါ မဖြစ်နိုင်ပါဘူး။ သိမ်မွေ့က ကျွန်တော့်ကို သဘောကျနေတာ၊ ကျွန်တော်သာ ခုနေသိမ်မွေ့ကို ချစ်ပါတယ်လို့ ပြောကြည့်လိုက်၊ ချက်ချင်း ခေါင်းညိတ်မှာ သေချာတယ်၊ ကျွန်တော့်တက်ကသာ အဲဒီလိုဖွင့်ပြောဖို့ အင်အားမရှိသေးတာ၊ သိမ်မွေ့ကို တင့်တောင့်တင့်တယ် လက်ထပ်ယူဖို့ငွေအလုံအလောက်ရှိတဲ့ တစ်နေ့ကျရင် ကျွန်တော် ချက်ချင်းကိုဖွင့်ပြောတော့မှာ၊ အဘွားသာ ကန်တော့ပွဲရွက်ဖို့ စောင့်နေ…သိလား"

"အမယ်လေး…စိတ်ချပါတော်၊ ကျုပ်ကလည်း ကန်တော့ပွဲရွက်ပြီး မြေးချွေးမ လိုက်တောင်းပေးနိုင်အောင်





ကိုယ့်အသက်ကိုဆွဲဆန့်ပြီး ဟော့ဒီဇက်ကို ကန်တော့ပွဲရွက်ရင်းခံနိုင်အောင် ခိုင်ခိုင်ထားပါ့မယ်"

အဘွား၏ အငေါ့တူးစကားကြောင့် ထူးခြား မအောင့်အီးနိုင်စွာဖြင့် တဟားဟားအောင် ရယ်သည်။ အိမ်ပေါ်တက်လာသော ဦးတိုးအောင်ပင် ထူးခြားကို ဖြူးတူးပြဲတဲကြည့်ကာ…

"ဘာတွေ အဲဒီလောက် အူရွှင်နေတာလဲ၊ မိန်းမယူဖို့ငွေပြည့်သွားလို့လား"

ခပ်ရွှံ့ရွှံ့မေးလိုက်သောဦးတိုးအောင်ကို အဘွားကပါ အဆစ် မျက်စောင်းထိုး၏။

"ကဲပါ‥ဒီငမိုးက တစ်မျိုး၊ ကိုယ်နဲ့မဆိုင်တာကို ဝင်ရှုပ်ဦးမယ်၊ သွား…သွား…ရေချိုး"

"ဟာ…အမေကလည်းလေ၊ ကိုယ့်သားကိုကိုယ် အဲဒီလောက် ချစ်ရလား၊ ဟား…ဟား…ဟား…ဟား"

ဦးတိုးအောင် စိတ်ဆိုးရမှန်းမသိ၊ နာရကောင်းမှန်း မသိဘဲ တဟားဟားအော်ရယ်ကာ သူလွယ်ထားသော ကျောပိုးအိတ်ကို အိမ်တိုင်မှာချိတ်တင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထူးခြား အဘွားကို ချော့သည့်အနေဖြင့် အဘွား နောက်ကျောကို ပြောင်းထိုင်ကာ ပခုံးတွေကို ခပ်ဖွဖွနှိပ်ပေး နေလိုက်၏။ ထူးခြားက ပါးနပ်သည်။ အဘွားဒေါ်ခင်ကြည် ဘာကြိုက်သည်ဆိုသည်ကို သိသည်။

အဘွားဒေါ်ခင်ကြည်ကလည်း ထူးခြားကို ဘယ်လောက်ပင် စိတ်ဆိုးနေနေ ထူးခြားဘက်က အလိုက်သိမှုလေးတွေကို ပေးပြီဆိုလျှင် ဒေါသတွေက အရည်ပျော်ကျသွားမြဲ။

ר ר ר



## အခန်း (၁၈)

ခဲပုပ်ရောင်ကားလေး အိမ်ရှေ့ကို ငြိမ့်ခနဲရပ်လိုက်တာနှင့် အဘွားဒေါ်ခင်ကြည် မျက်နှာမှာ နေဆယ်ါစင်းသာသလို ဝင်းထိန်သွားသည်။

"ဟယ်…မြေးမလေး လာတယ်"

တံစက်မြိတ်အောက်မှာ ကွမ်းတမြုံ့မြုံ့ဖြင့် ထိုင်နေရင်းမှ ကားပေါ်မှဆင်းလာသော ရွှေရေးဆက်ကို မြင်သည်နှင့် အိမ်အောက်ထပ်ကိုဆင်းကာ ဆီးကြို၏။

"အဘွား နေကောင်းသွားပြီလား"

ချစ်စရာကောင်းသော အရယ်အပြုံးလေးဖြင့် မျက်



www.burmeseclassic.com

www.burmeseclassic.com



နှာချိုလွန်းသော ရွှေရေးဆက်ကို ဝမ်းသာပီတိဖြစ်သောအဖြူ ဖြင့်ကြည့်ကာ ခေါင်းကို တဆတ်ဆတ်ညိတ်ပြရင်း…

"မြေးမလေးကျေးဇူးကြောင့် အဘွားတော်တော်လေး နေကောင်းသွားပါပြီကွယ်၊ အမယ်လေး…ကြည့်စမ်းပါဦး၊ ဝတ်စား ထားတာလေးနဲ့ ငါ့မြေးရဲ့ချစ်စရာကောင်းတဲ့ မျက်နှာလေးနဲ့ လိုက်ဖက်လိုက်တာကွယ်၊ ဘွားတော့လေ ဘွားအိမ်ရှေ့မှာ မိုးပေါ်ထ နတ်သမီးလေးတစ်ပါး ဆင်းလာပြီး ဘွားကို ကိုယ်ထင်လာပြ တယ်လို့ပဲ စိတ်ထဲက မှတ်ယူလိုက်ချင်ပါတော့တယ်ကွယ်"

ဘွားခေါ်ခင်ကြည်စကားကြောင့် သွေးကြောမျှင်မျှင် စိမ်းစိမ်းလေးတွေ ထင်နေအောင် နုညက်သော ပါးပြင်လေး ပြုံးယောင်သမ်းသွားပြီး…

"ဒီလောက်လဲမဟုတ်ပါဘူး ဘွားရယ်၊ ဘွားပြောတာနဲ့ ရွှေရေး ယောဒီခြေတောက်နဲ့မြေကြီး မထိတော့ဘဲ လွင့်ထွက် သွားပါဦးမယ်"

"ဘွားက တကယ်ပြောတာပါကွယ်၊ ကဲ…လာ မြေး နေပူတယ်၊ အိမ်ပေါ်တက်ရအောင်၊ အသားနုနုလေးတွေ နေလောင်





ကုန်မယ်"

'နေဦး ဘွားရဲ့၊ ဘွားအတွက် ရွှေရေး မုန့်တွေအများ ကြီးဝယ်လာတယ်၊ ကားထဲက ယူလိုက်ဦးမယ်"

ရွှေရေး ကားနောက်ခန်းတံခါးကိုဖွင့်ပြီး ဝယ်လာသော ပစ္စည်းပစ္စယတွေကို ထုတ်ယူလိုက်သည်။ များပြားလှသော မုန့်ပုံးတွေနှင့် ဘာတွေမှန်းမသိသော ပုလင်းမျိုးစုံတို့ကို ကြည့်ပြီး အဘွားဒေါ်ခင်ကြည် တအံ့တသြဖြစ်နေသည်။

အားနာခြင်းတစ်ဝက် အံ့သြခြင်းတစ်ဝက်ရောကာ မည်သို့သော ကျေးဇူးတင်စကား ပြောရမှန်းပင် မသိတော့။

"အို…မြေးလေးရယ်၊ ပိုက်ဆံတွေ အလကား အကုန်ခံပြီး ဝယ်လာရတယ်လို့၊ ဘွား အားနာလွန်းလို့ ဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူး၊ မြေးရဲ့ကျေးဇူးတွေ ဘွားပေါ်မှာ တော်တော်လေး များနေပြီကွယ်"

"ကိုယ့်အဘွားအရွယ် သက်ကြီးရွယ်အိုကို ရွှေရေးက ကုသိုလ်လုပ်တာပဲ ဘွားရယ်၊ ဘွားကို ဒါတွေဝယ်ပေးလို့ ရွှေရေး အကျိုးယုတ်သွားတာမှမဟုတ်တာ၊ ကုသိုလ်တွေ အများကြီးရ



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာပဲ''

''သိတတ်လိမ္မာလိုက်တဲ့ မြေးရယ်၊ ဘွားရဲ့မြေးလေးသာ ဖြစ်လိုက်ပါတော့''

''အဟင်း…ဟင်း…ဒါဆို မြေးကို မွေးစားလိုက်ပါလားဟင်''

''အမယ်လေး မြေးရယ်၊ ဘွားသာ ချမ်းသာတဲ့ အဘွားကြီးတစ်ယောက်ဆိုရင်လေ ဘွားရဲ့မြေးလေးနဲ့ ဟောဒီက မြေးမကို ပေးစားလိုက်တယ်ကွယ်''

''ဟင်…ဘွားမှာ ရွှေရေးအရွယ် မြေးရှိလို့လား''

''ရှိတာပေါ့ကွယ်၊ သူ့နာမည်က ထူးခြားတဲ့''

''ဒါဆို ဘွားမှာ သားတွေချွေးမတွေ ရှိသေးတာ ပေါ့''

ရွှေရေးဆက် ထူးခြားအကြောင်းသိချင်၍ တမင်ပင် အစ်အောက်မေးလိုက်ခြင်းဖြစ်သည်။

''အင်း…သားတွေချွေးမတွေကတော့ မရှိတော့ပါဘူးကွယ်၊ တောင်ကြီးကိုသွားရင်း ကားမှောက်ကြလို့ နှစ်ယောက်စလုံး ဆုံးပါးသွားကြပါပြီ''





ရွှေရေးဆက် မေးပြီးတော့မှ မျက်နှာညှိုးစွာဖြင့် ခြေဖြလိုက်သောအဘွားကိုကြည့်ပြီး စိတ်မကောင်းဖြစ်၍သွား သည်။

''ဩော်…စိတ်မကောင်းလိုက်တာ ဘွားရယ်၊ ရွှေရေးက ဘွားရဲ့ ဒဏ်ရာဟောင်းတွေကို ရွှေရေး အစပြန် ဖော်ပေးသလို ဖြစ်သွားတယ်''

ရေရွှေးအမှန်ပင် စိတ်မကောင်းဖြစ်သွားရခြင်း ဖြစ်သည်။

''ရပါတယ် မြေးရယ်၊ အတိတ်ဆိုတာ မေ့ထားလို့ရတဲ့အရာမှမဟုတ်တာ၊ မြေး အစမဖော်ပေးလည်း ဘွားက သူတို့လေးတွေကို တစ်ရက်မှ မမေ့ပါဘူး၊ ကဲပါ မြေးလာတုန်း ဘွား စိတ်မကောင်းစရာတွေမေ့ထားမှ၊ လာ..လာ အိမ်ပေါ်တက်လေ''

အဘွားဒေါ်ခင်ကြည် ရွှေရေးလက်ကိုဆွဲပြီး အိမ်ပေါ်ကို ဘုန်ချိချိဖြင့် လှမ်းတက်လိုက်၏။

ယိုင်နဲ့နေသော အိမ်ကလေးပေါ်သို့ ရွှေရေး မဝံ့မရဲ လှမ်းတက်လိုက်၏။ ဟောင်းနွမ်းအိုမင်းနေသော အိမ်ကလေးနှင့် နေရသော အဘွားဒေါ်ခင်ကြည်အား ဘာကြောင့်ရယ်မသိ၊ ရွှေရေး



www.burmeseclassic.com

www.burmeseclassic.com



သနားကရုဏာသက်မိပါသည်။

"လာ...မြေး ထိုင်၊ အဘွားတို့အိမ်က ဧည့်ခံကုလားထိုင်တွေတော့ မရှိဘူးမြေးရယ်၊ ဖျာကြမ်းလေးပဲရှိတယ်၊ ထိုင်မြေး..ထိုင်"

ရွှေရေး ထိုင်မည့် ဖျာကြမ်းပေါ်သို့ အဝတ်ပိုင်းလေးဖြင့် ကပျာကသီသုတ်လိုက်ပြီး ပျာပျာသလဲထိုင်ခိုင်းနေသော အဘွားဒေါ်ခင်ကြည်ကို ရွှေရေး အားနာနေမိ၏။

"အို...အဘွားရယ် ရပါတယ်၊ ရွှေရေးကြောင့် အဘွားအလုပ်တွေ ပိုနေရပြီ၊ ရွှေရေး ဒီအတိုင်းထိုင်လည်း ဖြစ်ပါတယ်၊ အဲဒီလောက် မလုပ်ပေးပါနဲ့၊ ရွှေရေး ရှက်ကြီးမှာစိုးလို့ပါ"

ရွှေရေး ဖျာကြမ်းပေါ်တွင် ဝင်ထိုင်လိုက်သည်။

"ဘွား ဘယ်သူရောက်နေတာလဲ"

ထူးခြား အိမ်ပေါ်တက်လာရင်း လှမ်းမေးလိုက်သည်။ ဘွားနားတွင် ထိုင်နေသော ရွှေရေးကိုမြင်တော့ ထူးခြား ကိုယ်ရှိန်သတ်ကာ မျက်နှာပိုးသတ်သွားသည်။

"သြော်...ညည်းသည်နဲ့ စကားပြောနေတာကိုး"





ထူးခြား သူ့တစ်ကိုယ်ကြား ခပ်တိုးတိုးပြောလိုက်ပြီး အိမ်အတွင်းဘက်သို့ ခပ်ကုတ်ကုတ်ဝင်သွားသည်။

"ထူးခြား...ဒီကို လာဦး"

"ဗျာ...ကျွန်တော့်ကို ခေါ်တာလား"

"သြော်...မြေးရယ်၊ ဒီအိမ်မှာ ထူးခြားက ဘယ်နှစ်ယောက်ရှိလို့လဲ"

အငေါ့တူးပြီး မေးလိုက်သော အဘွားအမေးကြောင့် ထူးခြား ရယ်ကျဲကျဲဖြင့် ခေါင်းကို ကုတ်ကာ အဘွားနားသို့ ခပ်ရှိုးရှိုး လျှောက်လာလိုက်၏။

ထူးခြား ရွှေရေးအား ဖျတ်ခနဲတစ်ချက်လှမ်းကြည့်ရုံကြည့်ပြီး အဘွားနားမှာ ဝင်ထိုင်လိုက်သည်။

"မြေးမလေး...ဒါ စောစောက အဘွားပြောတဲ့ မြေးလေး မောင်ထူးခြားတဲ့"

ထူးခြား မော်ရွှေစွာပြုံးပြီး ရွှေရေးကို ခေါင်းလေး ဆတ်ခနဲ ညိတ်ပြ၏။

"အဘွားပြောတဲ့ မြေးမလေး ရွှေရေးဆက်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



သူပေါ့''

''ဩော်…ဟုတ်ကဲ့၊ ဘွားကို ကူညီတဲ့အတွက် ကျေးဇူး တင်ပါတယ် မရွှေရေး''

''ရပါတယ်၊ ကျေးဇူးတင်ဖို့ မလိုပါဘူး၊ အဟင်း ဒီက ရွှေရေးကို မမှတ်မိဘူးထင်တယ်နော်''

ရွှေရွှေးကို မှတ်မိပုံမပေါ်၍ ရွှေရေးကပင်စပြီး လမ်း ကြောင်းဖော်ပေးရ၏။ ရွှေရေးဆက်စကားကြောင့် ထူးခြား ရွှေရွှေးဆက်ကို ဇဝေဇဝါဖြင့်ကြည့်ပြီး…

''အင်း…ကျွန်တော့်စိတ်ထဲမှာ မြင်ဖူးတယ်လို့တော့ ထင်သလိုလိုရှိတယ်၊ ဒါပေမဲ့ ကျွန်တော် စဉ်းစားလို့မရဘူး ခင်ဗျ''

''အဟင်း…ဟိုအရင်ညက ရွှေရေးရဲ့ကားဘီးကို ရှင် လဲပေးခဲ့တာလေ''

ဒီတော့မှ ထူးခြား အစွမ်းကုန်ပြုံးပြီး သူ့နဖူးသူ ဖတ်ခနဲ ရိုက်ကာ…

''ဟာ…ဟုတ်ပါရဲ့၊ ကျွန်တော် ခုမှပဲ မှတ်မိတော့တယ်၊ အဟဲ…အားနာလိုက်တာဗျာ''





''ဟွန်း…ဘယ်မှတ်မိတော့မလဲ၊ သူ့မျက်စိထဲမှာ သိမ်မွေ့ မျက်နှာတစ်ခုတည်း မြင်နေတာကိုး''

အဘွား ကွမ်းတမြုံ့မြုံ့ဝါးရင်း ထူးခြားအား မျက်စောင်း ချီကာ ခနဲ့လိုက်သည်။

ရွှေရေး မျက်နှာပျက်ယွင်းသွားသည်။

''ဟာ…ဘွားကလဲ၊ ဧည့်သည်ရှေ့မှာ ဘာတွေ လျှောက် ပြောနေတာလဲ''

ထူးခြား ရှက်ကျဲကျဲရယ်ရင်း အဘွားကို ဟန့်လိုက်သည်။ သိမ်မွေ့ဆိုတာ ထူးခြားနှင့် ဘာများပတ်သက်နေသလဲဆိုသော သိချင်စိတ်နှင့်အတူ ရင်မှာ စိုးရိမ်စိတ်တွေဖြစ်ပေါ်သွားမိ၏။

''ဒါနဲ့ ထူးခြားက ဘာလုပ်လဲ''

''အင်း…လောလောဆယ်တော့ မယ်မယ်ရရ အလုပ် မရှိသေးပါဘူးဗျာ၊ ညနေပိုင်း သူများဆိုက်ကားငှားနင်းတာ လောက်လေးကိုပဲ အလုပ်လို့ ရမယ်ရှာတော့မှာပဲ''

''ရှင်…တခြားအလုပ် မလုပ်ချင်လို့လား၊ ဒါမှ မဟုတ် အလုပ်ရှာမရတာလား''



www.burmeseclassic.com

www.burmeseclassic.com



ရွှေရေးဆက် အမေးကို ပြန်ဖြေရန်အတွက် အထောက် အထားမခိုင်လုံသည့်အတွက် ထူးခြားအမှန်အတိုင်း သိမ်မွေ့အိမ်မှာ အလုပ်လုပ်ပေးချင်လို့ဟု မပြောဘဲ ကြားကောင်းစေမည့် စကားလုံး တွေကို အပြေးအလွှားစဉ်းစားလိုက်သည်။

"အင်း…ဟုတ်တယ်၊ နေ့ခင်းဘက်လုပ်မယ့်အလုပ်က လတ်တလော ရှာမရသေးဘူးလေ၊ ရှာရတော့လည်း လုပ်အားခက နည်းဆိုတော့ အလုပ်က ကိုယ့်စိတ်တိုင်းကျ ရှာမရဘူးဖြစ်နေ တယ်လေ"

"ဩော်…ဒီလိုလား၊ ဟိုလေ ဒါဆို ရွှေရေးအလုပ်ပေး မယ်၊ ရှင် လုပ်မလား၊ လုပ်အားခအတွက်လည်း တွက်ခြေကိုက် ရမယ်၊ ရှင်လုပ်နိုင်တဲ့အလုပ်မျိုးလည်း ဖြစ်ရမယ်"

"ဗျာ…ဘယ်လို အလုပ်မျိုးလဲ မရွှေရေး"

"ရွှေရေးတို့ခြံ အုတ်တံတိုင်းတွေကို ဆေးသုတ်ပေး ရမယ့်အလုပ်လေ"

"ဆေးသုတ်ရမယ် ဟုတ်လား"

"အင်းလေ…ဒါ လွယ်ကူတဲ့အလုပ်ပဲ၊ ရှင် လုပ်နိုင်မှာပါ၊





ရွှေရေးက အလုပ်ပေးတယ် သဘောမထားဘဲ အကူအညီတောင်း တယ်လို့ သဘောထားပြီးတော့ လက်ခံပေးနိုင်မလား"

အမှန်တော့ ရွှေရေးဆက် ပြောသောအလုပ်ကို ထူးခြား လက်ခံချင်ပေမယ့် သိမ်မွေ့အိမ်ကအလုပ်ကိုလုပ်ပြီး သိမ်မွေ့နှင့် လက်ပွန်းတတီးနေရမည့် အခွင့်အရေးကိုလည်း လက်လွှတ်မခံ ချင်ပြန်။ ထူးခြား ငြင်းရန် အတော်လေးခက်ခဲနေမိ၏။

"ထူးခြား မင်းဘာကို တွေဝေနေတာလဲ၊ မြေးလေး အလုပ်ပေးတာကို အမြန်လက်ခံလိုက်လေ"

"ဗျာ…ဟို…ဟိုလေ ဘွား၊ ကျွန်တော် သိမ်မွေ့တို့ အိမ်ကို"

"တော်…တိတ်၊ မင်းရဲ့ အချိန်တွေကို သိမ်မွေ့အတွက်ပဲ အကုန်ခံတော့မလို့လား၊ မင်းရှေ့ရေးကိုမင်း မစဉ်းစားဘူးလားပြော၊ အဲဒီကိုသွားပြီး အဲဒီအိမ်က တောက်တိုမယ်ရအလုပ်တွေကို လုပ်ပေး နေတာ မင်းရဲ့အချိန်တွေကို မင်း ဖြုန်းနေတာပဲ ထူးခြား"

ရွှေရေး မြေးအဘွားနှစ်ယောက် အခြေအတင်ဖြစ်နေ တာကိုကြည့်ပြီး ရင်ထဲမှာ အားနာမိတာထက် တစ်ခုခုကို ဆုံးရှုံး



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရသလို ခံစားမှုကြီးနှင့် ရင်ဘတ်တစ်ခုလုံး ဟာဆင်းသွားသည်။

သူဟာ တကယ်ပဲ တေးမဟုတ်ဘူးတဲ့လား၊ ဒါဆို ရွှေရေးရင်ထဲက တေးပါလို့ လက်ခံနေမိတဲ့ ခံစားမှုကရော ဘာလဲ။

"မြေး…ဒီကောင့်ကို ဘယ်နေ့ အလုပ်စဝင်နိုင်းရမလဲ ဘွားကိုပြော၊ ဘွားကိုယ်တိုင် လိုက်ပို့ပေးမယ်"

"သူလုပ်ချင်တဲ့ဆန္ဒမရှိရင်တော့ နေပါစေဘွားရယ်"

ရွှေရေး၏ အားလျော့နေသောစကားကြောင့် ဘွားဒေါ်ခင်ကြည် ပျာပျာသလဲဖြစ်ကာ…

"အို…ဘယ်နှယ့်ကြောင့် လုပ်ချင်တဲ့ဆန္ဒ မရှိရမှာလဲ လုပ်ကို လုပ်ရမယ်"

ထူးခြား ဘွားဒေါ်ခင်ကြည်စကားကို လွန်ဆန်၍ မဖြစ်နိုင်တော့သဖြင့်…

"ကျွန်တော် လုပ်ပါ့မယ်၊ မရွှေရေးဆက် ဘယ်နေ့ လာလုပ်ရမလဲဆိုတာကိုပဲ ပြောပါ"

ရွှေရေးဆက် မျက်နှာလေး ပြန့်၍ ပြုံးသွားကာ…





"အင်း…မနက်ဖြန် စဝင်လေ"

"ဟုတ်ကဲ့"

ထူးခြားဟာ တေး ဟုတ် မဟုတ် ဆိုတာကို ရွှေရေးဆက် အနီးကပ်လေ့လာရမည်။ ထို့ပြင် တေးပါလို့ တရားဝင် သတ်မှတ်နိုင်သည့် အကြောင်းအရာတချို့ တေးမှာ ရှိနေသည်။

ထိုအကြောင်းအရာနှင့် တိုက်နေ၍ တေး ဖြစ်နေခဲ့လျှင်ရော ရွှေရေး ဘာဆက်လုပ်ရမည်လဲ။ ခက်နေတာက ထူးခြားဟာ သူ တေးမဟုတ်ပါဘူးဟု ငြင်းဆန်ပြီးသား။

ရွှေရေးစိတ်ထဲမှာတော့ ထူးခြားနှင့် တေးဟာ ဘာစ်ယောက်တည်းပဲ ဖြစ်နေရမည်။ ဘယ်လိုနည်းနှင့်မှ ထူးခြားဟာ တေးမဟုတ်ပါဘူးလို့ လက်ခံယုံကြည်၍ မရခဲ့။

ㄱ ㄱ ㄱ



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

"မာမီ…ဒါ ရွှေရေး ပြောပြောနေတဲ့ ဘွားဒေါ်ခင်ကြည်ရဲ့မြေး ကိုထူးခြားဆိုတာလေ"

"အို··ဟုတ်ပါရဲ့၊ သမီးပြောသလိုပဲ မင်းဟာ သီဟတေးမှ သီဟတေးအစစ်လိုပဲ၊ တကယ့်ကို ချွတ်စွပ်ပဲ ကွယ်"

အနီးကပ်ကြည့်လေ ပိုတူလေဖြစ်နေသော တေးကို ဒေါ်နိုင်သစင် အသေအချာကြည့်ပြီး နှုတ်မှပင် မချင့်မရဲ ပြောမိသည့်အဖြစ်။

နွမ်းပါးသည့် ဝတ်စားဆင်ယင်ပုံမျိုးနှင့် အထက်တန်းကျသော ဝတ်စားဆင်ယင်ပုံသာ ကွာခြားသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ဖော်မလေး မအေး ဖန်ခွက်ကိုလာချ၍ ရွှေရေးထူးခြားထိုင်နေသောဘက်သို့ အအေးဖန်ခွက်ကို တွန်းရွှေ့ပေးကာ…

"ထူးခြား…အအေးလေး သောက်လိုက်ပါဦး၊ ခဏတဖြုတ် အမောဖြေပြီးမှ လုပ်ငန်းစတာပေါ့"

ရွှေရေးဆက်၏ ညှို့ဝတ်ကျေမှုကို မခံရဲသူပီပီ ထူးခြားအားနာသော မချိပြုံးဖြင့် ခေါင်းကို ဆတ်ခနဲညိတ်ကာ အအေးဖန်ခွက်ကို ခပ်ရိုရိုလှမ်းယူပြီး တစ်ငုံ ငုံလိုက်သည်။

အအေးတစ်ငုံသောက်ပြီးသည်နှင့် ထူးခြား အိမ်ကြီး၏ခမ်းနားထည်ဝါမှုတွေကို ဝေ့ကြည့်လိုက်သည်။

ဒီလောက် ချမ်းသာကြွယ်ဝကြပါလျက်နှင့် မှာန်မာ့တစ်စက်ကလေးမှမရှိကြသော ရွှေရေးဆက်တို့မိသားစုကိုကြည့်ပြီး ထူးခြားစိတ်ထဲမှာ အတော်လေးကို လေးစားမိသွားသည်။

"ဒါနဲ့ မောင်ထူးခြားအသက်က ဘယ်နနှစ်လောက်ရှိပြီလဲကွယ်၊ ဟို…အသက်မေးလို့ ယဉ်ကျေးမှု မရှိဘူးလို့တော့ မထင်ပါနဲ့ကွယ်၊ သီဟတောနဲ့ ရုပ်ချင်းပါ ဆင်ရုံမကဘူး၊ အသက်ပါတူနေမလားလို့ သိချင်သွားလို့ပါ"





ဒေါ်ခိုင်သဇင်မေးမှပင် ထူးခြား ကိုယ့်အသက်ကိုယ်ပြန်စဉ်းစားရ၏။ သို့သော် ဘာတစ်ခုမှ စဉ်းစား၍မရလောက်အောင် အဖြေက ထွက်မလာ။ ခေါင်းထဲမှာ နောက်ကျိရီဝေလာသလို ခံစားရသည်။

"ကျွန်…ကျွန်တော့်အသက် ဘယ်လောက်လဲဆိုတာကျွန်တော် မသိဘူး အန်တီ၊ ကျွန်တော့်နာမည် ထူးခြား၊ ကျွန်တော်ဟာ အဘွားဒေါ်ခင်ကြည်ရဲ့မြေး ဆိုတာကိုပဲ ကျွန်တော်သိတယ်"

ထူးဆန်းလွန်းသော ထူးခြား၏စကားကြောင့် ဒေါ်ခိုင်သဇင်နှင့် ရွှေရေးဆက် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။

ရွှေရေးဆက် ထိုအခြေအနေကို အလွတ်မပေး။

"ဒါဆို ရှင့်မိဘနာမည်ကိုလည်း ရှင်မသိဘူးလား"

ထူးခြား အမြင်မှာတော့ ရွှေရေးဆက်၏အမေးကို တမင်ရွဲ့ပြီး မေးသည်ဟုပဲ တွေးထင်ထားလိုက်မိကာ

"ကျွန်တော့်ကို ဝေဖန်ရင်လည်း ကျွန်တော်ခံရမယ်ဆင်တယ်၊ ကျွန်တော့်မိဘတွေ ဘယ်သူဘယ်ဝါ၊ နာမည်ဘာလဲ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ကျွန်တော့်ကို အဘွားက ခုချိန်ထိ ပြောမပြထားသေးဘူ
မရွှေရေးဆက်၊ ဒါကြောင့် ကျွန်တော်မသိဘူး"

ထင်ကြေးနှင့် မျှော်လင့်ချက်တွေက ရွှေရေး အာရုံထဲမှာ လက်ခနဲ ပြန်၍တောက်ပသွားသည်။

"အင်းပေါ့လေ…မောင်ထူးခြား မသိဘူးဆိုတော့လည်း အနှိတ် မမေးတော့ပါဘူးကွယ်"

"မာမီ…ကိုထူးခြားကို ရွှေရေးတို့ ဟိုဘက်တိုက်ကလေး ကို အရင်ဆေးသုတ်နိုင်းရင် ကောင်းမလားမသိဘူးနော်"

မျက်ရိပ်မျက်ကဲဖြင့် မေးလိုက်သော ရွှေရေး၏ အမေး ဒေါ်နိုင်သဇင်ကလည်း ကောင်းစွာ သဘောပေါက် သည်။

"အင်း…သမီးသဘောပဲလေ၊ သမီးကောင်းသလို စီစဉ်ပေါ့ကွယ်"

ရွှေရေးဆက် ထူးခြားကို ခပ်ဆွေးဆွေးလှမ်းကြည့် သူမနှင့်သီဟတေးတို့ လက်ထပ်ပြီးလျှင်နေဖို့ အကောင်းဆုံးနှ အလှဆုံးဖြစ်အောင် ဆောက်ထားသော အိမ်ကလေးဆီသို့ ခေါ်သွား ရန် စိတ်ကူးလိုက်ခြင်းဖြစ်သည်။





ထိုအိမ်ကလေးက ခုထိလူမနေရသေးသဖြင့် သစ်လွင် တောက်ပနေဆဲ။ ရွှေရေးဆက်စိတ်ထဲ ထိုအိမ်ကလေးဆီကိုရောက် လျှင် ပြောင်းလဲသွားမည့် ထူးခြား၏အမူအရာကို စောင့်ကြည့်ချင် သည်။

ထိုအိမ်ကလေးက တေးကိုယ်တိုင် ဒီဇိုင်းဆွဲပြီး စိတ်တိုင်း ကျဆောက်ထားသော အိမ်ကလေးမို့ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၀ )

ပန်းသခွားရောင်ဖြင့် လှပခေတ်မီလွန်းသော တိုက်ကလေးကိုကြည့်ပြီး ထူးခြား တိုက်ကလေးရှေ့မှာ တွေတွေကြီး ရပ်နေမိ၏။

"ဒီအိမ်ကလေးကိုမြင်ပြီး ရှင် တစ်ခုခုခံစားသွားရလို့လား ထူးခြား"

ရွှေရေးဆက်အမေးကြောင့် ထူးခြား ဆတ်ခနဲ လှမ်းကြည့်လိုက်ပြီး

"ဟင့်…မခံစားရပါဘူး၊ လှလို့ ကြည့်ရုံသက်သက်ပါ၊ ကျွန်တော့်ဘဝမှာ ဒီလိုအိမ်မျိုး တစ်ခါမှမတွေ့ဖူးဘူး၊ ဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



မျက်စိအရသာခံပြီးကြည့်နေတာ၊ အိမ်ပုံစံလေးက ဟန်းခြံနဲ့ရေတံခွန်လေးကြောင့် ပိုပြီး ရိုမန့်ဆန်သလို ဖြစ်သွားတယ်နော်၊ ဒီအိမ်ဆောက်တဲ့လူ တော်တော်လေး စိတ်ကူးကောင်းတယ်”

“ဟုတ်လား..အဟင်း..အဲဒါ ရေးချစ်သူကိုယ်တိုင် ပုံစံထွင်ပြီး ဆောက်ထားတာလေ”

“သြော်... တော်တော်ဦးနှောက်ကောင်းတဲ့လူနော်၊ အိမ်ပုံစံလေးက အနောက်တိုင်းဘက်ကို နည်းနည်းလေးနွယ်နေပေမယ့် ဒီကပုံစံတွေနဲ့ယှဉ်ရင် အရမ်းကို ပေါ့ပါးလွတ်လပ်ပြီး ကောင်းကင်မှာ ပျံ့ဝဲတက်နေတဲ့ပုံစံမျိုး”

“မဆိုးပါဘူး၊ ရှင်လည်း မြင်တတ်တာပဲ၊ ကဲပါ...လာ အိမ်ထဲလိုက်ပြမယ်”

ရွှေရေးဆက် ရှေ့မှဦးဆောင်ခေါ်လိုက်ပြီး အိမ်ထဲကိုဝင်လာလိုက်သည်။ အိမ်အတွင်းခန်း အလှဆင်မှုတွေကလည်း ဇော စိတ်ကြိုက် ဖန်တီးထားတာတွေပဲမို့ ထူးခြားကို တအံ့အဖြစ်နဲ့ ပြန်၍မြင်ယောင်စေချင်သည်။

“ဟား...ဒီအိမ်ထဲရောက်တော့မှ စိတ်ထဲ ပိုပြီးလန်း





ဆန်းသွားသလိုပဲ၊ နံရံတွေမှာ ကပ်ထားတဲ့ စကျင်ကျောက်ကလေးတွေကလည်း တော်တော်လေး အိပ်မက်ဆန်တယ်၊ ဒီအိမ်ထဲကို ရောက်တာ ကျွန်တော့်အဖို့ တခြားကမ္ဘာသစ်တစ်ခုထဲကို ရောက်သွားသလိုပဲ၊ ဒီအိမ်ကလေးကို မရွှေရေးဆက် ပိုင်တယ်ဆိုတော့ အရမ်းကို လေးစားအားကျတယ်ဗျာ၊ ခင်ဗျားချစ်သူဟာ ဘေးမှာ တစ်ဘဝလုံး စိတ်ချမ်းသာမှုတွေပေးနိုင်မယ့် ယောကျ်ားကောင်းတစ်ယောက်ဆိုတာ အနုစိတ်ပြင်ဆင်ထားတဲ့ သူ့အိမ်ပုံစံကိုကြည့်တာနဲ့ တန်းပြီးသိနိုင်ဂ . ၄်”

ထူးခြား၏စကားကြောင့် ရွှေရေးဆက် ရယ်လိုက်သည်။ ထိုရယ်သံသည် သိပ်တော့အသက်မပါလှ။

“ဒါနဲ့ ကျွန်တော်က ဒီအိမ်ကို ဘာလုပ်ပေးရမှာလဲ”

“မီးဖိုခန်းနံရံတွေကို ဆေးတစ်ထပ်ပြန်သုတ်ပေးရုံပါပဲ”

“သြော်...အခန်းနံရံတွေရဲ့ ဆေးသားတွေက အသစ်အတိုင်းပဲ ရှိသေးတယ်နော်”

“ဟုတ်တယ်...ဒါပေမဲ့ ရွှေရေးက ဒီအရောင်ကို သိပ်မကြိုက်ဘူးလေ၊ ဒါကြောင့် ဆေးအသစ်ပြန်ပြောင်းသုတ်ချင်တာ”



www.burmeseclassic.com

www.burmeseclassic.com



"ဩော်"

ထူးခြား ဩော် ဟုဆိုကာ ခေါင်းတညိတ်ညိတ်ဖြင့် ပိုက်ဆံရှိတဲ့လူတွေများ ငွေပေါတော့ အမျိုးမျိုးဇာချဲ့ကြသည်ဟု တွေးလိုက်မိသည်။

ထို့နောက် ရွှေရေးဆက် ရှေ့က လျှောက်ဝင်သမျှ အခန်းတွေကို ထူးခြားပါ နောက်ကလိုက်ဝင်လိုက်သည်။

"ဒီအခန်းက ရွှေရေးနဲ့ ရွှေရေးချစ်သူနေဖို့ အခန်းလေး"

"ဟုတ်ကဲ့…တော်တော်လေး ခမ်းနားတယ်နော်"

ပန်းရောင်ဖျော့ဖျော့ ဖဲမွေ့ရာကြီးနှင့် ရင်ခုန်စရာကောင်းသော မင်္ဂလာခုတင်ကြီးကို ထူးခြားအား တမင်ပင်ပြလိုက်ခြင်းဖြစ်သည်။

ထူးခြား၏မျက်နှာပေါ်မှ တရိပ်ရိပ်ဖြတ်ပြေးသွားသော ပြောင်းလဲမှု အရိပ်အယောင် တစိုးတစိမျှ မတွေ့ရသေး။ ရွှေရေးဆက် သက်ပြင်းမှောတစ်ခုကို မသိမသာ ခိုးချလိုက်သည်။

ဘာအကြောင်းကြောင်းတွေရှိလို့ ဘဝအမှန်ကို ဖုံးကွယ်ခဲ့ရတာလဲဟုသာ ပေါ်တင်မေးချလိုက်ချင်သော စိတ်ကို ရွှေရေး





မနည်းပင် ချိုးနှိမ်ထားရ၏။

တစ်ချိန်က ခိုဝင်မိန်းမောခဲ့ရသော ရင်ခွင်ကျယ်ကို ရွှေရေးဆက် လွမ်းပါသည်။ ပြောခဲ့ဖူးသော စကားတွေ၊ ပေးခဲ့ဖူးသေ အနမ်းချိုချိုတွေ၊ နွေးထွေးရှိန်းမြခဲ့သည့် ကိုယ်ငွေ့နွေး နွေး၏ အထိအတွေ့ နူးညံ့မှုတွေ၊ ဒါတွေအားလုံးဟာ တေးဆီမှာပဲ ရှိနေခဲ့တာ။

ထူးခြားဟာ တေး မဟုတ်ခဲ့ဘူးဆိုရင် တေးနှင့်တုန်းက ရင်ခုန်ခံစားမှုမျိုး ဘာကြောင့် ရွှေရေးဆက် ခံစားခဲ့ရတာလဲ။ ရွှေရေးဆက်အားမှာ မထုံတက်တေးနှင့် ရှိနေသော ထူးခြားဟာ တေးဖြစ်နေရဲ့သားနှင့် ဒီအိမ်ကလေးကို မြင်ရုံနှင့် ဘာကြောင့် များ တစိုးတစိမှ ပြောင်းလဲခြင်းမရှိခဲ့ရတာလဲ။

ရွှေရေးတို့ ချစ်သူနှစ်ဦးက ကံကြမ္မာက ရှင်ခွဲ ခွဲခဲ့တာလား၊ သေခွဲ ခွဲခဲ့တာလားဆိုတာ အသေအချာ သိချင်ပါသည်။

ရင်ထဲက နှလုံးသားတွေသည် စာရွက်တစ်ရွက်လို ဆုတ်ချေခြင်းခံလိုက်ရသကဲ့သို့ ကြေမွစုတ်ပြတ်သတ်၍နေသည်။

ရင်ထဲမှာ ဒဏ်ရာဗရပွနှင့် ခံစားနေရသော နာကျင်မှု



www.burmeseclassic.com

တွေကို ကံကြမ္မာကြောင့်ဟုပဲ အပြစ်ပုံချလိုက်ရတော့မှာလား။

ကိုယ့်ရှေ့မှာ ရပ်နေတဲ့ ချစ်သူက ကိုယ့်ကို မသိသလို ပုံစံမျိုး ချိုးနေတာဟာ ဘယ်လောက်ခံရခက်လိုက်သလဲ။ လောကမှာ လူတူမရှား နာမည်တူမရှားဆိုသော စကားအတိုင်း လောကကြီးမှာ လူတူတယ်ဆိုတာ ရှိလာခဲ့ဦးတော့ ထူးခြားဟာ တေးနှင့် ရပ်ရော အသံရော လှုပ်ရှားပြောဆိုပုံရော ခွဲမရအောင်တော့ လာမတူနိုင်။

ရပ်တူတာလောက်နှင့်ဆိုလျှင် မြွေရေး လက်ခံပါသည်။ ခုဟာက ရပ်တင်တူနေတာမှမဟုတ်တာ။

ကိုယ့်အား ဘာမှမသိသလိုဟန်နှင့် ဥပေက္ခာပြုနိုင်လွန်းသော ချစ်သူကိုကြည့်ပြီး မြွေရေးဆက် ခန္ဓာကိုယ်တစ်ခုလုံး ဝမ်းနည်းကြေကွဲခြင်းတွင် လောင်မြိုက်သွားပြီဟုထင်မိ၏။

ရင်တွင်း မပေါ့ပါးသောဝေဒနာက ရင်ဘတ်တစ်ပြင်လုံး တင်းခဲကျပ်ဆို့၍နေ၏။

သိမ်မွေ့ဆိုတဲ့ မိန်းကလေးကို ချစ်မိသွားလို့ မြွေရေးကို တမင်ပင် ဥပေက္ခာပြုလိုက်တာများလား။





ရင်ထဲမှ သံသယအတွေးတွေက မျက်ဝန်းအိမ်မှ ကျလုကျခင် မျက်ရည်တို့နှင့်အတူ ဝေဝါးလာသည်။

www.burmeseclassic.com

## အခန်း (၂၁)

"ဟင်···မြေးမလေးရွှေရေးက ဒီလောက်အိမ်လေး ကို ဆေးသုတ်ပေးရုံနဲ့ ခုလိုမျိုး ငွေတွေကို သိန်းနဲ့ချီပြီး ပေးလိုက်သတဲ့လား"

ထူးခြား ချပေးလိုက်သော ငွေတစ်ထပ်ကြီးကိုကြည့် ပြီး အဘွားဒေါ်ခင်ကြည် ရင်ဘတ်တဖိုဖိုနှင့် အတော်လေးကို တအံ့တသြဖြစ်၍နေ၏။

"သူတို့က ချမ်းသာတာပဲ၊ ဒီလောက်ငွေလောက်ကို မှုမလား အဘွားရယ်"

"ဘာပဲဖြစ်ဖြစ် ဒီကလေးမက အတော်လေးကို စိတ်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းရှိလိုက်တာကွယ်၊ ဒီလို စိတ်နှလုံးဖြူစင်တဲ့ ကလေးမမျိုး တစ်ခါမှမကြုံဖူးဘူး၊ ဒီရပ်ကွက်ထဲမှာလည်းမရှိဘူး''

ဘွား ဒေါ်ခင်ကြည် သိမ်မွေ့နှင့်ရွှေရေးဆက်ကို နှိုင်းယှဉ်ပြောဆို စကားစရှာလိုက်သည်။ ပြီးနောက် နှုတ်ခမ်းကို တွန့်မဲ့ပြီး မဲ့ပြုံး တစ်ချက်ပြုံးကာ

''သိမ်မွေ့တို့နဲ့များ ကွာပါ့၊ အလုပ်ကို တစ်နေကုန် တစ်နေခန်း မတန်တဆတွေခိုင်း၊ ဒီက လူငနွားလေးကလည်း သိမ်မွေ့ မျက်နှာကိုသာ မြင်နေရမယ်ဆိုရင် ဗိုက်ဆာတစ်ပြားမှ မရလည်း နေပါစေ၊ ရွံ့တွေ သဲတွေစားပြီး အသေအကျေလုပ် မယ့်ကောင်၊ ဗိုက်ဆာကျတော့လည်း ငမ်းကြောထတာနဲ့ပဲ မရှု တာကများတယ်''

''ဟာ…ဘွားကလည်း''

''ဘာ ဘွားကလည်းလဲ၊ ဘွားအေက အသက်ကြီး ပေမယ့် အခြေအနေအားလုံးကို အမှန်အတိုင်းသုံးသပ်တတ်ပါ တယ်တော့၊ ဒါနဲ့နေပါဦး၊ မင်းနဲ့သိမ်မွေ့အခြေအနေကရော ဘယ်လို အခြေအနေအထိ ရောက်နေကြပြီလဲ''





''ဒီလိုပါပဲ ဘွားရာ၊ ကျွန်တော်မှ သူ့ကို ဖွင့်မပြောရဲ သေးတာ''

''ဒါဆို ဘာဖြစ်လို့ အချိန်ဆွဲနေသေးလဲ၊ ဟိုက နိုင်း ကောင်းအောင်လို့လား''

''မဟုတ်ပါဘူး ဘွားရာ၊ ကျွန်တော် ဖွင့်ပြောလိုက်ရင် သိမ်မွေ့စိတ်ဆိုးပြီး ရှိရင်းစွဲခင်မင်မှုလေး ပျက်သွားမှာစိုးလို့ပါ''

''အဲဒါဆို မင်းက အဲဒီအိမ်မှာ ဘယ်အခြေအနေ ဘယ်အချိန်ကာလအထိ ကျေးကျွန်အဖြစ် အလုပ်အကျွေး ပြုနေ မှာလဲ၊ အဘွားတော့လေ အဘွားမြေးကို အဲဒီလို လူပေါကြော မိန်းကလေးမျိုးနဲ့ လုံးဝသဘောချင်တာမဟုတ်ဘူး၊ မယူရသေး ခင်တောင် သူ့အိမ်မှာ ကျေးကျွန်ဖြစ်နေရင် ယူသာပြီးသွားရင်တော့ မင်းရဲ့တန်ဖိုးကို အိမ်သာသုံးခွက်တစ်ခွက်လောက်တောင် တန်ဖိုးထား အသိအမှတ်ပြုမှာမဟုတ်တော့ဘူး၊ ဒီမိန်းကလေးကို ယူရင် ငါ့မြေးရဲ့ ဘုန်းတွေကံတွေက ဘယ်လိုမှ တက်လာမှာ မဟုတ်ဘူး၊ မှေးမှိန်ပြီး ရင်း မှေးမှိန်တော့မှာ''

အဘွား၏စေတနာနှင့် ကရုဏာဒေါသကို ထူးခြား



www.burmeseclassic.com

www.burmeseclassic.com



နားလည်သဘောပေါက်၍ ဘာတစ်ခုမှ ပြန်ပြီးစောဒကမတက်ချင်တော့။ ကျေးဇူးရှင်အဘွားၡ် စေတနာ မေတ္တာတရားတွေကို ထူးခြား အပြည့်အဝနာခံရမည်ပင်။

"ဒါကြောင့် ဘွားကတော့ အကောင်းဆုံးအကြံဉာဏ်ပေးချင်တယ်၊ ဘွားရဲ့အကြံဉာဏ်ကို မင်းလက်ခံပေးပါ မြေး ရယ်၊ အတိတ်ပျောက်နေတဲ့ ဘွားမြေးလေးကို အနာဂတ်ပါ ထပ်မပျောက်စေချင်ဘူးကွယ်"

"ဘွားရဲ့ကျေးဇူးတရားနဲ့ စေတနာကို ကျွန်တော်နားလည်ပါတယ် ဘွား"

ထူးခြား၏ ကျေးဇူးတရားသိမှုကို ဘွား သိလိုက်၍ ခေါင်းတညိတ်ညိတ်ဖြင့် ကျေနပ်စွာပြုံးလိုက်သည်။

"ဒါဆို ရွှေရေးလေးဆီမှာ သား အမြဲတမ်းလုပ်လို့ရမယ့် အလုပ်တစ်ခုပေးဖို့ အကူအညီတောင်းလိုက်ရမလား"

"ဘွား မျက်နှာအောက်ကျပါ့မယ် ဘွားရယ်၊ ကျွန်တော်ညဘက်တင်မဟုတ်ဘူး၊ နေ့ဘက်ပါ ဆိုက်ကားနင်းလို့ရအောင်အုံနာကိုပြောပါမယ်"





"အို…ဆိုက်ကားဆရာဘဝကြီးကိုတော့ ဘွား သဘောမကျပါဘူးကွယ်၊ နေပူကျဲတဲကြီးထဲမှာ ဘယ်လောက်ပင်ပန်းလိုက်သလဲ၊ နောက်ပြီး ဘာတက်လမ်းမှလည်းမရှိဘူး၊ ရွှေရေးလေးဆီမှာ အကူအညီတောင်းမှ သူက သားနဲ့သင့်တော်မယ့်အလုပ်ကို ပေးမှာပေါ့၊ ဒါဆို သားဘဝအတွက် တိုးတက်မှု တော့ရှိလာမှာ"

အဘွား သူ့ဇယားနှင့်သူတော့ အကွက်ကိုစေ့နေ၏။ ထူးခြား ဘာမှမပြောလိုတော့၍ ဘွားသဘောပဲဟုပြောကာ သက်ပြင်းခိုးကို မသိမသာချလိုက်သည်။

ရွှေရေးဆက်…ဒီမိန်းကလေး ဘာကြောင့် ဆင်းရဲနုံချာလွန်းသော ဒီအိမ်လေးထဲကို အကြောင်းမဲ့သက်သက်ရောက်လာတာလဲ။

ㄱ ㄱ ㄱ



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"သြော်...ဒါများ ဘွားရယ်၊ ရွှေရေးတို့ အဲဒီလောက် ထိ ရိုရိုကျိုးကျိုး ပြောစရာမလိုပါဘူး၊ ကိုထူးခြားကို ရွှေရေး အကူအညီပေးမှာပါ"

ရွှေရေးဘက်က စေတနာတွေ လွန်ကဲသော လိုက်လျော မှုကြောင့် ဘွားဒေါ်ခင်ကြည် ပြောမပြတတ်အောင်ပင် ဝမ်းသာ သွားခဲ့ရ၏။ ထို့ကြောင့် ထူးခြားကို ရွှန်းရွှန်းစားစားကြီးကြည့် ကာ

"အမလေး...ကျေးဇူးတွေက ကြီးပြီးရင်း ကြီးနေတော့ ပါလားကွယ်၊ တွေ့လား...ထူးခြား၊ ဘွားတို့မြေးအဘွားပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ရွှေရေးလေး ဘယ်လောက်စေတနာထားလဲဆိုတာ သားသိပြီ မဟုတ်လား၊ ဒါကြောင့် ကျေးဇူးတရားကို အမြဲသိရမယ်နော်"

"ဟုတ်ကဲ့ပါ ဘွား"

"ထူးခြားရေ…ထူးခြား"

ရွှေရေးဆက်၏ ရပ်ထားသော ကားဘေးနားတွင် ရပ်နေသော သိမ်မွေ့ ကားကိုကြည့်လိုက်၊ အိမ်ထဲကိုလှမ်းကြည့်ပြီးခေါ်လိုက်နှင့် မျက်နှာပေါ်မှာ စူးစမ်းသော အရိပ်အယောင်တွေ ထင်ဟပ်၍နေ၏။

"ဟင်…မသိမ်မွေ့"

ထူးခြား ထိုင်နေရာမှ သိမ်မွေ့ကို လှမ်းတွေ့တော့ ပြုံးပြုံးပျာပျာ ဖြစ်သွားသည်။ သိမ်မွေ့ အိမ်ပေါက်ဝဆီသို့ လျှောက်လာသည်။

"ထူးခြား…နင်ဘယ်လိုလုပ်လိုက်တာလဲဟယ်၊ မနေ့ကတည်းက ရေစက်ပြင်တဲ့လူကို သွားခေါ်ပေးဆိုတာကို နင်ခေါ်မပေးထားဘူး"

"ကျွန်တော် ခေါ်ထားပါတယ်၊ သူလာခဲ့မယ်လို့လည်း





ပြောတယ်"

"ဒါဆို လာရမှာပေါ့၊ ခု ဘာလို့မလာလဲ၊ နင် သေသေချာချာ မပြောခဲ့လို့နေမှာပေါ့ဟဲ့၊ ခု အိမ်မှာ ရေမတင်ရတော့ သုံးစရာရေကိုမရှိဘူး၊ ခိုင်းလိုက်ရင် ဘယ်တော့မှ သေသေချာချာ မလုပ်ဘူး"

သိမ်မွေ့၏ ရင့်သီးသောစကားတွေကို ထူးခြား ဘာမှ ပြန်ပြီး စောဒကမတက်ရဲဘဲ ငြိမ်နေလိုက်သည်။ ဧည့်သည်ရှိမှန်းသိသိကြီးနှင့် တမင်ပင် ထူးခြားကို ပါဝါလာပြနေမှန်း ကြည့်ရုံနှင့်ပင် သိသာ၍နေသည်။

သိမ်မွေ့အကြည့်တွေက အထက်တန်းလွှာလို ဝတ်စားဆင်ယင်မှုမျိုးဖြင့် ကြွကြွရွရွလေး လှနေသော ရွှေရေးထံသို့ ကွက်ကြည့်ကွက်ကြည့် ရောက်နေ၏။

ရွှေရေးဆက်ကတော့ သိမ်မွေ့ကို လုံးဝမကြည့်မိအောင် အကြည့်တွေကို တစ်နေရာသို့ ပို့ထားလိုက်၏။ မိန်းမတစ်ယောက်၏ ရင့်သီးသောပြောဆိုမှုကို ပြားပြားဝပ်ငြိမ်နေသော ထူးခြား ကိုသာ ရင်မှာ သနားနေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



မိန်းမတစ်ယောက်၏ အချစ်တွေကို ပိုင်ဆိုင်ရဖို့အတွက် ယောကျ်ားတစ်ယောက်ရဲ့ မာနနဲ့ ဘုန်းကံတွေကို ထိုမျှလောက် ကျိုးဝပ်ကျုံ့စေရသလား တေးရယ်။ မြွေရေး ရင်ထဲမှာ တဆစ်ဆစ်နဲ့ နာကျင်လိုက်ရတာ။

"ကျွန်တော် နောက်တစ်ကြိမ် ထပ်ပြီးသွားပြောပေးပါမယ်"

"ဒါဆိုလည်း မြန်မြန်သွားပြောပေး၊ ပြီးရင် အိမ်ကိုလာခဲ့ဦး၊ အုတ်ကန်လုယ်ရမယ်"

"ဟုတ်ကဲ့"

သိမ်မွေ့ခင် မည်သူ့ကိုမှ နှုတ်မဆက်ဘဲ အိမ်ရှေ့မှ ဘောက်ဆတ်ဘောက်ဆတ်ဖြင့် ပြန်လှည့်၍သွားသည်။

ဘွားဒေါ်ခင်ကြည် ဘာမျှဝင်မပြောဘဲ သက်ပြင်းခပ်ကြမ်းကြမ်းကိုချလိုက်သည်။

ထူးခြားပါ သိမ်မွေ့နောက်ကနေ ဝေါက်ခနဲထလိုက်သွားတော့သည်။ မြွေရေးဆက် ထူးခြားနောက်ကျောပြင်ကို လှမ်းကြည့်ပြီး ရင်ထဲမှာ လှိုက်ခနဲ ဆို့တက်လာသည်။





"ဘွားမြေးလေးက အဲဒီမိန်းကလေး မှိုင်းမိနေတယ် ထင်ပါရဲ့ကွယ်၊ သူ့ခမျာ အစွဲအလမ်းကြီးလွန်းတော့လည်း ဘွားမှာ မကြည်ဖြူချင်ပေမယ့်လည်း ကိုယ့်မြေးစိတ်ချမ်းသာဖို့အတွက် အသာပဲ မျိုသိပ်နေရတယ် မြေးရယ်"

"ကောင်းပါတယ် ဘွားရယ်၊ လူငယ်တွေရဲ့ နှလုံးသားရေးရာကိစ္စကို ဘွား ဥပေက္ခာပြုထားတာ အကောင်းဆုံးပါပဲ၊ ထူးခြား စွဲလမ်းမယ်ဆိုလည်း စွဲလမ်းလောက်တဲ့ အလှပိုင်ရှင်လေးဆိုတော့ သူချစ်ဒိသွားတာမဆန်းပါဘူးလေ"

မြွေရေး၏ ဖြေသိမ့်ပေးမှုတွေသည် အားပျော့သော လေပြည်လေညင်းလေးလို ညင်းသွဲ့သွဲ့လေး။

ရင်ထဲမှာ ငိုနေမိတာကိုတော့ ဘယ်သူသိနိုင်မလဲ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

"ရှင်…ကားမောင်းတတ်သလား ကိုထူးခြား"

"အင်း…တစ်ခါမှတော့ မမောင်းဖူးဘူး၊ ဒါပေမဲ့ ကျွန်တော့်စိတ်ထဲမှာ ကားကို ကျွမ်းကျွမ်းကျင်ကျင် မောင်းတတ်တယ်လို့ပဲ စိတ်ကထင်နေမိတယ်"

"ဟင်…ကိုထူးခြားစကားက ထူးဆန်းပါလား"

"ဟုတ်တယ်…ကျွန်တော့်ကိုယ်ကျွန်တော်လည်း ထူးဆန်းနေတယ်၊ ဘာကြောင့်ထူးဆန်းနေတာလဲဆိုတဲ့ အဖြေကိုလည်း ကျွန်တော် မသိဘူး"

နဝေတိမ်တောင်ဖြစ်နေသော ထူးခြားကိုကြည့်ပြီး ရွှေရ



www.burmeseclassic.com

www.burmeseclassic.com



မည်သို့သော ထင်မြင်ချက်ပေးရမှန်းတောင်မသိတော့။ မသိစိတ်ထဲမှာ ကားမောင်းတတ်ပြီး အသိစိတ်ထဲမှာတော့ ကားမမောင်းတတ်ဘူးဆိုတာ သမားရိုးကျစိတ်ခံစားမှုတစ်ခုတော့ မဖြစ်နိုင်။

ဘဝတစ်ခုကနေ တစ်ခုကို ခုန်ကူးလာသလို အတိတ်ကို ပြန်မမှတ်မိတော့တာလား။ ဘုရား…ဒါဆို ထူးခြားဟာ မဟုတ်မှလွဲရော၊ ကိုမာဝင်နေတဲ့ လူတစ်ယောက်များလား။ အတိတ်ကို လုံးဝမမှတ်မိသော စိတ်ဝေဒနာရှင် ဖြစ်နေလို့လား။ အတိတ်က အကြောင်းအရာအားလုံးကို မေ့နေတာဖြစ်မည်။

ရွှေရေးဆက် ထူးခြားကို တစေ့တစောင်း ပြန်၍အကဲခတ်လိုက်သည်။ ထူးခြား ကားကို ဟိုနေရာပွတ်သပ်ကြည့် ဒီနေရာကိုင်ကြည့်၊ ကားအောက်ပိုင်းတွေကို ငုံ့ကြည့်လိုက်နှင့် ကားနှင့်ယဉ်ပါးနေသူတစ်ယောက်လို ပုံစံမျိုး။

အမှန်ဆို ဒီကားက ရွှေရေးဆက်ရဲ့ကားမှ မဟုတ်တာ။ တစ်ချိန်က တေးရှိစဉ်တုန်းက တေးစီးခဲ့တဲ့ကား။ ဒီကားလေးကို တေး အရမ်းမြတ်နိုးခုံမင်ခဲ့တယ်ဆိုတာ တေးပြောပြဖူးလို့ ရွှေရေးသိထားခဲ့ပြီးသား။





ထို့ကြောင့်လည်း တေးရဲ့ကားလေးကိုယူလာပြီး ထူးခြားစိတ်ခံစားမှုကို ဖတ်နိုင်အောင် ကြိုးစားခဲ့ခြင်းဖြစ်သည်။

"ရှင်…ဒီကားလေးကို သဘောကျလား"

"အင်း…အတော်လေးကို လှတယ်နော်"

"မောင်းရော ကြည့်ချင်လား"

"ဟာ….မမောင်းရဲပါဘူး၊ တော်ကြာ တစ်ခုခုဖြစ် ရင်ကျွန်တော် မလျှော်နိုင်ဘူး"

ထူးခြား မဖြစ်နိုင်၍ ငြင်းသည်။ မောင်းချင်စိတ်ရှိနေပေမယ့် မောင်းမှမမောင်းတတ်ဘဲ။ ဘယ်လိုအရည်အချင်းနဲ့ ဒီကားကို တက်မောင်းရမှာလဲ။ စိတ်ထဲမှာ စတီယာရင်ကို ရင်းနှီးနေပေမယ့် ကိုင်တောင်ကိုင်ဖူးတာမဟုတ်။

"ရှင် ဘာမှမဖြစ်ပါဘူး၊ ဖြစ်ခဲ့ရင်လည်း ရှင့်ကို ဘာမှ မလျှော်ခိုင်းဘူး၊ ရော့…ကားသော့"

ရွှေရေးဆက် လှမ်းပေးသော ကားသော့ကိုယူရန် ထူးခြား သက်ရှယ်လိုက်သည်။ ပြီးမှ တစ်စုံတစ်ရာကို စိုးရိမ်သွားဟန်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်…ဖြစ်ပါ့မလား"

"ဖြစ်အောင်လုပ်ရင် ဖြစ်ပါတယ်၊ ရှင် ယောက်ျား
ဘာကိုတွန့်ဆုတ်နေရမှာလဲ၊ ကဲ…လာပါ တက်၊ ရှင့်ဘေး
ရွှေရေးလည်း လိုက်ထိုင်မှာပါ"

"မရွှေရေး မကြောက်ဘူးလား"

"ဘာကိုလဲ"

"ကျွန်တော် မမောင်းတတ်ဘဲ တက်မောင်းလို့ ကျရော
လာမယ့်အန္တရာယ်ကိုလေ"

"ဟင့်အင်း…မကြောက်ပါဘူး၊ ရွှေရေး ရှင့်ကို
ကြည်နေတယ်လေ"

ထူးခြား ဘာမှထပ်မပြောတော့ဘဲ ကားတံခါးကို
ဖွင့်ပြီး ကားမောင်းသူနေရာမှာ ဟန်ကျပန်ကျဝင်ထိုင်လိုက်သည်

ရွှေရေး ထူးခြား၏ဘေးခုံမှာ ဝင်ထိုင်လိုက်သည်။ ရွှေ
ရင်ခုန်နေသည်။ ဒီကားကို ထူးခြားမောင်းနိုင်လိမ့်မည်ဟု သိနေ
စိတ်ကလေး အသက်ဝင်စေဖို့ စိတ်ဈေလောနေသည်။ ထူး
ဒီကားလေးကို မောင်းနိုင်ခဲ့မည်ဆိုလျှင် ရွှေရေး ဆက်ထင်ထားသ





ထူးခြားဟာ အတိတ်မေ့ရောဂါဝင်နေတဲ့ တေးမှတေးအစစ်
ဖြစ်မည်ကျိန်းသေ၏။

ထူးခြား ကားသော့တံကို ကိုင်ကာ ဖွင့်လိုက်သည်။
ကားစက်သံ ခပ်ညက်ညက်ကလေး ထွက်ပေါ်လာသည်။

ရွှေရေးဆက် အသက်ပင် ခပ်ရှဲရှဲမရှူရဲလောက်အောင်
ကို စိတ်တွေလှုပ်ရှားနေသည်။ ထူးခြား သူ့စိတ်ကသာ ကြောက်
စိတ်ကြောင့် တွန့်ဆုတ်နေသည်ဟု ထင်နေရပေမယ့် တကယ်
တမ်း ကားစက်ကို အောင်မြင်စွာနှိုးနိုင်တော့ ရင်ထဲမှာ အုံ့ဩ
တုန်လှုပ်ခြင်းတွေက စာဖွဲ့ပြလို့ပင် ရနိုင်မည်မထင်။

သူ့လက်တွေထဲမှာ မှော်ဝင်နေသလားဟုပင် ထင်ယောင်
ထင်မှားဖြစ်မိ၏။ ကားလေးက ငြိမ့်ခနဲ မောင်းထွက်၏။

"ဟာ…ရတယ်၊ မောင်းလို့ရတယ်၊ ဟား…ဟား…
ဟား…ကျွန်တော် မောင်းလို့ရတယ် မရွှေရေး၊ ကျွန်တော့်ခန္ဓာ
ကိုယ်ထဲမှာ ဝိညာဉ်တစ်ခုဝင်ပူးပြီး မောင်းနေသလို ကားကို
ကျွမ်းကျွမ်းကျင်ကျင် မောင်းတတ်နေတယ်"

ထူးခြား ကားမောင်းနေရင်းမှ ဆားတွင်လိုက်ပါလာသေး



www.burmeseclassic.com

www.burmeseclassic.com



ရွှေရေးဆက်ကိုကြည့်ပြီး ဝမ်းသာအားရပြောလိုက်သည်။ ပြီးနောက် တဟားဟားဖြင့် ကလေးတစ်ယောက်လို ပေါ့ပေါ့ပါးပါး အော်ရယ်သည်။

ထိုတဒင်္ဂသည် ရွှေရေးဆက်အတွက် ယခင်အချိန်တွေတုန်းကလို ရင်ခုန်ခံစားမှုမျိုး ပြန်လည်ဝင်ရောက်လာသလို စိတ်အစဉ် ပေါ့ပါးလွတ်လပ်သွားသည်။

ကြိုတင်စီစဉ်ထားသည့်အတိုင်း အနောက်တိုင်းသီချင်း တစ်ပုဒ်ကို ဖွင့်လိုက်သည်။ ထိုသီချင်းကို တေး ကားမောင်းရင်း အမြဲနားထောင်နေကျ။

ကားကက်ဆက်မှ သီချင်းသံ တိုးတိုးထွက်လာသည်နှင့် ထိုမြူးဇစ်အတိုင်း လေလေးတချွန်ချွန်ဖြင့် စည်းချက်လိုက်နေ၍ ရွှေရေး ဘေးကနေကြည့်ကာ အမှန်ပင်အံ့သြဝမ်းသာ၍ နေသည်။ တေးရှိစဉ်တုန်းက ထိုသို့ သီချင်းနားထောင်ရင်း ကားမောင်းတိုင်း လေချွန်တတ်သည်။ ခုလည်း တေး နားထောင်နေကျ မြူးဇစ် ကိုဖွင့်ပေးလိုက်တော့ တေးလိုပင် လေချွန်၍ လိုက်ညည်း၏။

ဒါဆို သူဟာ တေးမှ တေးအစစ်။ ဘယ်လိုမှမမှား





နိုင်ဘူး။

တေးရယ်...ရွှေရေးဘဝထဲက တေး ထွက်မသွားသေးတဲ့အတွက် အရမ်းကျေးဇူးတင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

"ဘယ်လို...နင်အလုပ်ရသွားပြီ ဟုတ်လား"

ခပ်ဆတ်ဆတ်မေးလိုက်သော သိမ်မွေ့၏အသံမှာ ထူးခြား များထဲသို့ စိခနဲ တိုးဝင်လာသည်။ ထူးခြား အားနာပေမယ့် ညာ၍မရတာ။

"ဟုတ်တယ် မသိမ်မွေ့၊ အဘွားက ကျွန်တော့်ကို အလုပ်ရှာပေးတာ၊ ကျွန်တော် အဲဒီအလုပ်ကို မလုပ်ချင်ပေမယ့် အဘွားဆန္ဒကို ငြင်းလို့မရဘူးလေ၊ နောက်ပြီး ကျွန်တော့်ဘဝမှာ အကြီးမားဆုံး ရည်ရွယ်ချက်တစ်ခုရှိတယ်၊ အဲဒီရည်ရွယ်ချက် ဖြည့်ဖို့အတွက် ကျွန်တော် ငွေရှာမှဖြစ်မှာမို့လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



သိမ်မွေ့ ခပ်မဲ့မဲ့ရယ်လိုက်သည်။ သိမ်မွေ့မျက်နှာပေါ် မှာ မနာလိုရိပ်တွေ ထင်းနေပေမယ့် ထူးခြား ထိုမျက်နှာပေါ် အရိပ်၏အဖြေကို မရှာတတ်။

သူ့စိတ်ထဲမှာ သိမ်မွေ့နှင့် နေ့စဉ်မတွေ့ရတော့ဘူးဆိုသည့် အသိတစ်ခုက ဝေဒနာထုတစ်ရပ်လို အတော်လေးကို ပြင်းထန် ၏။

"ကျွန်တော် အလုပ်သွားလုပ်ပေမယ့် အားတဲ့အချိန် ရောက်တိုင်း မသိမ်မွေ့ဆီ ကူးလာပြီး လိုအပ်တာတွေလုပ်ပေး ပါ့မယ်၊ ဘာမှမပူပါနဲ့"

"မလိုပါဘူး၊ နင့်အလုပ်ကိုပဲ နင်လုပ်ပါ"

"ကျွန်တော့်ကို စိတ်ဆိုးနေတာလား"

"အို...စိတ်ဆိုးရအောင် နင်နဲ့ ငါနဲ့ ဘာမှမပတ်သက် တဲ့ဟာပဲ"

စိမ်းတောက်သောစကားဖြင့် ရင့်သီးစွာဆိုလိုက်သော သိမ်မွေ့၏ တုံ့ပြန်မှုကြောင့် အရဲစွန့်ပြီးပြောမည်ဆိုသော ရင်ဖွင့် စကားသည် လည်ချောင်းဝမှာပင် တစ်ဆို့သွား၏။





"ဒါဆို ကျွန်တော် အလုပ်ကပြန်လာတဲ့အချိန်တိုင်း သိမ်မွေ့ဆီကို လာခဲ့မယ်၊ သိမ်မွေ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးမယ်"

သိမ်မွေ့ ဘာမှမပြောဘဲ ငြိမ်သွားသည်။ အတော်လေး ကြာမှ

"ဟိုနေ့က ငါတွေ့ခဲ့တဲ့ ကောင်မလေးက နင့်အသွားနဲ့ ဘာပတ်သက်လဲ၊ တော်တော်လေး ပိုက်ဆံရှိမယ့်ပုံပဲနော်၊ လှလည်း လှတယ်"

"အသွားရဲ့အသက်ကို ကယ်တဲ့ ကျေးဇူးရှင်လို့တော့ ပြောတာပဲ၊ အသွားအပေါ်မှာ တော်တော်ကို ဂရုစိုက်တယ်၊ သဘောလည်း ကောင်းပါတယ်၊ အိမ်ကို မကြာမကြာလာတိုင်း အသွားအတွက် ဓာတ်စာတွေ အများကြီးဝယ်လာတတ်တယ်"

သိမ်မွေ့ ဟွန့်ခနဲ အသံထွက်အောင် မဲ့လိုက်သည်။

"နင့်ကိုအလုပ်ပေးတာလည်း သူပဲပေါ့၊ ငါထင်ရင် လွဲခဲ့တယ်နော်၊ ဟုတ်တယ်မဟုတ်လား"

"ဟုတ်တယ်၊ ကျွန်တော် သူ့ဆီမှာ ကားမောင်းရမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်...နင်က ကားမောင်းတတ်တယ်၊ ဘယ်တုန်းက သင်ခဲ့တာလဲ"

"မသင်ဘူး၊ ကိုယ့်ကိုယ်ကိုလည်း မမောင်းတတ်ဘူးထင်ခဲ့တာ၊ မနေ့က တက်မောင်းကြည့်တော့ အတော်လေးကို ကျွမ်းကျွမ်းကျင်ကျင် မောင်းတတ်နေတယ်"

ထူးခြားအဖို့ အတိတ်က စာမျက်နှာတွေကို လုံးဝပြန်မမှတ်မိနိုင်ခြင်းသည် ကိုယ့်ကိုယ်ကို အိပ်မက်ထဲ လမ်းလျှောက်နေသူလို စိတ်နှင့်ကိုယ် တစ်ထပ်တည်းမကျ။

"အင်းလေ...ဟိုက ကျိုကျိုတက်ချမ်းသာတဲ့ သူဌေးတွေဆိုတော့ နင့်ကို လစာကောင်းကောင်းပေးနိုင်မှာပေါ့၊ ငါတို့ကတော့ သားအမိနှစ်ယောက်တည်း စားနိုင်သောက်နိုင် လူတန်းစေ့ရုံပဲဆိုတော့ သူတို့လောက်တော့ နင့်ကို လုပ်အားခ ဘယ်ပေးနိုင်မလဲ"

သိမ်မွေ့၏ ကြေးတိုက်သောစကားကို ထူးခြား ခေါင်းတဆတ်ဆတ်ခါပြီး ငြင်းသည်။

"မဟုတ်ပါဘူး၊ လုပ်အားခပိုရလို့ အဲဒီမှာ သွားလုပ်





တယ်ဆိုတာထက် တစ်ယောက်သူအတွက် ငွေကို ကြိုးစားရှာတယ်ဆိုရင် ပိုမှန်လိမ့်မယ်"

ထူးခြားစကားကြောင့် သိမ်မွေ့ တွေသွားသည်။ ထူးခြားဘာကို ဦးတည်ပြောနေသည်ဆိုတာကို သဘောပေါက်သောအပြုံးဖြင့် ပြုံးလိုက်ပြီး

"အင်းလေ...လူဆိုတာ ကိုယ့်ခံစားမှုနဲ့ ကိုယ့်ရည်မှန်းချက်ကို အကောင်အထည်ဖော်ခွင့်ရှိတာပဲ"

"နင့်ရင်ထဲ ငါဝင်ကြည့်လို့မရသလို ငါ့ရင်ထဲကိုလည်း နင်ဝင်ကြည့်လို့ရတာမှ မဟုတ်တာ"

သိမ်မွေ့ ထိုသို့ ခပ်ပေါ့ပေါ့ပြောလိုက်သဖြင့် ထူးခြား သိမ်မွေ့ကိုကြည့်ကာ သက်ပြင်းမောကို မသိမသာချလိုက်သည်။

ငါ့ရင်ထဲကိုတော့ နင့်ကို ဝင်ကြည့်စေချင်ပါတယ် သိမ်မွေ့ရယ်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

"ငါကြားထားတာတွေ တကယ်ပဲလား ထူးခြား"

အရင်းမရှိ အဖျားမရှိ မေးလိုက်သော ကိုဝင်းတင့်၏ အမေးကြောင့် ထူးခြား ဘုမသိဘမသိ ကြည့်လိုက်ပြီး

"ကိုဝင်းတင့်ကြီးက ဘာကြားထားလို့လဲ"

"မင်းနဲ့ သိမ်မွေ့အကြောင်းလေ"

"ဟမ်…သိမ်မွေ့နဲ့ ကျွန်တော်အကြောင်း ဘာကြားထားလို့လဲ"

"မင်းကို သိမ်မွေ့က စိတ်ဝင်စားနေတာကို သူ့အမေကြီးသိသွားလို့ ဟိုဘက်ပိုင်းက ဆရာသိဒ္ဓိစိုးဆီမှာ ဗေဒင်သွား



www.burmeseclassic.com

www.burmeseclassic.com



မေးတယ်ဆိုလား''

''ဟင်···ဘာဖြစ်လို့လဲ''

''မင်းရဲ့ရှေ့ရေးကို ဘယ်လိုလမ်းကြောင်းနဲ့လျှောက်မှာလဲဆိုတာ ကြိုသိရအောင်နေမှာပေါ့''

''ခင်ဗျားကို ဘယ်သူပြောလဲ''

''ဗေဒင်ဆရာမိန်းမက ပြန်ပြောပြတာ ငါ့ညီမလေးကို''

''ဘာတွေဟောလိုက်တယ်တဲ့လဲ''

''မင်းက ခုလိုဘဝမျိုးနေနေရတာ အခိုက်အတန့်ပဲတဲ့၊ မင်းရဲ့ဇာတာက တိုင်ထိပ်ရောက်နေတော့ မင်းဟာ ဥစ္စာခနေတွေရဲ့ ဆရာတစ်ဆူလို အရာရာကို လိုတရပြီးပြည့်စုံမယ့် အခွင့်ထူးခံ လူစားဖြစ်ဖို့ လက္ခဏာတွေကို မြင်နေရတယ်တဲ့၊ ဒီနှစ်အတွင်းမှာ သူမတူအောင် ထူးခြားတဲ့ပြောင်းလဲမှုတွေနဲ့ ကြုံတွေ့ရလိမ့်မယ်တဲ့၊ မင်းရဲ့ဇာတာက အရမ်းကောင်းတယ်လည်းဆိုရော သူ့သမီးနဲ့ မင်းကို သဘောတူတယ်ဆိုပြီး ဗေဒင်ဆရာကို ပြောသွားတယ် ဗေဒင်ဆရာကလည်း မင်းလည်း ဒီနှစ်ထဲမှာ အိမ်ထောင်ကျကိန်းမြင်တယ်၊ သူ့သမီးကလည်း အိမ်ထောင်ကျကိန်း ကျိန်းသေရှိနေတယ်





ဆိုပဲ၊ ဗေဒင်က ဒီလောက်ကွက်တိ ဟောလိုက်မှတော့ မင်းတို့နှစ်ယောက် မညားနိုင်စရာ ဘာအကြောင်းမှ မရှိတော့ဘူး''

ထူးခြား ကိုဝင်းတင့်၏ထင်ကြေးကို အလွန်သဘောကျသဖြင့် သွားကြီးဖြဲကာ တဟီးဟီးဖြင့် ရယ်လိုက်သည်။

''တ··တကယ်ပြောတာလား၊ ခင်ဗျား နောက်နေတာမဟုတ်ပါဘူးနော်''

''ဟာ···ဒါနောက်စရာလားကွ၊ တကယ်ပြောနေတာမယုံမရှိနဲ့''

''ဟာ···ဝမ်း··ဝမ်းသာလိုက်တာဗျာ၊ ကျွန်တော့်ဆီကိုခုလို သတင်းကောင်းသယ်လာပေးတဲ့ ကိုဝင်းတင့်ကြီးကို ကျွန်တော်ခုမနက်ခင်းစာကို တာဝန်ယူတယ်ဗျာ၊ ဒီလက်ဖက်ရည်ဆိုင်မှာရှိသမျှထဲက ခင်ဗျားကြိုက်တာ မှာစားဗျာ''

''ဟေ···ဒါမျိုးဆို ငါက စားပြီးသားပဲ၊ မင်္ဂလာရှိတဲ့နံနက်ခင်းစာကို ငါကလည်း မင်္ဂလာရှိရှိ စားပေးရမှာပေါ့ကွာ''

ကိုဝင်းတင့်ကြီး ဝမ်းသာအားရဖြင့် စားပွဲထိုးကို လှမ်းခေါ်ပြီး ပေါင်မုန့်ထောပတ်သုတ်တစ်ပွဲ၊ လက်ဖက်ရည်ကျဆိမ့်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခွက်၊ နံပြားအုပ်သုတ်တစ်ပွဲနှင့် ပေါက်စီတစ်ပွဲကို အားမနာ လျှာမကျိုး လှမ်းမှာလိုက်သည်။

ထူးခြား ပြားချပ်နေသော အင်္ကျီအိတ်ကပ်ကို မသိမသာ ငုံ့ကြည့်လိုက်သည်။ ကိုယ်ပါလာတဲ့ ပိုက်ဆံလေးနဲ့ သူစားထား တာမှန်သမျှကို လောက်ငအောင် ရှင်းနိုင်ပါ့မလား တွေးပူမိကာ အေးစပြုနေသော ရေနွေးကြမ်းခွက်ကိုယူပြီး မော့ချလိုက်သည်။

ဘာပဲဖြစ်ဖြစ် သိမ်မွေ့နှင့် ဆုံစည်းရမည့် မင်္ဂလာသတင်း အတွက် ထိုသို့သောငွေလောက်တော့ ထူးခြား အကုန်ခံရမည်။

"ဟာ…မင်းတို့နှစ်ယောက်က ဘာအထာလဲကွ၊ ခုလို တွေ့ဆုံပွဲရှိတယ်ဆိုရင်လည်း ငါတို့အရင်ဆုံး သံချောင်းခေါက်လေ ကွာ၊ ခုလို နှစ်ယောက်တည်း ကြိတ်ပြီးထိုင်ဆွဲရလား"

ကိုကြည်စိုး လက်ဖက်ရည်ဆိုင်ထဲကို ပုဆိုးလေးတမမ ဖြင့် ဝင်လာပြီး ကိုဝင်းတင့်နှင့် ထူးခြားတို့ နှစ်ယောက်ကြား ထဲက ခုံလွတ်တွင် ဝင်ထိုင်လိုက်သည်။

ကိုကြည်စိုး ထူးခြား၏ တစ်နေ့တခြားပြောင်းလဲလာမှု ကို သတိထားမိဟန်ဖြင့် မျက်မှောင်ကိုကျုံ့ကာ အသေအချာကြည့်





ပြီး…

"ထူးခြားကို ခုမှ သတိထားမိတယ်၊ နေပုံထိုင်ပုံက သန့်ပြန့်လာပြီး ဟိုအရင်ကလို အပေအတေရုပ် မဟုတ်တော့ပါ လား၊ ရုပ်ကလေး နည်းနည်းပိုသန့်လာသလိုပဲ၊ ဟုတ်တယ်နော် ဝင်းတင့်"

ကြည်စိုး ပေါက်စီပန်းကန်ထဲက ပေါက်စီတစ်လုံးကို ယူကာ အားရပါးရ တစ်ကိုက်ကိုက်လိုက်ပြီး ပလုပ်ပလောင်း အသံဖြင့် ပြော၏။

"ကိုကြည်စိုး ထင်လို့ပါဗျာ၊ အရင်ကလည်း ကျွန်တော့် ပုံစံက ဒီအတိုင်းပဲ၊ ခုလည်း ဒီပုံအတိုင်းပဲ၊ ခုတောင် ကျွန်တော့် ပုဆိုး လျှော်ထားတာ မခြောက်သေးလို့ ဦးလေးပုဆိုး ဆွဲဝတ် လာတာ"

ပွင့်လင်းလွန်းသော ထူးခြား၏စကားကြောင့် ကိုဝင်းတင့် နှင့် ကိုကြည်စိုး ပြိုင်တူရယ်လိုက်ကြသည်။

"ဒါနဲ့ မင်းအိမ်ကို သူဌေးသမီးလေးတစ်ယောက် အဝင် အထွက်စိပ်နေတယ်ဆို၊ ဘယ်သူနဲ့ပတ်သက်နေလို့လဲ၊ လုတာတော့



www.burmeseclassic.com

www.burmeseclassic.com



အတော်လေးကို လှတယ်ကွ၊ မတို့ရက် မထိရက်လောက်အောင်ကို နုဖတ်ချောမွတ်နေတာ၊ တကယ့်ကြွေရုပ်လေး ကျနေတာပဲ''

''ကျွန်တော့်အတွားရဲ့ ချည့်သည်ပါဗျာ၊ ကျွန်တော်နဲ့ ဘာမှမဆိုင်ပါဘူး''

''သိမ်မွေ့နဲ့ယှဉ်ရင် သူက ပိုလှပါတယ်နော်၊ ထူးခြား စိတ်ကူးမလွဲနဲ့၊ ချမ်းသာတာကလည်း အမြင်နဲ့တင် မှန်းကြည့်လို့ရတယ်၊ ဒီလိုမိန်းကလေးမျိုးနဲ့ မင်း ငြိလို့ကတော့ သိမ်မွေ့ကို ဆုံးရှုံးလိုက်လို့လည်း တန်တယ် သိလား၊ အဟဲ···ငါတို့က အကြံဉာဏ်ပေးတာနော်''

''ဟာ···မပြောကောင်းတာဗျာ၊ ဒီလိုသူဌေးသမီးက ကျွန်တော့်လိုကောင်ကို စိတ်ဝင်စားမလားဗျာ၊ အလကား ခွေးလေး ရောဝင်ပါးလျက်နားလျက်ဆိုသလို အပြောခံနေရပါဦးမယ်၊ သိမ်မွေ့ကြားရင် ရှိရင်းစွဲမေတ္တာလေး ပျက်သွားပါဦးမယ်ဗျာ''

ထူးခြား စိုးရိမ်တကြီး ဝင်ဟန့်၏။ ရင်ထဲမှာ နိုဝင်နေတာက သိမ်မွေ့ရဲ့ပုံရိပ်တွေပဲ၊ ရွှေရေးဆယ်၏ ပုံရိပ်တွေမှ မဟုတ်တာ၊ ထူးခြားအာရုံထဲမှာ ရွှေရေးက ကျေးဇူးရှင်သက်သက်။





''ဟော့ကောင် ကြည်စိုး၊ သူက သိမ်မွေ့ကိုပဲ အရူးအမူး ဖြစ်နေတာ၊ တခြားသူနဲ့ သွားမစပါနဲ့ကွာ၊ သိမ်မွေ့နားထဲရောက်ရင် ရှိရင်းစွဲမေတ္တာလေး မရှာဘဲနေပါဦးမယ်''

ထူးခြား၏ ခံစားချက်အမှန်ကို နားလည်ထားသူဗိုဗို ကြည်စိုး၏ နောက်ပြောင်နေသောစကားကို ဝင်၍ဟန့်လိုက်သည်။

''အေးပါကွာ၊ ငါကလည်း သိမ်မွေ့မရှိတဲ့နေရာမို့လို့ ပြောတာပေါ့ကွ၊ သိမ်မွေ့ကြားအောင်တော့ ပြောမလား၊ အဲဒီလောက်တော့ အထူးအပါး နားလည်ပါတယ်ကွ''

''ကျွန်တော်တောင် ကိုကြည်စိုးဆီ လက်ဖက်ရည်ဆိုင် ကအပြန် လာခဲ့တော့မလို့''

''ဟေ···ကိစ္စရှိလို့လား''

''ဟုတ်တယ်၊ ကျွန်တော် လစာကောင်းတဲ့အလုပ်တစ်ခု ရသွားပြီလေ၊ ဒါကြောင့် ညကျရင် ဆိုက်ကားမနင်းတော့ဘူး''

''လစာကောင်းတဲ့အလုပ်ဆိုတော့ ဘာအလုပ်မို့လဲ''

''သူဌေးကား မောင်းပေးမှာ၊ ဝင်ငွေချင်း လစာတစ်သိန်းခွဲ ပေးမယ်လို့တော့ပြောတယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဟ..ရလှချည်လား၊ ငါ့ယောက်ဖတောင် စက်ရုံမှာလုပ်တာ တစ်သိန်းခွဲမရဘူး၊ အချိန်ပိုဆင်းတာနဲ့ ရက်မှန်ကြေးပေါင်းမှ တစ်သိန်းတောင် သိပ်မပြည့်ချင်ဘူး၊ ဒီကြားထဲ နယ်ထွေကိုလည်း ထွက်ရသေးတယ်"

"ကျွန်တော်က အဘွားမျက်နှာကြောင့် လစာကောင်းကောင်း ရတာနေမှာပါဗျာ"

"ဘာပဲဖြစ်ဖြစ် ဝင်ငွေကောင်းကောင်းရတော့ သိမ်မွေ့ကို တင်တောင်းမယ့်အစီအစဉ် အထမြောက်အောင်မြင်တော့မှာပေါ့ကွ၊ ငါ့ဆိုက်ကားလေးလည်း အိပ်ရေးပျက်တဲ့ညတွေ များနေတော့ ဒီညကစပြီး အိပ်ရေးဝဝ အိပ်ရတော့မှာပေါ့၊ ဟား…ဟား…ဟား…ဟား"

ကိုကြည်စိုး အပြောကြောင့် ကိုဝင်းတင့်ပါ လိုက်ရယ်လိုက်သည်။

"သူ့အတွက် မင်္ဂလာသတင်းတွေ ရလာတဲ့နေ့မို့ ဒီမနက်ခင်းစာကို ထူးခြား တာဝန်ယူလိုက်မယ်၊ မင်းလည်း ဘာမှ မစားရသေးရင် မှာစားစရာရှိတာမှာစား၊ ဒီကောင်က . ဒီရွာကျွေးမှာ၊ နောက်နေ့ ကျွေးမှာမဟုတ်ဘူး"

"ဟမ်…ဟုတ်လား၊ ဒါဆိုရင်တော့ စားပြီးသားပဲ"

ကိုကြည်စိုး သူစားချင်တာတွေ ထပ်မှာပြန်သည်။ ထူးခြားအိတ်ကပ်ကလေးကိုစမ်းကာ မျက်နှာမှာ ဆီးရွက်သာသာသာ ရှိတော့၏။





စိုးမိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

ထူးခြား ဧည့်ခန်းထဲမှာ ထိုင်နေရင်းမှ ရွှေရေး ချပေးလိုက်သော အိတ်တွေကြောင့် ရွှေရေးဆက်ကို နားမလည်သူလို မော့ကြည့်လိုက်သည်။

"ဒါတွေက ဘာလဲ၊ မရွှေရေးဆက်"

"ရှင်ဝတ်ဖို့လေ"

"ဟာ…မ မဟုတ်တာ"

"အလုပ်သဘောအရ ဒီအဝတ်အစားတွေကို ရှင်မဖြစ်မနေ ဝတ်ရမှာမို့ လက်ခံလိုက်ပါ ကိုထူးခြား"

"ဗျာ…အလုပ်သဘောရ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ၊ ဒီနေ့ကစပြီး ရွှေရေးသွားတဲ့ နေရာမှန်သမျှကို ရှင်က ကားမောင်းပြီး လိုက်ပို့ရမှာမဟုတ်လား၊ ဒီတော့ ရှင့်ရဲ့ဝတ်ပုံစားပုံစတိုင်လ်ကို ပြောင်းပစ်မှဖြစ်မှာပေါ့"

မဖြစ်မနေလက်ခံရမည့် အနေအထားမို့ ထူးခြား ဆက်ပြီး မငြင်းတော့ဘဲ လက်ဆွဲစက္ကူအိတ်တွေကို လှမ်းယူပြီး ဖွင့်ကြည့်လိုက်သည်။

"ဒီနေ့ အလုပ်စဝင်တာဆိုတော့ ဒီနေ့ပဲ အဝတ်အစားလဲလိုက်ပါ၊ ပြီးရင်သွားမယ်"

"ဟုတ်ကဲ့"

သီဟတေး၏ အလုပ်ခန်းသည် မြို့ထဲမှာရှိသောကြောင့် ထူးခြား၏ ပျောက်ဆုံးနေသော မှတ်ဉာဏ်တွေပြန်ရစေရန် ရွှေရေးဆက် နည်းမျိုးစုံဖြင့် ကြိုးစားနေခြင်းဖြစ်သည်။

ကိုယ့်ချစ်သူ မသေဘူးဆိုတာ စိတ်က အလိုလိုသိနေသည့် နောက်ဆက်တွဲ သိချင်သည့်နောက်တစ်ခုက လေယာဉ်ပေါ်မှ သေဆုံးသူစာရင်းထဲမှာ ဘာကြောင့် သီဟတေးဆိုတဲ့ နာမည်ပါနေရတာပါလဲ…။





ထိုအကြောင်းအရာကို အသေအချာ အလေးအနက်စဉ်းစားလိုက်တိုင်း အာရုံတွေမှာ မှိုင်းညို့ကာ ရင်ထဲမှာတလှပ်လှပ်ဖြင့် တုန်ခါလာသည်။

ထူးခြားဟာ အမှန်တကယ် တေး ဖြစ်ပါစေ။ ရွှေရေးချစ်သူ တေးနဲ့ တစ်ချိန်ချိန်မှာ ပြန်ဆုံနိုင်ရဖို့ဆိုလျှင် ပစ္စုပ္ပန်မှာ ဘာပဲလုပ်ရလုပ်ရ ရွှေရေးလုပ်မှာပါ။

"ကျွန်တော် ကားဂိုဒေါင်ထဲမှာ အဝတ်အစားလဲလိုက်ရမလား မရွှေရေးဆက်"

ထူးခြား၏ အမေးကြောင့် အတွေးတွေမှ ဖျတ်ခနဲရုန်းထွက်ကာ ထူးခြားကို မေးဆတ်ပြလိုက်သည်။

"ကျွန်တော် အဝတ်အစား လဲလိုက်ရတော့မလားလို့ မေးတာပါ မရွှေရေးဆက်"

"သြော်…အင်း လဲရမှာပေါ့၊ ဟို ကားဂိုဒေါင်ထဲမှာ မလဲပါနဲ့၊ ဟိုဘက်နားက စာကြည့်ခန်းထဲ ဝင်လဲပါ"

"ဟုတ်ကဲ့"

ရွှေရေးဆက် ညွှန်ပြရာ စာကြည့်ခန်းဘက်သို့ အငဲ



www.burmeseclassic.com

www.burmeseclassic.com



အိတ်ကိုင်ပြီး လျှောက်လာလိုက်သည်။ မြွေရေးဆက်၏အိမ်သည် ထူးခြားအတွက် စိမ်းမနေခြင်းသည် ထူးခြား၏ အတွေးထဲမှာ ထူးဆန်းနေသည်။

ထိုထူးဆန်းသော ခံစားမှုအတွေးတွေနှင့်အတူ ထူးခြား တံခါးလက်ကိုင်ဘုကို လှည့်ဖွင့်ပြီး စာကြည့်ခန်းထဲ ဝင်လာလိုက်သည်။ စာကြည့်ခန်းထဲရောက်ရောက်ချင်း တိုးသက်သာယာသော ဂီတသံလေးတစ်ခုက အခန်းထဲမှာ ဝေ့ဝဲထွက်ပေါ်လာသည်။

ထိုဂီတသံသည် ကက်ဆက်ဖွင့်ထားခြင်းလည်းမဟုတ်။ ထူးခြား မွှေးပျံ့သော ရနံ့သင်းသင်းလေးကို ရှူရှိုက်ရင်း သန့်ရှင်း သပ်ရပ်လှန်းသော စာကြည့်ခန်းလေးကို ဝေ့ဝဲကြည့်လိုက်သည်။

ထိုဂီတသံကို ဝေ့ဝဲရှာနေသော ထူးခြား၏အကြည့်တွေ သည် စားပွဲခုံပေါ်မှ ဖန်ရုပ်ကလေးတစ်ခုဆီမှာ ရပ်တန့်၍သွား သည်။

ဖန်ကလပ်ကလေးပေါ်တွင် အနမ်းတွေပြိုင်တူပေးနေကြ သော ချစ်သူနှစ်ဦး၏ပုံကို ဖန်ဖြင့် ထုဆစ်ထားသော ဖန်ပန်းပု ရုပ်ကလေး။





ထိုအရုပ်ကလေးနှင့် ထိုဂီတသံသည် ထူးခြားရင်ထဲမှာ နင့်နဲသောခံစားမှုတစ်ခုကို ဖြစ်ပေါ်စေခဲ့သည်။ ထိုခံစားမှုသည် မည်သည့်အကြောင်းအရာက အခြေတည်လာသည်ဆိုတာကိုတော့ ထူးခြား ဘယ်လိုမှ အစရှာမရခဲ့။

ရှုပ်ထွေးနောက်ကျိသွားသော အာရုံထွေပြားခြင်းတွေ ကြောင့် ထူးခြား မျက်စိကိုစုံမှိတ်ပြီး ခေါင်းကို ဘယ်ပြန်ညာပြန် ခါရမ်းလိုက်သည်။

လက်ဆွဲအိတ်ထဲမှ ဝတ်စုံတစ်စုံကို ထုတ်ယူပြီး ခါးထဲမှ ခပ်နွမ်းနွမ်းဝတ်စုံဖြင့် လဲဝတ်လိုက်သည်။ လဲဝတ်လိုက်သော ဝတ်စုံကြောင့် ပြောင်းလဲသွားသော ကိုယ့်ရုပ်သွင်ကို အသေအချာ ငုံ့ကြည့်လိုက်သည်။ ပြီးမှ အခန်းထဲမှ ပြန်ထွက်ရန် ခြေလှမ်း ပြင်လိုက်သည်။

အခန်းထဲမှ ထွက်ခါနီး ငြိမ့်ငြိမ့်လေးထွက်ပေါ်နေသော ဂီတသံနှင့် ချစ်သူစုံတွဲရုပ်ကလေးကို မရည်ရွယ်ဘဲ လှည့်ကြည့် လိုက်သည်။

ထို့နောက် စာကြည့်ခန်းထဲမှ ထွက်ခဲ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေရေးဆက် ပြောင်းလဲသွားသော ထူးခြားကိုကြည့်ပြီး ပြုံးယောင်ယောင်လေးဖြင့်…

"အဟင်း…ရှင်က ခုလိုဝတ်လိုက်တော့လည်း ရွှေရေးရဲ့ချစ်သူ တေးမှ တေးအစစ်ပဲ သိလား၊ စာကြည့်ခန်းထဲက ဂီတသံထွက်နေတဲ့ အရုပ်ကလေးကို ရှင်တွေ့ခဲ့တယ်မဟုတ်လား"

"ဟုတ်ကဲ့ တွေ့ခဲ့ပါတယ်"

"အဲဒါ တေးနဲ့ရွှေရေး ချစ်သူဖြစ်ကြတဲ့နေ့က တေး အမှတ်တရပေးခဲ့တာပေါ့"

"သြော်…"

ထူးခြား သြော်ဟူသော အားဖျော့သည့် တုံ့ပြန်မှုဖြင့်သာ ငြိမ်၍ နေလိုက်သည်။ ရွှေရေးဆက် ဘာရည်ရွယ်ချက်နှင့် ခုလို ပြောပြနေသည်ဆိုတာကို ထူးခြား နားမှမလည်တာ။

ထူးခြားဆိုတဲ့ ကိုယ်ဟာ ရွှေရေးဆက်၏ချစ်သူ သီဟတေးမှ မဟုတ်ခဲ့တာပဲ။



## အခန်း (၂၇)

တိုက်ရှေ့ပေါ်တီကိုအောက်မှာ ကားရပ်လိုက်သံကြားတာနှင့် ဒေါ်ခင်မေထက် ဂုဏ်တော်ပွားနေရင်းတန်းလန်း လက်ထဲမှ တာလီလေးကို အသာချပြီး အိမ်ရှေ့သို့ထွက်ခဲ့လိုက်သည်။

မှန်တံခါးတွန်းဖွင့်ဝင်လာသော ရွှေရေးဆက်ကိုမြင်တော့ အပြုံးဖြင့် ပျာပျာသလဲဆီးကြိုကာ…

"သမီးလေး မလာတာတောင် ကြာပြီကွယ်၊ အန်တီမေကလေ ဒီနေ့ညနေ ဖုန်းဆက်ပြီးတော့တောင် ခေါ်တော့မလို့"

"ဟင်…အရေးတကြီး ကိစ္စရှိလို့လား အန်တီမေ"

"အရေးတကြီးကိစ္စရယ်တော့ မဟုတ်ပါဘူးကွယ်၊



www.burmeseclassic.com

www.burmeseclassic.com



အန်တီမေ့သမီးကို အန်တီမေကလည်း မိခင်တစ်ယောက်ရဲ့မေတ္တာနဲ့ ချစ်ခွင့်မရှိတော့ဘူးလား''

အထီးကျန်ဆန်လွန်းသော အန်တီမေ့ပခုံးလေးကို ရွှေရေးခပ်ဖွဖွကိုင်လိုက်ပြီ···

''ချစ်ခွင့်သိပ်ရှိတာပေါ့ အန်တီမေရယ်၊ တေးရဲ့မာမီဟာရွှေရေးရဲ့မာမီပဲပေါ့၊ ရွှေရေးဘဝထဲမှာ တေးဟာ ဘယ်တော့မှမသေဆုံးသေးဘူးအန်တီမေ၊ တေး ဟောဒီကမ္ဘာကြီးထဲမှာ ရှိကိုရှိနေရမယ်လို့ ရွှေရေးစိတ်က ယုံကြည်နေတာနဲ့အမျှ တေး ရွှေရေးဆီကို တစ်နေ့ပြန်လာလိမ့်မယ်လို့ မျှော်လင့်နေခဲ့တဲ့သူပါအန်တီမေရယ်''

ဒေါ်ခင်မေထက် မျက်ရည်တွေစီးကျလာပြန်သည်။ သားခွဲသွားတဲ့အချိန်ကတည်းက သားကိုလွမ်းဆွတ်တဲ့စိတ်နဲ့ မငိုမိတဲ့နေ့တစ်နေ့မှ မရှိခဲ့တာပဲ။

''အန်တီမေ့သားလေးကို ခုချိန်ထိ သစ္စာရှိရှိနဲ့ တမ်းတနေပေးတဲ့အတွက် အရမ်းကို ကျေးဇူးတင်ပါတယ်သမီးလေးရယ်၊ သမီးလို မိန်းမကောင်းမိန်းမမြတ်လေးကို ချွေးမတော်ခွင့်မရလိုက်





တာ အန်တီမေ ကံဆိုးတာပဲကွယ်''

ယူကျုံးမရဖြစ်နေသော ဒေါ်ခင်မေထက်ကို ဖေးမပြီးဆိုဖာခုံတွေရှိရာသို့ တွဲခေါ်လာလိုက်သည်။

''အရမ်းလည်း အားမလျှော့လိုက်ပါနဲ့ အန်တီမေရယ်၊ လောကကြီးထဲမှာ တေး ရှိနေသေးရင် အန်တီမေနဲ့ ရွှေရေး သူ့ကိုမမေ့သေးဘူးဆိုတဲ့ စိတ်ကလေးတစ်ခုနဲ့တင် ကံကြမ္မာက တေးနဲ့ပြန်ဆုံခွင့်ပေးမှာပါ၊ ခုတောင် အန်တီမေ့ဆီ ယူဆောင် လာတယ်အန်တီမေ၊ တဒင်္ဂတော့ စိတ်သက်သာရာရသွားမှာပါ''

''ဘယ်လို···သမီး၊ အန်တီမေ ခံစားနေရတာတွေတဒင်္ဂတော့ စိတ်သက်သာရာရသွားမယ် ဟုတ်လား''

''အင်းပေါ့ အန်တီမေရဲ့၊ ကဲ···ဟိုမှာကြည့်ပါဦး၊ ဘယ်သူ ဝင်လာသလဲလို့''

ရွှေရေးဆက် ညွှန်ပြရာသို့ ဒေါ်ခင်မေထက် ဆတ်ခနဲလှည့်ကြည့်လိုက်သည်။ မှန်တံခါးတွန်းဖွင့်ဝင်လာသော ထူးခြားကိုမြင်တော့ ဒေါ်ခင်မေထက် ပါးစပ်အဟောင်းသားဖြင့် ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သား…တေး"

နှုတ်မှပင် အယောင်ယောင်အမှားမှား ခေါ်မိသည့်အဖြစ်။ ထူးခြား တအံ့တသြကြည့်နေသော ဒေါ်ခင်မေထက်ကို တရိုသေ ဦးညွှတ်ကာ ပြုံးပြလိုက်သည်။ မျက်တောင်မခတ်တမ်း ကြည့်နေသော ဒေါ်ခင်မေထက် ထူးခြားကိုလက်ညှိုးထိုးပြီး

"ဒါ…ဒါဟာ တေး…သားတေး အစစ်ပဲ"

သတိလက်လွှတ်ဖြစ်နေသော ဒေါ်ခင်မေသက်ကို ရွှေရေး နှစ်သိမ့်ပေးရန်ကြိုးစားပြီး…

"သူ့ကို အန်တီမေ မြင်ဖူးတယ်လေ၊ တစ်ခါတုန်းက မာမီနဲ့ အန်တီမေ့ကိုတောင် လိုက်ပြဖူးတယ်လေ"

"အင်း..ဟုတ်တယ်လေ၊ အဲဒီတုန်းက အဝေးကမို့ တော်တော်လေးတူတယ်လို့ ထင်လိုက်ပေမယ့် ခုလို အသေးစိတ် ချွတ်စွပ်ပုံစံထုထားသလို တူနေမယ်လို့ လုံးဝမထင်ထားမိဘူး"

"ဟုတ်တယ် အန်တီမေရဲ့၊ ဒါကြောင့် ရွှေရေးလည်း သူ့ကို တေးလို့ပဲ ထင်ခဲ့မိတာပေါ့၊ ဪ…ထိုင်ပါ ကိုထူးခြား"

"ဘယ်လို…သူ့နာမည် ထူးခြား ဟုတ်လား"





"ဟုတ်ပါတယ် အန်တီ၊ ကျွန်တော့်နာမည် ထူးခြား ပါခင်ဗျာ"

"အို…ဘုရားရေ၊ အသံ…အသံကအစ လာတူနေပါလား"

ဒေါ်ခင်မေထက် ရင်ဘတ်စည်တီးကာ တအံ့တသြ ရေရွတ်ပြန်သည်။

"အမြွှာသာမွေးခဲ့မယ်ဆိုရင် ဒီသူငယ်လေးကို တေးရဲ့ အမြွှာညီအစ်ကိုလို့တောင် အတိအကျပြောလို့ရတယ်"

အသေအချာပြောနေသဖြင့် သီဟတေး ဆိုသည့်လူသည် ထူးခြားနှင့် ထိုမျှလောက်တောင် တူမလားဟုဆိုကာ သီဟတေး ဆိုသောသူကို တွေ့ချင်မိသွားသည်။

ရွှေရေးဆက်ကလည်း ထူးခြားကို သီဟတေးနှင့်တူလို့သာ ခုလို တရင်းတနှီး ဆက်ဆံနေခြင်းဖြစ်သည်ဆိုတာကို ထူးခြား ကောင်းကောင်းသဘောပေါက်သည်။

ဒေါ်ခင်မေထက် အကြည့်တွေက ထူးခြားဆီမှ မခွာတော့။ ထိုနည်းတူစွာ သားတေး မသေဘဲ သူ့ဆီပြန်လာသလား



www.burmeseclassic.com

www.burmeseclassic.com



ဟုပင် လိုရာဆွဲတွေးမိ၏။

"ဒါနဲ့ သမီး သူ့ကို ခေါ်လာတာ အန်တီမေ့ကို ပြဖို့ သက်သက်ပဲလားဟင်"

"မဟုတ်ဘူး အန်တီမေရဲ့၊ သူ့မိသားစုက နွမ်းပါးတယ်လေ၊ ငွေကြေးချို့တဲ့ပြီး အဆင်မပြေတာတွေကို ကူညီတဲ့အနေနဲ့ သူ့ကို ကားမောင်းဖို့ အလုပ်ပေးလိုက်တာပါ"

ဒေါ်ခင်မေထက် ရွှေရေး၏ စိတ်သဘောထားပြည့်ဝမှုကို အသိအမှတ်ပြုသည့်အနေဖြင့် ခေါင်းတညိတ်ညိတ်လုပ်ကာ ထောက်ခံ၏။

"အေးကွယ်၊ မောင်ထူးခြားကိုမြင်နေရတော့ တေးကို သတိရလွမ်းဆွတ်နေရသူတွေအဖို့တော့ အလွမ်းပြေတာပေါ့။ အန်တီမေ သမီးရဲ့စိတ်ကူးကို လက်ခံပါတယ်"

"ကဲ...ကိုထူးခြား၊ ရှင့်ကို အန်တီမေကလည်း အပြည့်အဝကို ထောက်ခံပေးတယ်၊ အန်တီမေသာ ရှင့်ကို မကြည်ဖြူရင် ရွှေရေးလည်း ရှင့်ကို ကားမောင်းဖို့အယုပ် ခန့်မိမှာမဟုတ်ဘူး"

"ဟုတ်ကဲ့၊ ကျွန်တော် အန်တီမေ့ကို ကျေးဇူးတင်ပါ





တယ်"

ဒေါ်ခင်မေထက် ကြေကွဲဝမ်းနည်းသော မျက်နှာဖြင့် ထူးခြားကို ခေါင်းတဆတ်ဆတ်ညိတ်ပြကာ ပါးပေါ်မှစီးကျနေသော မျက်ရည်စတွေကို သုတ်သိမ်းလိုက်သည်။

ထူးခြားရင်ထဲမှာလည်း ဝမ်းနည်းသလိုလို ဝမ်းသာသလိုလိုနှင့် ခံစားမှုက အမည်မသိဘဲ နင့်နဲနေ၏။

ဂ ဂ ဂ



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

ခြံထဲဝင်ဝင်ခြင်း ခြံထောင့်ရှိ ခရေပင်အောက် ခုံတန်းလျားတွင် တစ်ယောက်တည်းထိုင်နေသော သိမ်မွေ့ကို တွေ့သွား၍ ထူးခြား အိမ်ပေါ်သို့ မတက်သေးဘဲ သိမ်မွေ့ရှိရာသို့ လျှောက်လာခဲ့သည်။

ခြေသံကြောင့် သိမ်မွေ့ မော့ကြည့်သည်။ ညအမှောင်ရိပ်ကျနေသဖြင့် သိမ်မွေ့၏ မျက်နှာအရိပ်အကဲကို အသေအချာကြည့်ခွင့်မရပေမယ့် သိမ်မွေ့ တစ်ခုခုကို တွေးတောနေသည်ဆိုတာကိုတော့ ထူးခြား ကောင်းကောင်းသိသည်။

"မသိမ်မွေ့...ထမင်းစားပြီးပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒီအချိန် ထမင်းမစားရသေးလို့ ငါက ဘယ်သူ့ကိုစောင့်နေရမှာလဲ"

ရောက်ရောက်ချင်း ဘုတောလွှတ်နေသော သိမ်မွေ့စကားကြောင့် ထူးခြား သိမ်မွေ့အနားမှာ ထိုင်မည်ဟူသော ရည်ရွယ်ချက် ပျောက်သွားသည်။

"မသိမ်မွေ့ ကျွန်တော့်ကို ဘာခိုင်းဦးမလဲ၊ ကျွန်တော် ဘာလုပ်ပေးရမလဲ"

"ခုမှ…ဘာလာလုပ်ပေးမှာလဲ၊ ဘာလဲ သူများအိပ်ဖို့ အိပ်ရာ လာခင်းပေးရုံသက်သက်ပဲလား"

ခပ်ရွဲ့ရွဲ့ပြောလိုက်သော သိမ်မွေ့စကားကြောင့် ထူးခြား အူကြောင်ကြောင်နိုင်သော အပြုံးဖြင့် ဟက်ခနဲရယ်ကာ…

"အဟတ်…ဒီ…ဒီလိုတော့လည်း မဟုတ်ပါဘူး၊ ကျွန်တော် လည်း အလုပ်ကပြန်လာလာချင်း ဒီကိုတန်းလာတာပါ၊ အိမ်တောင် မဝင်ရသေးဘူး"

"ကဲပါလေ…အဲဒီမှာ မတ်တပ်ကြီးရပ်မနေပါနဲ့၊ ဒီမှာ ထိုင်မယ်ဆိုလည်း လာထိုင်ပါ"





ထူးခြား ပျော်သွားသည်။ ဒီအခွင့်အရေးကို လက်လွှတ်ခံ၍ မဖြစ်သဖြင့် သိမ်မွေ့ဘေးမှာ သုတ်ခနဲ ဝင်ထိုင်လိုက်သည်။ အရင်ဦးဆုံး သိမ်မွေ့ကိုယ်မှ သနပ်ခါးရနံ့သင်းသင်းလေးက ဦးစွာ နှုတ်ဆက်သည့်အနေနှင့် ထူးခြား၏နှာခေါင်းထဲသို့ တိုးဝင်လာသည်။ အလွှတ်မပေးဘဲ ခိုးကြောင်ခိုးဝှက် ရှူလိုက်သည်။

"နင် အလုပ်လုပ်ရတာ အဆင်ပြေလား"

စိတ်ကောင်းဝင်တုန်း မေးသည့်မေးခွန်းမို့ နှုတ်တွန့်နေရာ မဖြစ်။

"အဆင်ပြေပါတယ်၊ ကျွန်တော်အဆင်မပြေတာ တစ်ခုပဲရှိတယ်"

"ဘာလဲ"

"သိမ်မွေ့ကို နေ့တိုင်း အချိန်တိုင်း တွေ့ခွင့်ရနေတဲ့ အခွင့်အရေး ဆုံးရှုံးသွားခဲ့တာကိုပါ"

သိမ်မွေ့ ညအလင်းရောင် မှိန်မှိန်အောက်မှာ ခပ်မဲ့မဲ့ အပြုံးတစ်ခုကို ဖျတ်ခနဲ ပြုံးလိုက်သည်။

"နင်က ငါ့ကို တွေ့ခွင့်ရချင်နေတယ်ပေါ့ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်…ဟုတ်ပါတယ်”

“မေမေက နင်နဲ့ငါ့ကို တစ်မျိုးထင်နေတယ်၊ အဲဒါကို နင်သိလား”

“မသိပါဘူး”

“နင်တော်တော်ရိုးတာပဲ”

ထူးခြား သိမ်မွေ့၏ ဝေဖန်ချက်ကို ငြိမ်ပြီးနားထောင်နေလိုက်သည်။

“ဒီအိမ်မှာ တောက်တိုမယ်ရ လာပိုင်းလုပ်ပေးတဲ့ ရည်ရွယ် ချက်က ဘာလဲ”

“ဟင်”

သိမ်မွေ့အမေးကို ထူးခြား ဘယ်လိုပြန်ဖြေရမှန်းမသိ ခဏတော့ တွေဝေသွားသည်။ ထိုတွေဝေခြင်းသည် ရင်ထဲမှာရှိသည့် ဆန္ဒအတိုင်း ပြောသင့်မပြောသင့်ကို ချိန်ဆနေသောကြောင့် ဖြစ်သည်။

“ဖြေလေ”

“ကျွန်တော် အမှန်အတိုင်းဖြေရင် သိမ်မွေ့ ကျွန်တော့်ကို





စိတ်ဆိုးမှာလား၊ ဒါမှမဟုတ် နားလည်ပေးမှာလား”

“သြော်…ခက်ပါရဲ့၊ ငါမေးတာကိုမဖြေဘဲ နင်ကပဲမေး ခွန်းပြန်ထုတ်နေသေးတယ် အံ့ပါရဲ့၊ ကဲ ဖြေပါ စိတ်မဆိုးပါဘူး၊ နင့်ရင်ထဲမှာရှိတဲ့ ဆန္ဒအတိုင်းပြော”

ထူးခြား အားရှိသွားသည်။ ထို့ကြောင့် အမှန်အတိုင်း ပြောရန် စကားလုံးတို့ကို အဆီအငေါ်တည့်အောင် စိတ်ထဲမှ ကမန်းကတန်း စီလိုက်ပြီး လည်ချောင်းဝမှထွက်ရန် အားယူလိုက်သည်။

“ကျွန်တော် သိမ်မွေ့ကို ချစ်လို့ပေါ့”

“အဟင်း…ဟင်း…ဟင်း…ဟင်း…ဟင်း”

သိမ်မွေ့ကိုယ်လေး လှုပ်ရမ်းသည့်အထိ တဟင်းဟင်း နှင့်ရယ်သည်။ ထူးခြား သိမ်မွေ့ကို နားမလည်သော အကြည့်ဖြင့် ပြူးကြောင်ကြည့်လိုက်သည်။

ဘာကြောင့်ရယ်ရတာလဲ။ လူတစ်ယောက်၏ နှလုံးသား ထဲက စစ်မှန်စွာ ထွက်ပေါ်လာသော ခံစားမှုရသကို ဟာသကား ထိုင်ကြည့်သလို ရယ်နေတာကတော့ စိတ်ထဲမှာ နည်းနည်းလေး



www.burmeseclassic.com

www.burmeseclassic.com



မှ သဘောမတွေ့။

"ကျွန်…ကျွန်တော် တကယ်ပြောတာပါ"

"ငါကရော နင်ညာနေတယ်လို့ ပြောလို့လား ထူးခြား ရယ်"

"ဒါပေမဲ့"

"နေဦး…နင်ဆက်မပြောနဲ့ ငါမေးမယ်"

ထူးခြား သိမ်မွေ့ကို နူးညံ့သောအကြည့်တွေဖြင့် ယဉ်ကျေးစွာ ကြည့်လိုက်သည်။

"နင် ငါ့ကို ဘာကြောင့်ချစ်တာလဲ"

ချစ်ပါတယ်ဆိုမှ ဘာကြောင့်ချစ်တာလဲဆိုတော့ ထူးခြား ရင်ထဲကလာသည့် အချစ်ကို ဘယ်လိုထွက်ဆိုပြရမလဲ။ ကိုယ်က ကဗျာသမား၊ စာပေသမားမဟုတ်သည့်အတွက် အချစ်ကို လေညှင်းတွေလို မဖွဲ့ဆိုတတ်။ ပန်းလေးတစ်ပွင့်လို မတင်စားတတ်။ သင်းပျံ့သော ရနံ့တွေနှင့် မခိုင်းနှိုင်းတတ်။ အရှိကိုအရှိအတိုင်း ချစ်တယ်လို့ပဲပြောတတ်သည်။

"သိမ်မွေ့က ချစ်စရာကောင်းလို့ချစ်တာပေါ့၊ သိမ်မွေ့





နားမှာ ကျွန်တော်နေရင် ရင်ထဲမှာ ဘာကြောင့်မှန်းမသိဘူး ကြည်နူးနေတယ်၊ ဒါကိုချစ်တယ်လို့ သတ်မှတ်လို့ရတာပဲ"

"ဟင်း…လွယ်လိုက်တာ၊ ငါဘယ်လိုခံစားရမှန်းတောင် မသိတော့ဘူး"

"ကျွန်တော့်အချစ်က ရိုးရှင်းသလို ဖြူလည်းဖြူစင်ပါတယ်"

"ရိုးရှင်းတယ် ဖြူစင်တယ်ဆိုတာကို ဘာပေတံနဲ့ တိုင်းတာထားလို့လဲ ထူးခြား"

"ဘာနဲ့မှ မတိုင်းတာထားပါဘူး၊ ဒီလိုပဲ သူ့အလိုလို ဖြစ်ပေါ်လာတဲ့ ခံစားမှုမျိုးပါ"

"တကယ်လို့ ငါက ရုပ်ဆိုးနေတဲ့ မိန်းမတစ်ယောက် ဖြစ်နေရင် ဒါမှမဟုတ် ချို့ယွင်းချက်တွေနဲ့ ပြည့်နှက်နေတဲ့ မိန်းမတစ်ယောက်ဖြစ်နေမယ်ဆိုရင်ရော နင့်ရဲ့ဟောဒီရင်ဘတ်ထဲမှာ ငါ့ကို ချစ်တယ်ဆိုတဲ့ ခံစားမှုမျိုး ရှိနေဦးမှာလား"

"ရှိနေမှာပါ"

"သေချာလို့လား၊ ဒါဆို ငါ့မှာရှိနေတဲ့ ချို့ယွင်းချက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုကို ပြောပြမယ်၊ ပြီးရင် နင် အဲဒီချို့ယွင်းချက်ကို လက်ခံပြီး ငါ့ကိုလက်ထပ်နိုင်မလား''

''ချစ်မိသွားမှတော့ မသိမ်မွေ့မှာ ဘယ်လိုချို့ယွင်းချက်မျိုးတွေ ရှိနေပါစေ ကျွန်တော် ကျေကျေနပ်နပ်ကြီးကို လက်ခံပါတယ်''

ဒါဟာ ရင်ထဲက ခိုင်မာသော သစ္စာတရား၏ ပြယုဂ်တစ်ခုပါပဲ။

''ကောင်းပြီ…ဒါဆို ငါနင့်ကို ပြောပြမယ်၊ နင် သေသေချာချာနားထောင်''

သိမ်မွေ့ အကြောင်းအရာတစ်ခုကိုပြောရန် အရှိန်ယူသည့်အနေဖြင့် ခဏတော့ တိတ်ဆိတ်သွားသည်။ ပြီးမှ သက်ပြင်းခပ်ယဲ့ယဲ့ချသံနှင့်အတူ…

''ငါ့မှာ ကိုယ်ဝန်ရှိနေပြီ ထူးခြား''

သိမ်မွေ့ပြောသော အကြောင်းအရာတွေက ထူးခြားလုံးဝမျှော်လင့်မထားသော အကြောင်းအရာတွေ ဖြစ်နေသည်မို့ ထူးခြား ခန္ဓာကိုယ် ဆတ်ခနဲ တုန်သွားသည်။





အံ့သြခြင်း၊ မယုံကြည်နိုင်ခြင်းတွေက မျက်နှာပေါ်မှာ ပြိုဆင်းကျလာသည်။ မျက်လုံးအစုံ ဖြူးကျယ်ဝိုင်းစက်သွားကာ မျက်နှာပြင်အနှံ့မှ အကြောနိုင်တွေတောင် တဆတ်ဆတ်ဖြင့် တုန်ခါ၍လာသည်။

လုပသောယန်းတစ်ပွင့်မှာ ယခုလို အပြစ်အနာအဆာမျိုး ရှိခဲ့တာ သိမ်မွေ့အတွက် ထိုက်တန်ပါရဲ့လား။ တုန်လှုပ်ခြင်းတွေဖြင့်…

''ကဲ…ဘယ်လိုလဲ နင် ငါ့ကို လက်ထပ်နိုင်ရဲသေးလား''

သိမ်မွေ့၏ ခပ်မှဲ့မှဲ့အမေးကြောင့် ထူးခြား သိမ်မွေ့ကို ညအလင်းရောင်အောက်မှာ စေ့စေ့ကြည့်လိုက်သည်။ ဒါဟာ တကယ်မဟုတ်။ သိမ်မွေ့ညာနေတာ။

''ကျွန်တော် လက်ထပ်ရဲပါတယ်''

သိမ်မွေ့ ကိုယ့်အချစ်ကို စမ်းသပ်နေပြီဆိုတာ ထူးခြားကောင်းကောင်းသိနေသည်။ ဒီတော့ သိမ်မွေ့ယုံအောင် လက်ထပ်ရဲသည်ဟု ခွတ်ခေါင်းညိတ်လိုက်သည်။

၊ ၊ ၊



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

"ဒီဓာတ်ပုံထဲက ထူး…ထူးခြား မဟုတ်လား"

ဓာတ်ပုံထဲက သီဟတေး၏ပုံကိုကြည့်ပြီး အဘွားဒေါ်ခင်ကြည် တအံ့တသြဖြစ်နေသည်။

"ဟုတ်တယ် အဘွား၊ အဲဒါ ရွှေရေးရေးစပ်ထားတဲ့ သီဟတေးဆိုတဲ့ ရွှေရေးရဲ့ချစ်သူပါ"

"ဟင်"

"ဒါပေမဲ့…သူ ရွှေရေးဘဝထဲက ပျောက်ကွယ်ခဲ့တာ အချိန်အတော်ကြာခဲ့ပါပြီ၊ ထူးခြားကိုမြင်တော့ ရွှေရေးချစ်သူကို ပြန်တွေ့လိုက်ရသလို အရမ်းကို ရင်ခုန်စိတ်လှုပ်ရှားခဲ့ရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သမီးချစ်သူက ဘယ်ရောက်သွားလို့လဲ"

"လေယာဉ်ပျက်ကျတဲ့အထဲ ပါသွားတယ်လို့ထင်ရပေမယ့် ရွှေရေးစိတ်ထဲမှာတော့ သူလုံးဝမသေသေးသလို ခံစားရတယ်"

ဘွားဒေါ်ခင်ကြည် မျက်နှာပေါ်မှာ မယုံကြည်နိုင်ခြင်းတွေဖြင့် လေးနက်၍နေ၏။ ထူးခြားဟာ ရွှေရေးလေး၏ချစ်သူ သီဟ တေးများ ဖြစ်နေမလားဟု ရွှေရေး၏ခံစားမှုတွေကို စာနာပြီး ထင်ယောင်ထင်မှား ဖြစ်မိပြန်သည်။

"မြေးစိတ်ထဲမှာ ထူးခြားဟာ သီဟတေးများဖြစ်နေမလားလို့ မဝံ့မရဲ အတွေးဝင်နေတယ်မဟုတ်လား"

"ဟုတ်ပါတယ်ဘွား၊ ထူးခြားဟာ တေးဖြစ်တယ်ဆိုတဲ့ စိတ်တစ်ခုက ရွှေရေးရင်ထဲ ဘယ်လိုမှ ပျောက်လို့မရဘူးဖြစ်နေတယ် ဘွားရယ်"

ရွှေရေး မျက်ဝန်းအစုံမှာ မျက်ရည်တို့ ဝေ့သီလာသည်။ ရင်ထဲမှာ လှိုက်ခနဲ နာကျင်လာရသဖြင့် စကားသံတို့သည် ငိုသံဖြင့် အက်ကွဲလာသည်။





ရွှေရေးလေး ခံစားနေရပုံကိုကြည့်ပြီး ဘွားဒေါ်ခင်ကြည် စိတ်မကောင်းဖြစ်မိ၏။ ကံကြမ္မာက တိုက်ပဲတိုက်ဆိုင်လွန်းရသလား။

"တကယ်တော့ ထူးခြားဟာ ဘွားမြေးအရင်းမဟုတ်ဘူး"

"ရှင်...တ...တကယ်လားဟင် ဘွား"

"ဟုတ်တယ်...မြေး လွန်ခဲ့တဲ့ နှစ်နှစ်ကျော်လောက်က ဘွားရဲ့ဇာတိမြို့ကို အလည်အသွား လမ်းမှာ သတိလစ်မေ့မျောနေတဲ့ လူငယ်လေးတစ်ယောက်နဲ့ဆုံတယ်"

အဝေးကို ငေးပြီးပြောနေသော အဘွား၏အတိတ်အကြောင်းတွေကို ရွှေရေး စိတ်လှုပ်ရှားလွန်းစွာဖြင့် ရင်တမမ နားထောင်နေရသည်။ မျက်ဝန်းတွေမှာ ငိုကြွေးခြင်းအရိပ်အယောင်တွေ တစ်စက်ကလေးမှ ရှိမနေတော့ပေ။ မျှော်လင့်ချက်အရောင်တွေသာ စိန်ပွင့်တွေလို တဖိတ်ဖိတ်တောက်နေ၏။ ယခင် ယခင်တွေကလို မျက်ဝန်းတွေမှာ ပြုံးရိပ်သင့်မနေတော့ဘူး။

"အဲဒီလူငယ်လေးဟာ သတိလစ်နေရုံကလွဲပြီး သူဘယ်



www.burmeseclassic.com

www.burmeseclassic.com



ကလဲ၊ ဘယ်သူလဲဆိုတာကို လုံးဝစုံစမ်းလို့မရအောင်ကို သူ့နောက်
ကြောင်းရာဇဝင်က လုံးဝကိုမရှိဘူး''

ဘွားဒေါ်ခင်ကြည် ဘေးမှာ အဆင်သင့်ငှဲပြီး မသောက်ရ
သေးသော ရေနွေးကြမ်းပန်းကန်လုံးကို လှမ်းယူပြီး အမောဖြေ
စေရန် တစ်ငုံနှစ်ငုံ ငုံလိုက်သည်။

''အဲဒီတုန်းက သူ့ခေါင်းမှာရော၊ သူ့ခန္ဓာကိုယ်ပေါ်မှာရော
ဘာဒဏ်ရာမှ ရှိမနေဘူးလေ၊ အဲဒါနဲ့ အဖွားလည်း မြင်းလှည်း
ဆရာကို အကူအညီတောင်းပြီး အဘွားအစ်မရွာကို ခေါ်သွားလိုက်
တယ်လေ''

ဇာတ်ရှိန်မြင့်လာသော ဘွားဒေါ်ခင်ကြည်၏ အတိတ်က
အကြောင်းတွေကို အငမ်းမရ နားထောင်နေမိသော ရွှေရေးကိုယ်
လေးမှာ အကြောအချင်တွေပင် တောင့်တင်းလာကာ အဘွားဆီ
ထွက်ကျလာမည့် စကားလုံးတွေကို စိတ်စောစွာ နားစွင့်နေမိ

ရွှေရေးတင်ထားတာ မမှားဘူးဆိုလျှင် ထူးခြားဟာ
အတိတ်အကြောင်းကို လုံးဝမေ့လျော့နေသည့် အတိတ်မေ့ဝေဒ
သည် ဖြစ်နေသည်ပေါ့။ ရွှေရေး အံ့ဩရပါ၏။ ဒီလိုအဖြစ်





ဟာ ရုပ်ရှင်ဆန်လွန်းပါ၏။ ထိုသို့ ရုပ်ရှင်ဆန်လွန်းသော ဇာတ်ကွက်
မျိုးကို ရွှေရေးတို့ချစ်သူနှစ်ဦးဆီကို ကံကြမ္မာက ဘယ်အပြီးကြောင့်
တွန်းပို့နေရသနည်း။

''ဒီကလေး သတိရလာဖို့ သုံးရက်လောက်စောင့်လိုက်
ရတယ်''

''သ…သတိရလာတော့ သူဘာပြောလဲဟင်''

ရွှေရေး စိတ်စောစွာဖြင့် အငမ်းမရမေးလိုက်သည်။

''သတိရလာတော့ သူဘာမှမပြောဘူး၊ ကမ္ဘာသစ်တစ်ခု
ထဲကို ခုမှရောက်လာတဲ့ ကလေးပေါက်စလေးလိုပဲ သူ့ကိုယ်သူ
လည်းမသိဘူး၊ ပြီးတော့ အဖွားကိုမေးတယ်၊ သူဘယ်ရောက်
နေတာလဲတဲ့''

''အဘွားက မင်းကရော ဘယ်သူလဲလို့မေးတော့
သူခေါင်းတွင်တွင်ခါပြီး မသိဘူးလို့ပဲပြောတယ်၊ အဘွားကိုလည်း
သူက ဘာပြောတယ်မှတ်လဲ''

''ဘာပြောလဲဟင် အဖွား''

''အဘွားက ကျွန်တော့်ရဲ့အဘွားလားတဲ့၊ အဲဒီမှာတင်



www.burmeseclassic.com

www.burmeseclassic.com



အဘွား သဘောပေါက်လိုက်တယ်၊ အဘွားဟာ အဲဒီအချိန်တုန်းက ဒီလူငယ်လေး အားကိုးတကြီးနဲ့ လှမ်းဆွဲခံရတဲ့ မြက်ကလေးတစ်ပင်ပေါ့၊ သူဟာ အတိတ်ကို လုံးဝပြန်မမှတ်မိတဲ့ရောဂါသည်လေး တစ်ယောက်ဆိုတာ ရိပ်မိလိုက်တာနဲ့ အဘွားလေ သူ့ကို မြေးအရင်းလေးတစ်ယောက်လို သံယောဇဉ်တွယ်သွားမိတယ်၊ ဘွားမှာက မအေတစ်ခု သားတစ်ယောက်ပဲရှိတာလေ၊ သားဆိုပေမဲ့ ဘာမှအားမကိုးရတဲ့သားမျိုးဆိုတော့ ဘွားစိတ်ထဲမှာ ဒီလူငယ်လေးကို မြေးတစ်ယောက်အဖြစ် ဘွားအနားမှာ ခေါ်ထားချင်တဲ့စိတ်မျိုး ဖြစ်လာမိတယ်၊ ဒါကြောင့် သူ့ကို ဘွားရဲ့မြေးအဖြစ် မွေးစားလိုက်တယ်''

ဒါဆို...သူ...သူဟာ ရွှေရေးရဲ့ချစ်သူ သီဟတေးလို့ထင်ထားခဲ့တာ ပိုပြီးကျိန်းသေသွားပြီပေါ့။

''မြေးထင်တာ မလွဲပါစေနဲ့လို့ပဲ ဘွားဆုတောင်းပါတယ် မြေးရယ်''



## အခန်း (၃၀)

''သမီးလေး...သမီးလေးပြောတာ တကယ်ပဲလား၊ တကယ်ပဲလားဟင်''

မျိုသိပ်ခဲ့ရသောသားကို လွမ်းဆွေးတသစိတ်တွေသည် အဝေးကို လွင့်စင်ထွက်ကုန်ပြီး ပြောမပြတတ်သော လှိုက်လှဲဝမ်းသာမှုကြီးက ဘဝင်ထိအောင် တစိမ့်စိမ့်တိုးဝင်ကုန်၏။

''ဟုတ်တယ်...အန်တီမေ၊ ထူးခြားဟာ ဘွားဒေါ်ခင်ကြည်ရဲ့ မြေးအရင်းမဟုတ်ဘူးဆိုတဲ့ အကြောင်း ရွှေရေးသိခဲ့ရပြီ၊ တေးဟာ ရွှေရေးထင်ထားသလို အတိတ်ကို ဘာမှပြန်မမှတ်မိနိုင်တဲ့ ဝေဒနာသည်တစ်ယောက် ဖြစ်နေတယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းသာလိုက်တာ သမီးရယ်၊ အန်တီမေ့သား မသေဘူးဆိုတာ သိလိုက်ရတဲ့အတွက် ခုချိန်မှာ အန်တီမေ သေရမယ်ဆိုရင်တောင် အန်တီမေ ရဲရဲကြီးသေဝံ့ပါတယ် သမီးရယ်"

ရွှေရေးဆက် ပခုံးလေးကို ဝမ်းသာအားရ ကိုင်လှုပ်ကာ ပြောနေသော ဒေါ်ခင်မေထက်၏ ဝမ်းသာလှိုက်မောမှုကြီးသည် မည်မျှအထိ အင်အားကြီးမားသည်ဆိုတာကို ရွှေရေးမှန်းဆရုံနဲ့တင် သိနိုင်ပါ၏။

ချစ်သူတစ်ယောက်ဖြစ်တဲ့ ရွှေရေးတောင်မှ ခုလောက်ထိ ပြောမပြတတ်အောင် ဝမ်းသာနေလျှင် မိခင်တစ်ယောက်ဖြစ်သည့် အန်တီမေ၏ ဝမ်းသာလုံးဆို့မှုသည် မည်မျှအတွင့်အထိပ်ရောက်မည်ဆိုတာ တွေးမှန်းရာပင်မရှိတော့။

"မောင်ထူးခြားဟာ အန်တီမေ့သား ဟုတ်မဟုတ်ဆိုတာ ဒီထက်နိုင်လုံတဲ့ သက်သေပြချက်တစ်ခုရှိတယ်၊ အဲဒါက ဘာလဲဆိုတော့ သားရဲ့ခါးနောက်ကျောမှာ သစ်ရွက်ပုံသဏ္ဍာန် အမှတ်လေးတစ်ခုရှိတယ်၊ အန်တီမေ အဲဒါကို ကြည့်ချင်တယ်ကွယ်"

"ရွှေရေးတို့ တစ်ခုခုစီစဉ်ကြတာပေါ့ အန်တီမေရယ်၊





ဘာပဲဖြစ်ဖြစ် တေးမသေဘူးဆိုတာ သိနေရပြီပဲ၊ တေးကို သူခံစားနေရတဲ့ ဝေဒနာကို ပျောက်ကင်းအောင်ကုဖို့ အာရုံကြောဆရာဝန်နဲ့ ပြရမယ်ဆိုရင်လည်း ပြဖို့စီစဉ်ကြတာပေါ့"

"ဟုတ်တယ်သမီး . . . အန်တီမေတို့ဘက်က ဘယ်လောက်ပဲ သားပါလို့ သူ့ရှေ့မှာ ရေရွတ်ပြနေဦးတော့ သူ့ရဲ့အတိတ်ကို သတိမရမှတော့ အန်တီမေတို့ရွတ်ပြလည်း အလကားပဲရှိတော့မှာပဲ၊ အဓိကလုပ်ရမှာက အန်တီမေတို့မိဘတွေကို သားပြန်ပြီး မှတ်မိလာဖို့ပဲမဟုတ်လား၊ အန်တီမေတော့လေ ဝမ်းသာလွန်းလို့ နေမထိထိုင်မထိတောင် ဖြစ်မိတယ်ကွယ်၊ သားဒက်ဒီဆီကိုလည်း သားအသက်ရှင်လျက်ရှိနေသေးတယ်ဆိုတာကို မေးလ်ပို့လိုက်မယ်၊ ဖအေကြီး ဘယ်လောက်တောင် ဝမ်းသာလိမ့်မလဲကွယ်၊ တွေးကြည့်တာနဲ့တင်ပဲ ပီတိဖြစ်လိုက်တာသမီးရယ်"

"ရွှေရေးတောင် ပြောမပြတတ်အောင် ဝမ်းသာနေတာ အန်တီမေတို့မိဘတွေက ပိုပြီးဝမ်းသာမယ်ဆိုတာ ရွှေရေးယုံပါတယ်"

"အန်တီမေ သားနဲ့တွေ့ချင်လိုက်တာ၊ ဒီနေ့ သားမလာ



www.burmeseclassic.com

www.burmeseclassic.com



ဘုရားသမီး''

"လာမှာပါ အန့်တီမေ၊ သိပ်မကြာခင် သူရောက်လာတော့မှာပါ"

# အခန်း (၃၁)

နှစ်နှစ်ကျော် သုံးနှစ်မျှ ခွဲခွာခဲ့ရသော သားဇာ၏ရုပ်သွင်ကို ဒေါ်ခင်မေထက် တစိမ့်စိမ့်ကြည့်ကာ ငိုချင်စိတ်တွေ လှိုက်ခနဲဖြစ်လာသည်။

ကိုယ့်ကို နင့်နင့်သီးသီးကြီးကြည့်ပြီး မျက်နှာကြီးနီမြန်းလာအောင် တစိမ့်စိမ့်ကြည့်နေသော ဒေါ်ခင်မေထက်ကိုကြည့်ကာ ထူးခြား အနေခက်၍နေသည်။

ရွှေရေးဆက်ကို ဘာများဖြစ်လို့လဲဟူသော မျက်နှာရိပ် မျက်နှာကဲပြသည့်အကြည့်ဖြင့် ကြည့်လိုက်ပြီး မသိမသာ မေးဆတ်ပြလိုက်သည်။





www.burmeseclassic.com

www.burmeseclassic.com



ရွှေရေးဆက် ပြုံးရုံပင်ပြုံးလိုက်ပြီး…

"ဩော်…ဒီနေ့ ရွှေရေး သွားစရာမရှိတာနဲ့ အတော်ပဲ၊ ရွှေရေးကိုလေ တိုက်အနောက်ဘက်က ရေကူးကန် ဆေးပေးလို့ ရမလား၊ ရှင်တစ်ယောက်တည်းတော့ မဟုတ်ပါဘူး၊ တခြား အလုပ်သမားတွေလည်းပါမှာပါ"

"ရပါတယ် မရွှေရေး၊ အလုပ်မရှိတာထက်စာရင် ထိုင်မနေ ရမယ့် ဘယ်လိုအလုပ်မျိုးကိုမဆို လုပ်ပါ့မယ်"

"ကြွေပြားနံရံတွေမှာ ကပ်နေတဲ့ ရေညှိတွေ တိုက်ရမှာ ဆိုတော့ တိုလေ ရှင့်အင်္ကျီချွတ်လိုက်ပါလား၊ ရေညှိတွေပေ၊ ရေတွေစိုကုန်ရင် ရှင်ပြန်ရင် ဝတ်စရာမရှိဘဲ ဖြစ်နေဦးမယ်"

ရွှေရေး ထူးခြားခါးနောက်မှ အမှတ်ကိုကြည့်ချင်၍ တမင် ပင် အင်္ကျီချွတ်၍ လုပ်ရသောအလုပ်ကို ရွေးခိုင်းလိုက်မှန်း ဒေါ်ခင် မေထက် သိသည်။

ကိုယ်နှင့်ရွယ်တူ မိန်းမပျိုရှေ့မှာ အပေါ်အင်္ကျီချွတ်ရမည် ဆို၍ ထူးခြား ရှိုးတိုးရှန့်တန့်ဖြစ်သွားကာ…

"ဟုတ်ကဲ့…ရေကန်နားရောက်မှပဲ ချွတ်ပါတော့မယ်လေ၊





ခုလောလောဆယ် ရေကူးကန်ရှိတဲ့နေရာကိုပဲ လိုက်ပို့ပေးပါ"

"အင်း…ကောင်းပြီလေ၊ လာ ရွှေရေးလိုက်ပို့ပါ့မယ်"

ရေကူးကန်ရှိရာသို့ ရွှေရေး ထွက်လာလိုက်သည်။ အမှန် ဆို ရေကူးကန်လှယ်ထားတာ တစ်လတောင်မပြည့်သေး။ ကန်လှယ် ပေးမည့် အလုပ်သမားတွေကိုလည်း ရွှေရေး ခေါ်မထား။

ဒေါ်ခင်မေထက်ပါ ရေကူးကန်ဘက်သို့ လိုက်လာသည်။ ဒီရေကူးကန်က ရွှေရေးဆီလာတိုင်း သားကူးနေကျ ရေကူးကန်။

"ရှင်…ရေကန်ထဲ အရင်ဆင်းပြီး ရေဆင်းပေါက်ကို အရင် ဖွင့်မှရမယ်"

"ဟုတ်ကဲ့…ကျွန်တော် လုပ်လိုက်ပါ့မယ်"

ထူးခြား ခါးထဲမှာဝတ်ထားသော စပို့ရှပ်အင်္ကျီကို ခေါင်းမှ ဆွဲချွတ်လိုက်သည်။

ဒေါ်ခင်မေထက်နှင့်ရွှေရေး အင်္ကျီချွတ်သွားသော ထူးခြား ၏ခါးကို အမိအရ အသေအချာကြည့်လိုက်ကြသည်။

တွေ့ပါပြီ။ သစ်ရွက်အဝိုင်းပုံသဏ္ဌာန် အမည်းရောင် အမှတ်လေးတစ်ခု။ ဒီထက်ပိုပြီးသေချာတာ မရှိတော့။



www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ…သားမှ သားအစစ်။

"သား…သားလေးတေး"

ဒေါ်ခင်မေထက် မအောင့်အီးနိုင်စွာဖြင့် ထူးခြားကို ပြေးဖက်ပြီး ရှိုက်ကြီးတငင် ငိုကြွေးလေသည်။

ထူးခြား အင်္ကျီချတ်ကြီးဖြင့် ဒေါ်ခင်မေထက် တင်းကြပ်စွာဖက်ကာ ပလုံးပထွေးပြောပြီး ငိုယိုနေသဖြင့် ဘာလုပ်၍ဘာကိုင်ရမှန်းမသိအောင် ထူပူသွား၏။

"မရွှေရေးဆက် လုပ်ပါဦး အန်တီကြီးဘာဖြစ်တာလဲ"

"ခဏလောက် သည်းခံပြီးနေပေးလိုက်ပါ့ ကိုထူးခြား၊ ဒီကိစ္စတွေကို ရွှေရေး ရှင်းနားလည်သဘောပေါက်အောင် ရှင်းပြပါ့မယ်"

"သားတေးရယ်…မာမီလေ ဝမ်းသာလွန်းလို့ စိတ်ထဲမှာ ဘယ်လိုဖော်ပြရမှန်းတောင် မသိဘူး၊ ဒီတစ်သက် မာမို့သားလေးကို မာမီ လုံးဝမတွေ့ရတော့ဘူးလို့ ထင်ထားခဲ့တာ၊ မာမို့ရင်တွေ ကွဲကြေခဲ့ရတာပါသားရယ်၊ ဒါပေမဲ့ ကံကြမ္မာက သားနဲ့မာမီတို့ကို အပြီးတိုင်ခွဲမသွားခဲ့ဘူး၊ ခဏပဲခွဲထားတဲ့အတွက် ကျေးဇူးတင်





ပါတယ်"

ထူးခြားရင်ထဲမှာ ဒေါ်ခင်မေထက် ဝမ်းသာလွန်း၍ ငိုကြွေးနေပုံကိုကြည့်ပြီး ကိုယ့်အမေတစ်ယောက်လို ရင်မှာ နင့်နင့်သီးသီး ခံစားလာရ၏။

လောကကြီးထဲမှာ ကိုယ်မသိသေးသော အကြောင်းအရာတွေ အများကြီး ကျန်နေသေးတာပဲ။

"အန်တီကလေ သားရဲ့မာမီပါကွယ်၊ ဒီအကြောင်းအရာတွေ ဘာကြောင့် သားနားလည်သဘောမပေါက်တာလဲဆိုရင် သားဟာ အတိတ်ကို မေ့လျော့နေတဲ့ဝေဒနာ ခံစားနေရလို့ ကိုယ့်အမေကို တွေ့တာတောင် မမေမှန်းမသိဖြစ်နေတာပါ"

"ဗျာ…ကျွန်တော်က ဝေဒနာခံစားနေရတယ်ဟုတ်လား၊ မ…မဖြစ်နိုင်ပါဘူး၊ ကျွန်တော့်မှာ ဘာရောဂါမှမရှိဘူး၊ ကျွန်တော် နေကောင်းပါတယ် အန်တီ"

"အမေ့ကို အမေလို့ မမှတ်မိတာကိုက သားရဲ့ဝေဒနာကြောင့်ပေါ့သားရယ်၊ ဒါပေမဲ့ သား ဘာမှမစိုးရိမ်နဲ့၊ သားရဲ့ရောဂါ အမြန်ဆုံးပျောက်အောင်ကုမယ်၊ မာမီတို့မှာရှိတဲ့ စည်းစိမ်တွေ



www.burmeseclassic.com

www.burmeseclassic.com



ကုန်ချင်ကုန်သွားပါစေ မာမီပျောက်အောင်ကိုကုမယ်ကွယ်”

ဒေါ်ခင်မေထက် ထူးခြား၏ နားမလည်နိုင်သော ကြောင်စီစီအမူအရာကို မျက်ရည်တွေကြားမှ ဝမ်းသာပီတိဖြစ်စွာ ကြည့်ပြီး တတွတ်တွတ်ပြောနေ၏။

ရွှေရေးဆက်ပါ ဘေးကနေကြည့်ပြီး ရင်မှာ ချမ်းမြေ့ခြင်းတွေက ရေအလျှင်လို တသွင်သွင်စီးဆင်း၍နေ၏။

ချစ်သူကို ပြန်လည်ပိုင်ဆိုင်ရတော့မည့်အရေး တွေးပြီး ကုန်လွန်ခဲ့ရသည့်အချိန်တွေကိုပင် ပြန်၍နှမြောမိသည်။

သောကတွေဖြင့် ပူလောင်ကျွမ်းမြေ့ခဲ့ရတာ သေမတတ်ပါပဲ။

# အခန်း (၃၂)

ချစ်သူနှမ်း်း ပုံစံအမျိုးမျိုးဖြင့် ရိုက်ထားသော ဓာတ်ပုံတွေကိုကြည့်ပြီး ထူးခြား နှုတ်ခမ်းသားတွေ တဆတ်ဆတ်တုန်လာအောင် စိတ်တွေလှုပ်ရှားနေမိ၏။

ဒေါ်ခင်မေထက် မှားယွင်းမည်ဆိုလျှင်လည်း မှားယွင်းစရာ။

“ဒီ…ဒီထဲကလူက ကျွန်တော်နဲ့ တော်တော်လေးကိုတူတာပဲနော် မရွှေရေး”

“တော်တော်လေးတူတာ မဟုတ်ဘူး ကိုထူးခြား၊ ရှင်ဟာသီဟတေးပါဆိုတာကို ရွှေရေးတို့ အထောက်အထားခိုင်ခိုင်နဲ့





www.burmeseclassic.com

www.burmeseclassic.com



အသေအချာကို သိပြီးသွားပါပြီ''

''ဗျာ''

ထူးခြား အံ့သြလွန်း၍ ပါးစပ်အဟောင်းသားဖြစ်ကာ ရွှေရေးဆက်ကို ဘာပြန်ပြောရမှန်းမသိ။ အတိတ်ဆိုတာ ဘာမှန်းမသိခဲ့သော လူတစ်ယောက်ဆိုတာသိပေမဲ့ ကိုယ်ကျော်နိုင်းခဲ့သည့် အတိတ်အကြောင်းအရာတွေကို ပြန်လှန်ရှာဖွေဖို့ ဘယ်တုန်းကမှ စိတ်ကူးမရှိခဲ့သည့် ခပ်နုံနုံလူတစ်ယောက်။

အနာဂတ်ကိုသာ မျှော်ကြည့်ပြီး ရှေ့ဆက်တက်လှမ်းဖို့ ကြိုးစားနေတဲ့ လူတစ်ယောက်အဖြစ်သာ ဘဝကို တစ်ခြမ်းပဲ့ ရှင်သန်ချင်နေမိသည်။

တကယ်ရော ကိုယ်ဟာ သီဟတေးဆိုတဲ့ လူတစ်ယောက်လား။ ကိုယ်ဟာ သီဟတေးဆိုလျှင် ကိုယ့်ဘေးမှာထိုင်နေတဲ့ ရွှေရေးဆက်က ကိုယ့်ချစ်သူပေါ့။ သိမ်မွေ့ကရော။ သိမ်မွေ့ကို ထူးခြားရဲ့ ဘယ်နေရာမှာထားရမလဲ။

ရှုပ်ယှက်ခတ်နေသော အတွေးတွေက အာရုံကြောနံရံတွေကို အပ်တွေနှင့် ထွင်းနေသကဲ့သို့ တဆစ်ဆစ်နာကျင်ကိုက်ခဲ





သလို ခံစားလာရသည်။

အကြောင်းခြင်းရာတွေ အားလုံးဟာ ဖျော်ရည်စက်ထဲ ထည့်မွှေလိုက်သလို အားလုံးဟာ စုစည်းထွေးလိပ်လျက် ဘယ်အရာမှ အစီအစဉ်တကျမရှိတော့။

ရွှေရေးရှေ့မှာမို့သာ ဟန်လုပ်နေနေရခြင်းဖြစ်သည်။

''မောင်''

''ဟင်''

မောင်ဟူသော ချိုကြည်ရှင်မြသည့် အသံကြောင့် ထူးခြား ရွှေရေးဆက်ကို အလန့်တကြားဖြင့် ဆတ်ခနဲ မော့ကြည့်လိုက်သည်။

ရွှေရေးဆက်၏ အကြည့်တွေသည် နူးညံ့သိမ်မွေ့လွန်းကာ ချစ်ခြင်းမေတ္တာတွေဖြင့် ဖိတ်လျှံပြည့်ဝ၍နေ၏။

''ကျွန်···ကျွန်တော့်ကိုခေါ်တာလား မရွှေရေး''

ထူးခြား အူတူတူအတာတာဖြင့် ခပ်ကြောင်ကြောင် ပြန်မေးလိုက်သည်။

''ဟုတ်တယ် မောင်၊ မောင်ဟာ ထူးခြားမဟုတ်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ထူးခြားဆိုတဲ့နာမည်က ဘွားဒေါ်ခင်ကြည် ပေးထားတဲ့နာမည်သစ် တစ်ခု၊ အဲဒီနာမည်ဟာ မောင့်ဘဝတစ်ခုလုံးကို မသိခြင်းတွေနဲ့ လွှမ်းမိုးချုပ်ကိုင်ထားတာ။ ထူးခြားဘဝနဲ့ လှုပ်ရှားရုန်းကန်ပြီး ခံစားရသမျှ ခံစားချက်တွေအားလုံးဟာ ဘာတစ်ခုမှ အကျိုးမဝင် ဘူးမောင်''

ရွှေရေးဆက်၏ မျက်နှာလှလှလေး ထူးခြား၏ မျက်နှာ နားသို့ တရွေ့ရွေ့တိုးကပ်လာသည်။ ထူးခြား ချောင်ပိတ်မိနေ သော ယုန်သူငယ်လို ရွှေရေးဆက်၏ အပြုအမူတွေကို ရိုးသား စွာနှင့် ဆီလျော်အောင်နေလိုက်မည်ဟု အားနာစွာတွေးမိ၏။

နှုတ်ခမ်းအိထွေးထွေးတစ်စုံက ကိုယ့်ပါးကို လာရောက် ထိနှစ်လိုက်သည်နှင့် ဒိန်းခနဲဆောင့်ခုန်သွားသော ရင်ခုန်လှုပ်ရှားမှု သည် ခန္ဓာကိုယ်တစ်ခုလုံး လေဟာနယ်ထဲ လွင့်စင်ကျသွားသလို မြောက်တက်သွား၏။

ကိုယ့်ဘဝကိုကိုယ် ထူးခြားဟု စပြီးသိလိုက်ချိန်ကတည်း က ထိုသို့သော နူးညံ့ညင်သာသည့် အထိအတွေ့မျိုး တစ်ခါမှ မကြုံဖူးခဲ့။





''မောင်ရယ်…ရွှေရေးကို မြန်မြန်ပြန်ပြီး မှတ်မိလိုက်ပါ တော့၊ ရွှေရေး မောင့်ကိုလွမ်းလှပြီ''

ပြည့်တင်းအိထွေးသော ကိုယ်လုံးအိအိလေးက ထူးခြား ရင်ခွင်ထဲသို့ တငြိမ့်ငြိမ့်နှင့် ပြုဆင်းလာသည်။ ထူးခြား စိတ်တွေ အဆမတန် လှုပ်ရှားနေသလို လက်နှစ်ဖက်ကလည်း ရွှေရေး၏ ကိုယ်လုံးအိအိလေးကို စိတ်ကမနိုင်းစေဘဲနှင့် သူ့သဘော သူ့ဆန္ဒ အလျောက် တာဝန်သိစွာဖြင့် ပြန်လည်၍ ဖက်တွယ်ထားမိလိုက် သည်။

ခံစားမှုတွေက တလှပ်လှပ်နှင့် လူကိုမူးမေ့မတတ်ဖြစ် အောင် ထိုအထိအတွေ့နွေးနွေးတွေထဲမှာ သာယာနှစ်မျောမိသွား သည်။

တကယ်ပဲ ရွှေရေးဟာ ထူးခြား၏အတိတ်က ချစ်သူတဲ့ လား။

ရင်ခုန်ကြည်မွေ့စရာ ကောင်းလိုက်တာ။ ဒါဆို သိမ်မွေ့ ကရော…။

¬ ¬ ¬



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

"ကို…သိမ်မွေ့ကို ခုမှပဲလာတွေ့တော့တယ်နော်"

"သြော်…သိမ်မွေ့ရယ် ကိုယ့်ချစ်သူကို လာတွေ့ချင်တာပေါ့၊ ဒါပေမယ့် ကိုယ်မှမအားတာ၊ ခုတောင် အလုပ်တွေကိုပစ်ထားပြီး ခဏဆိုပြီးလစ်ထွက်လာရတာ"

အကြောင်းပြချက်တွေကို စိတ်သိပ်မရှည်သောလေသံဖြင့် ရှင်းပြနေသော ချစ်သူကို သိမ်မွေ့ ညှိုးမျှော့သောအကြည့်ဖြင့် ကြည့်ပြီး သက်ပြင်းကို ဟင်းခနဲချလိုက်သည်။

"သိမ်မွေ့မှာ အရမ်းအရေးကြီးတဲ့ ကိစ္စတစ်ခု ပြောစရာရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို…အရမ်းအရေးကြီးတဲ့ကိစ္စ ဟုတ်လား၊ ဘာလဲ သိမ်မွေ့ကို အိမ်က ယောကျ်ားပေးစားတော့မယ်ဆိုတဲ့ အကြောင်း ကိစ္စလား"

ခပ်ပေါ့ပေါ့မေးလိုက်သော လေသံမှာ လေးနက်တည်ကြည်မှုတွေမပါ။ စိုးရိမ်စိတ်တွေမပါ။

"ဘယ်ကလာဟုတ်ရမှာလဲ ကိုရယ်၊ အဲဒီကိစ္စက သိမ်မွေ့အတွက် အရေးတကြီးကိစ္စမှမဟုတ်တာ"

"ဒါဆိုဘာလဲ"

"ဟိုလေ…သိမ်…သိမ်မွေ့မှာ ကိုနဲ့ရဲ့သွေးသားလေး ရှိနေပြီ"

သိမ်မွေ့ မျက်လွှာမပင့်ဘဲ ခေါင်းလေးငုံ့ကာ ရှက်စနိုး အပြုံးမြမြလေးဖြင့် ခပ်တိုးတိုးပြောလိုက်သည်။

"ဘာ…အသွေးအသား ဟုတ်လား"

ကျယ်လောင်မာဆတ်သွားသော အသံကြောင့် ပြုံးမြမြ မျက်နှာလေး ပျက်ယွင်းကာ ချစ်သူကို မော့ကြည့်သည်။

"အသွေးအသားဆိုတာ သိမ်မွေ့လွယ်ထားရတဲ့ သိမ်မွေ့





ဗိုက်ထဲက ကိုယ်ဝန်ကိုပြောတာလေ"

"တင်…ဒါ…ဒါက ဘယ်လိုဖြစ်ရတာလဲ၊ မင်း…မင်း ပြောတော့ ဆေး…ဆေးထိုးတယ်ဆို၊ ဒါဆို မင်းငါ့ကိုညာတာပေါ့ ဟုတ်လား"

"အို…ဘယ်ကညာရမှာလဲ၊ သိမ်မွေ့ ဆေးတကယ်ထိုး တာပါ၊ ဒါပေမဲ့ ထိုးလိုက်တဲ့ဆေးက ဒိတ်လွန်နေတော့ ကလေး တန်းရှိသွားတာ"

"ဟာကွာ…မင်းတကယ်ပေါ့တာပဲ၊ မိန်းကလေး တစ်ယောက်လုပ်နေပြီး ကိုယ့်ဂုဏ်သိက္ခာအတွက် လုံခြုံအောင်တော့ ကြိုတင်ကာကွယ်မှုပြုရမှာပေါ့"

အပြစ်တင်နေသော ချစ်သူ၏မျက်နှာ ခပ်ထန်ထန်ကို သိမ်မွေ့ မယုံကြည်နိုင်လွန်းစွာဖြင့် ခပ်စူးစူးကြည့်လိုက်၏။ ဆက်ဆံ ရေးတွေက ဘာကြောင့် ချက်ချင်းပြောင်းလဲသွားရတာလဲ။ သိမ်မွေ့ တကယ်ပင်နားမလည်နိုင်တော့။

အရင်တုန်းကတော့ မေမေ သဘောမတူလျှင်တောင် နိုးပြေးမည်ဟု ဇွတ်အတင်းတောင်းဆိုနေသော ချစ်သူ၏လေသံ



www.burmeseclassic.com

www.burmeseclassic.com



နှင့် ယခု ကိုယ်ဝန်ရှိနေပြီဟု ပြောလိုက်ရုံနှင့် ပြောင်းလဲသွားသော မျက်နှာအမူအရာနှင့် လေယူလေသိမ်းတွေက အရမ်းကိုကွာခြားလွန်းလှ၏။

သိမ်မွေ့ရင်ထဲမှ စိုးရိမ်ပူပန်စိတ်တွေဟာ ရင်၏နံရံတွေကို လှိုင်းလုံးကြီးတွေလို အသက်မပြတ် လာရောက်ရိုက်ခတ်နေသလို ဗရမ်းဗတာ တုန်လှုပ်နေရ၏။

"ကို…သိမ်မွေ့ကို အပြစ်တင်နေတာလား၊ ဒါမှမဟုတ် ခေါင်းရှောင်ချင်လို့ သိမ်မွေ့ကို ခုလိုစကားလုံးရင့်ရင့်တွေနဲ့ ပစ်ပေါက်နေတာလား"

"ခေါင်းရှောင်ချင်တာမဟုတ်ဘူး သိမ်မွေ့၊ ဒီအချိန်မှာ ကိုယ့်ဘက်က ဘယ်လိုအရည်အချင်းမျိုးနဲ့ တာဝန်ယူရမှာလဲ၊ အလုပ်စဝင်တာဖြင့် တစ်ပတ်တောင်မပြည့်သေးဘူး မိန်းမယူဖို့အကြောင်းဖန်လာတာကတော့ သိပ်ပြီးသဘာဝမကျဘူးထင်လို့ ပြောနေတာ"

"ဒါဆို ဒီကိုယ်ဝန်ကို သိမ်မွေ့က ဘာလုပ်ပစ်ရမှာလဲ၊ ဒီထက်ဗိုက်ပူမလာခင် သိမ်မွေ့ လူ့လောကထဲက ထွက်သွားပေး





ရမှာလားကို"

သိမ်မွေ့ တမင်ပင် ခပ်ရွဲ့ရွဲ့ပြန်ပြောလိုက်သည်။ ဒေါသတွေရော၊ နာကျင်ခြင်းတွေရော၊ ဝမ်းနည်းခြင်းတွေရော၊ မယုံကြည်နိုင်ခြင်းတွေရော အရောင်ကိုစုံနေသည်။

"ကျွတ်…အဲဒီလောက်ထိ မလိုအပ်ပါဘူးသိမ်မွေ့ရာ၊ ကိုယ် သိမ်မွေ့ကို အကြံတစ်ခုပေးမယ်၊ သိမ်မွေ့ မဖြစ်မနေလက်ခံရမယ်"

ပခုံးနှစ်ဖက်ကို ခပ်ဖွဖွဆုပ်ကိုင်ပြီး ချွေးသိပ်ဖို့ကြိုးစားနေတဲ့ ချစ်သူကို သိမ်မွေ့ ခပ်စူးစူးစိုက်ကြည့်လိုက်သည်။

"ပြောကြည့်လေ…ရှင်ပေးမယ့်အကြံဉာဏ်က ဘာလဲ"

"သိမ်မွေ့ရဲ့ကိုယ်ဝန်က နုသေးတာပဲ၊ ဖျက်ချလိုက်ပါလား"

"ဘာ"

"ဖြန်း"

ဒေါသတရားတွေသည် ချစ်ခြင်းတရားတွေ၊ သနားခံခြင်းတရားတွေကို ဝါးမြိုကာ ပါးကို ဖြန်းခနဲ အားကုန်လွှဲရိုက်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"လှူယုတ်မာ…သူများသားသမီးကို စော်ကားတုန်းက စော်ကားပြီးတော့ ခုကျတော့ တာဝန်မယူချင်တော့ဘူးလား ဗီလိန်ကောင်ရဲ့"

သိမ်မွေ့၏ မျက်ဝန်းတွေသည် မီးကျည်ခဲလို ရဲရဲတောက်နေ၏။ ရင်အစုံသည် ဒေါသကြောင့် နိမ့်ချည်မြင့်ချည်ဖြစ်၍နေ၏။



## အခန်း (၃၄)

"အမလေး…ငါ့မြေးလေးက ခုလိုတန်ဖိုးကြီးအဝတ်အစားတွေ ဝတ်လိုက်တော့ အရမ်းကို ချောမောခန့်ညားသွားတာပဲကွယ်၊ ဒါဟာ မြေးမလေးရဲ့ ကျေးဇူးကြောင့်ပါကွယ်"

ထူးခြား၏ သန့်ပြန့်ပြီး လူရည်သန့်သွားသောပုံကြောင့် ဘွားဒေါ်ခင်ကြည် ခေါင်းတညိတ်ညိတ်နှင့် ပီတိဖြစ်၍မဆုံး။

"နေနဲ့လ ရွှေနဲ့မြပဲကွယ်၊ ဘွားမျက်စိထဲမှာ ကြည့်ရတာ ကျက်သရေရှိလိုက်တာ၊ ဘွားတော့လေ မြေးလေးသီဟတေးကို သူ့ဘဝအမှန်ကို ပြန်သိရအောင် အထူးကုဆရာဝန်ကြီးတွေနဲ့ အမြန်ဆုံးပြစေချင်ပြီကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"တွေ့ဖို့စီစဉ်ပြီးသွားပါပြီဘွားရယ်၊ ရှေ့အပတ်ထဲမှာ တေး ဆေးကုသမှု စပြီးခံယူရတော့မယ်လေ"

"အေး…အေး မြန်မြန်ကု မြန်မြန်ကောင်းပြီး မြန်မြန် လက်ထပ်ပွဲကျင်းပကြတော့၊ မြေးတို့နှစ်ယောက် ခမ်းနားတဲ့မင်္ဂလာ ပွဲကို ကြည့်ပြီးမှ ဘွားသေမယ်သိလား"

"ဘွား…မရွှေရေးကို အားနာစရာဗျာ၊ ဘာတွေလျှောက် ပြောနေတာလဲ"

ထူးခြား အနေခက်လွန်း၍ ဝင်ပြီးဟန့်လိုက်သည်။ တကယ်ဆို ထူးခြားရင်ထဲကို ရွှေရေး လုံးဝဝင်ရောက်လာခြင်း မရှိသေး။ ရှိရင်းစွဲမေတ္တာက သိမ်မွေ့ဆီမှာသာ တရစ်ဝဲလည်၍ နေသည်ဆိုတာ ကိုယ်ကိုယ်တိုင်ပဲသိသည်။

အားလုံးက သီဟတေးဟု အတိအလင်း ယုံကြည် လက်ခံနေကြ၍သာ ထူးခြား အားလုံးနှင့် အလိုက်အထိုက်နေနေ ရခြင်းဖြစ်သည်။

ရွှေရေးဆက်သည်လည်း ထူးခြားအပေါ်မှာ ယခင်ကလို မိတ်ဆွေအဆင့်လို ဆက်ဆံနေခြင်းမဟုတ်ဘဲ ချစ်သူတစ်ယောက်





လို ဆက်ဆံနေသဖြင့် ထူးခြား မိန်းကလေးတစ်ယောက် အရက် သိက္ခာကို ထောက်ညှာကာ ရွှေရေးစိတ်ချမ်းသာအောင် နေပေးနေရ ခြင်းဖြစ်သည်။

"မောင်ရယ်…ဘွားက အမှန်တရားကို အမြင်အတိုင်း ပြောနေတာပဲ၊ မောင်က ဘာကိုအားနာနေရပြန်တာလဲ၊ တကယ် ပါပဲ မောင့်ကိုယ်မောင် အရင်ကလို ထူးခြားလို့ ထင်နေတုန်းပဲ လား၊ မောင်ဟာ သီဟတေးလေ၊ ရွှေရေးဆက်နဲ့ စေ့စပ်ထားပြီး သားချစ်သူ၊ မောင်ဂ ရွှေရေးရဲ့ခင်ပွန်းလောင်းပဲ"

"ဟုပ သားပဲသားရယ်…မကြာခင်ဘဲ လက်ထပ်ကြ တော့မယ့်ဟာ မင်းက ဘာကိုအားနာပြီး ဘာကိုရှက်နေရတာလဲ၊ ဟွန်း မပြောလိုက်ချင်ဘူး၊ ကောက်ညှင်းကမစေးဘဲ ဆန်ကြမ်း ကစေးနေရတယ်လို့၊ ကဲ ဒေါ်ခင်မေထက်ဆီကို နေမပူခင်သွား ကြ"

ဘွားဒေါ်ခင်ကြည် ထူးခြားအား မိခင်အရင်းဆီသို့သွား ရန် စိတ်စောစွာဖြင့် အတင်းနှင်လွှတ်နေ၏။

"နောက်တစ်ခါဆိုရင် ဘွား လိုက်ခဲ့ရမယ်နော်၊ အန်



www.burmeseclassic.com

www.burmeseclassic.com



မေက ဘွားကိုပါ အပါခေါ်ခဲ့ဖို့ တတွတ်တွတ်မှာနေတာ''

''အေးပါကွယ်…လိုက်ခဲ့ပါမယ်''

''ကဲ…မောင် သွားကြရအောင်''

ရွှေရေး ထူးခြားလက်ကိုဆွဲပြီး အိမ်ရှေ့တွင်ရပ်ထားသော ကားဆီသို့ လျှောက်လာခဲ့၏။

''ထူးခြား''

သိမ်မွေ့၏အသံကြောင့် ထူးခြား အသံလာရာဘက်သို့ ချာခနဲလှည့်ကြည့်ပြီး ရွှေရေးနှင့် လက်တွဲဖြုတ်လိုက်သည်။

''မသိမ်မွေ့''

''ငါလေ အရေးကြီးတဲ့နေရာကို သွားချင်လို့ နင် ငါ့ကို အဖော်လိုက်ပေးပါလား''

''အခုလား''

''အင်းပေါ့…အဲဒီနေရာကို နင်ပါမှဖြစ်မှာမို့ပါ''

ထူးခြား အခက်တွေ့သွားသည်။ ရွှေရေးကို အားနာသော အကြည့်ဖြင့် မဝံ့မရဲ ဝေ့ကြည့်လိုက်ပြီး နားထင်ကို လက်ညှိုးနှင့် အစိမ့်ပွာယ်မဲ့ ကုတ်ခြစ်ပြီး စိတ်အိုက်နေသည်။





''ဟို…ဟိုလေ ညနေမှသွားလို့မဖြစ်ဘူးလား''

သိမ်မွေ့ ရှင်းသန့်တည်ကြည်သော ထူးခြား၏ အဆ ပေါင်းများစွာ ပြောင်းလဲသွားသောပုံစံကို ခပ်တွေတွေလေး ငေးကြည့်နေပြီး…

''မဖြစ်လို့ပါ ထူးခြားရယ်''

ရွှေရေး သိမ်မွေ့ကို နှစ်လိုဖွယ်ကောင်းသော အပြုံးလေး ဖြင့် ခေါင်းဆတ်၍ ပြုံးပြနှုတ်ဆက်လိုက်ပြီး…

''ဒီကညီမလေးရဲ့ လိုအပ်ချက်ကို ကူညီစေချင်ပေမယ့် တစ်ဖက်မှာကလည်း မဖြစ်မနေသွားရမယ့်နေရာလေး ရှိနေလို့ပါ''

သိမ်မွေ့ ရွှေရေးဆက်ကို တည်တင်းသောမျက်နှာထား ဖြင့် ခပ်ဆတ်ဆတ်ကြည့်လိုက်ပြီး…

''ကျွန်မ အကူအညီတောင်းနေတာ ထူးခြားကိုပါ၊ ဒီကနဲ့ မဆိုင်ဘူးထင်ပါတယ်''

''ဩော်…အင်း ဟုတ်ပါတယ်၊ ဒါပေမဲ့ မောင်က မအား ဘူးလေ၊ သူ့မာမီနဲ့ သွားတွေ့ရဦးမယ်၊ မောင့်အတွက် ဒီထက် အရေးကြီးတာ ဘာများရှိဦးမလဲ''



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို…သူမာမိဟုတ်လား"

သိမ်မွေ့၏မျက်နှာပေါ်မှာ နားမလည်မှုတွေနှင့် ရှုပ်ထွေးသွားသည်။

"ဟုတ်တယ် သိမ်မွေ့ခင်၊ ဘွားရဲ့မြေး ထူးခြားက တကယ်တော့ ပိုက်ဆံချမ်းသာတဲ့ လူကုံထံအသိုင်းအဝိုင်းကပါ၊ သူ့နာမည်က သီဟတေးပါ၊ ဒီဘက်ကသမီးက သားနဲ့စေ့စပ်ထားပြီးတဲ့ သတို့သမီးလောင်း"

ဘွားဒေါ်ခင်ကြည် မြေးတစ်ယောက်အတွက် ဂုဏ်ယူသော မျက်နှာပေးဖြင့် ခပ်မော့မော့လေး ပြောလိုက်သည်။

"ဟင်…ဘာ…ဘာတွေလဲ ထူးခြား၊ နင့်အဘွားပြောတာတွေ တကယ်ပဲလားဟင်"

သိမ်မွေ့ ထူးခြား၏လက်ကို ဆွဲကိုင်လှုပ်ယမ်းပြီး အလောတကြီးမေး၏။ ထူးခြား သိမ်မွေ့ကို အားနာသော၊ စိတ်ရှုပ်ထွေးလွန်းသော အကြည့်ဖြင့် ကြည့်၏။

"ထူးခြား…ငါမေးနေတယ်လေ၊ ငါမေးတာကို ဖြေပါဦး"





"ဟုတ်တယ်၊ အဲဒီလိုထင်တာပဲ မသိမ်မွေ့၊ ခုချိန်မှာ ကျွန်တော်ကိုယ်တိုင်လည်း ကျွန်တော့်ဘဝအကြောင်းကို အသေအချာမသိသေးဘူး"

"ဟင်…နင်ရူးနေလား ထူးခြား၊ လူတိုင်း ကိုယ့်ဘဝအကြောင်း ကိုယ်သိကြတာပဲ"

"ဟုတ်တယ်၊ ကျွန်တော်က အရူးတစ်ယောက်လိုပဲ အတိတ်အကြောင်းကို ဘာမှပြန်မမှတ်မိတော့တဲ့ စိတ်ရောဂါသည်တစ်ယောက်ပါ"

"ဒါ…ဒါဆို ငါကရော၊ နင် ငါ့ကို လက်ထပ်ခွင့်တောင်းထားတာကရော၊ နင့်အတွက် ငါက ဘာလဲ ထူးခြား"

သိမ်မွေ့ လွတ်တဲ့ငါးကြီးဆိုသလို သူများလက်ထဲပါကာနီးမှ သွေးရူးသွေးတန်းဖြစ်နေသည်။

"မောင်က စိတ်ဝေဒနာရှင်ပါ မသိမ်မွေ့၊ မိဘတွေနဲ့ ကွဲကွာနေတုန်းအချိန် အဘွားက မောင့်ဘဝကို ကယ်တင်ပေးခဲ့တာလေ၊ အခု မောင့်ကို ဆရာဝန်ကြီးတွေနဲ့ တိုင်ပင်ပြီး ဆေးကုသမှုခံယူလိုက်မယ်ဆိုရင် မောင်ဟာ မေ့နေတဲ့သူ့အတိတ်ကို သူသတိပြန်ရလာမှာပါ၊ အဲဒီအချိန်ကျရင် ထူးခြားဆိုတဲ့နာမည်နဲ့ ကျင်လည်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တဲ့ ဘဝအပိုင်းအစလေးက အိပ်မက်တစ်ခုလို သူ့အာရုံထဲကနေ တဖြည်းဖြည်း ပျောက်ကွယ်သွားမှာပါ"

"ဟင်"

သိမ်မွေ့ အင်အားမရှိသလို မျက်နှာတစ်ပြင်လုံး သွေးဆုတ်ဖြူရော်သွားကာ ရပ်နေသော ခြေအစုံပင် နောက်သို့ ယိုင်နဲ့သွားဖြင့် ခြေတစ်လှမ်းဆုတ်သွားသည်။

ပြောင်းလဲချက်တွေက မယုံနိုင်လောက်အောင် မြန်ဆန်လွန်းလှပါလား။ တစ်ချိန်က ကိုယ်ဖိနှိပ်ဆက်ဆံခဲ့တဲ့ ယောကျ်ားတစ်ယောက်က နှလုံးထဲမှာနစ်နေတဲ့ ပတ္တမြားတစ်လုံးလို တန်ဖိုးတွေ ရှိနေသည်ဆိုတာ ယုံနိုင်ဖွယ်ရာပင်မရှိတော့။

ဒါဟာ အိပ်မက်တစ်ခုလား။ အိပ်မက်တစ်ခုဖြစ်ခဲ့မည်ဆိုလျှင်တောင် သိမ်မွေ့အတွက်တော့ အိပ်မက်ဆိုးတစ်ခုပဲ။ ထိုအိပ်မက်ဆိုးထဲက ထွက်ပြေးလွတ်မြောက်ချင်ပါ၏။

တကယ်ဆို သူ့ဘဝရဲ့ အရှက်သိက္ခာအတွက် ထူးခြားကို အသုံးချဖို့ရှိနေသေးသည်။ ထူးခြားနှင့်သူ အမြန်ဆုံးလက်ထပ်မှ ဖြစ်မည်။

သူမဘဝ ထူးခြားနှင့်လက်ထပ်လိုက်မှသာ ဖုံးဖိမရအောင်





ပေါ်ထွက်လာတော့မည့် အရှက်သိက္ခာတွေ လုံခြုံသွားစေတော့မည်။

"ထူးခြား သူတို့ပြောနေတာတွေက တကယ်တွေလား၊ နင်က တကယ်စေ့စပ်ထားပြီးသားလား၊ နင်ပြောတော့ ငါ့ကို ချစ်တယ်ဆို၊ ငါနဲ့လက်ထပ်ဖို့အတွက် ငွေတွေစုနေရတာဆို"

သိမ်မွေ့ သွေးရူးသွေးတန်းဖြင့် အသိစိတ်တွေ ကင်းမဲ့သလိုဖြစ်နေသည်။

ထူးခြားကို သူမ ဘယ်နည်းနှင့်မှ မစွန့်လွှတ်နိုင်။ ယခင်က စုတ်တီးစုတ်ပဲ့ပုံစံနှင့်မို့ ရင်မခုန်ခဲ့ရပေမယ့် ကြာလာတော့ မသိစိတ်ကနေ ထူးခြားကို တဖြည်းဖြည်း ချစ်မိလာသည်။

ထိုအချစ် စစ်သည် မစစ်သည်ဆိုတာကိုတော့ သူမကိုယ်တိုင် မဝေခွဲတတ်သေး။ သေချာတာကတော့ သူမ ထူးခြားကို ဆုံးဝလက်လွှတ်အဆုံးရှုံးမခံနိုင်ခြင်းပဲ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၅)

"သိမ်မွေ့ သမီးခုတလော တမှိုင်မှိုင်တတွေတွေနဲ့ ဘာဖြစ်နေတာလဲ၊ မေမေ့ကိုပြောစမ်း"

ပြတင်းပေါက်ဘောင်ကို မှီထိုင်ကာ အဝေးသို့ငေးရီနေသော သိမ်မွေ့အနားသို့ ဒေါ်လှိုင်လှိုင် ရောက်လာသည်။

သိမ်မွေ့ မှိုင်းနေသော သောကမျက်နှာပေါ်သို့ အပြုံးတုတစ်ခု ကမန်းကတန်း တင်လိုက်ပြီး ဘာမှမဖြစ်သူလို မိခင်ကို မော့ကြည့်လိုက်သည်။

"ဘာမှမဖြစ်ပါဘူး မေမေရယ်"

"မေမေ့ကို မညာနဲ့သမီး၊ သမီးမှာ စိတ်သောကရောက်



www.burmeseclassic.com

www.burmeseclassic.com



စရာ တစ်ခုခုရှိနေတယ်ဆိုတာကို မေမေသိနေတယ်၊ မေမေတို့မှာ ဒီအမေနဲ့ ဒီသမီး နှစ်ယောက်တည်းရှိတာ၊ သမီးအခက်အခဲကို မေမေ့ကို မပြောလို့ ဘယ်သူ့ကိုပြောမလဲ''

မိခင်ဖြစ်သူဘက်က နားလည်လိုက်လျောမှုတွေကတော့ သိမ်မွေ့ ကိုယ်မိုက်မဲမှုကို သေလုအောင် စိတ်ပျက်မိ၏။ သိမ်မွေ့လောက် မိုက်မဲတဲ့မိန်းကလေး လောကမှာ ရှိနိုင်ပါဦးမလား။

သိမ်မွေ့ တရှုံ့ရှုံ့ဖြင့် မျက်လုံးအိမ်မှ မျက်ရည်ကြည်တို့ ရစ်သိုင်းလာသည်။

''မေမေ…သိမ်မွေ့ကို လုံးဝခွင့်မလွှတ်ပါနဲ့၊ သိမ်မွေ့ဟာ သိပ်ကိုမိုက်မဲတဲ့ သမီးမိုက်ပါ''

''ဟင်…ညည်းက ဘာတွေများမိုက်မဲထားလို့လဲ၊ ပြောစမ်း ပါဦး ငါရင်ထိတ်လိုက်တာဟယ်''

ဒေါ်လှိုင်လှိုင် ထိတ်ထိတ်ပြာပြာ ဖြစ်နေသည်။ သမီး တစ်ယောက်မွေးထားရသည့်အတွက် ကြုံလာရမည့် ပူပင်သောက တွေသည် ဘယ်လိုအပူသောကတွေနှင့်မှမတူ။

''မေမေ…သိမ်မွေ့ သိမ်မွေ့မှာလေ ကိုယ်ဝန်ရှိနေပြီ





မေမေ''

''ဘာ''

ဒေါ်လှိုင်လှိုင့်နားထဲ တိုးဝင်လာသော စကားအကြောင်း အရာတွေသည် ရင်အစုံကို မိုးကြိုးအကြိမ်ကြိမ်ပစ်ခွင်းသလို ပူလောင် ကျွမ်းမြရ၏။

''မိသိမ်မွေ့…ငါ့ကိုပြန်ပြောစမ်း၊ ညည်းဘာဖြစ်တယ်''

သိမ်မွေ့ လက်မောင်းကို တဆတ်ဆတ်လှုပ်ယမ်းပြီး မယုံကြည်နိုင်ခြင်း သောကအပူတွေဖြင့် အငမ်းမရ မေးလိုက် သည်။

သိမ်မွေ့မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့်အုပ်ကာ တအိအိ နှင့် ရှိုက်ငိုလေတော့၏။ ဒေါ်လှိုင်လှိုင် ဒေါသတွေကို မချုပ်တီး နိုင်ဘဲ သိမ်မွေ့ကို တဖြန်းဖြန်းနှင့်ရိုက်ကာ…

''ညည်း ငိုနေလို့ပြီးမလားပြော၊ ဘယ်ကောင်နဲ့လဲ၊ ငါ့ကို ပြောစမ်း၊ ပြောစမ်းပါအေ…ငါ ငါ သွေးတက်ပြီး ညည်းရှေ့မှာ ပွဲချင်းပြီးသေသွားစေချင်လို့လား''

ဒေါ်လှိုင်လှိုင် ဒေါသဖြစ်လွန်းကာ ငိုသံပါကြီးနှင့် ခပ်ကြိတ်ကြိတ်မေး၏။

''သိမ်မွေ့ မပြောပါရစေနဲ့ မေမေရယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့…မဖြေလို့ရမလား၊ ဒီမိုက်က ဘယ်အကောင်နဲ့ဆိုတာ သိရမှ ငါစီစဉ်စရာရှိတာ စီစဉ်ရမှာပေါ့၊ အဲဒီလိုမှမဟုတ်ရင် ညည်းဗိုက်က တဖြည်းဖြည်းပူလာတော့မှာ၊ ရပ်ကွက်ထဲမှာ ငါဘယ်လိုမျက်နှာမျိုးနဲ့ နေရမလဲ၊ ညည်းကရော လင်ကောင်မပေါ်ဘဲ ဘယ်လိုကလေးမွေးမလဲ၊ အမလေး ငါတော့လေ ပိုးစိုးပက်စက်ကို သေလိုက်ချင်တော့တယ်ဟယ်"

သိမ်မွေ့ တသိမ့်သိမ့်နှင့် ရှိုက်ငိုနေဆဲ။ ဒေါ်လှိုင်လှိုင်ပါ မျက်ရည်တွေ သွင်သွင်စီးကျလာသည်။

"ညည်း…မဟုတ်မှလွဲရော ဟိုဆေးသမားနဲ့များလား"

"ဟင်…မ…မဟုတ်ပါဘူး"

သိမ်မွေ့ အမှန်အတိုင်းပြော၍မဖြစ်။ သိမ်မွေ့သာ အမှန်အတိုင်းပြောလိုက်လျှင် မေမေ ဒီနေရာမှာတင် ရှော့ခ်ဖြစ်ပြီး အရေးပေါ်ရောက်သွားနိုင်သည်။

"ဒါဆို ဘယ်သူနဲ့လဲ၊ ဘယ်သူနဲ့လဲလို့"

"ထူး…ထူးခြားနဲ့ပါမေမေ"

"ဘယ်လို ထူးခြားနဲ့ဟုတ်လား၊ အမလေး ဖွတ်ထွက်မှ တောင်ပို့မှန်းသိတော့တယ်၊ ငါကတော့ ဒီကောင်လေး ရိုးပါတယ်





ဆိုပြီး ညည်းတို့လူငယ်အချင်းချင်း မေတ္တာမျှနေကြရင် ပေးစားဖို့ထိတောင် စိတ်ကူးထားတာ၊ ခုတော့ ဒီကောင်ရဲ့ရိုးသားမှုတွေက နင့်ကို ဗိုက်တစ်လုံးကြီးရှိစေပြီမဟုတ်လား၊ အမလေး ကျေးဇူးရှင်ကို ကျေးစွပ်တဲ့ကောင်"

ဒေါ်လှိုင်လှိုင့်ဒေါသတွေ ထူးခြားပေါ်သို့ ပုံကျလာသည်။

"မဖြစ်ဘူး…ဒီကောင့်ကိုသွားတွေ့ပြီး ညည်းနဲ့ သူ့ကို အမြန်ဆုံးလက်ထပ်ပေးမယ်"

ဒေါ်လှိုင်လှိုင် သိမ်မွေ့အရှက်ကို ကာကွယ်ရန် ထူးခြားနှင့် အမြန်ဆုံးလက်ထပ်ပေးရန် တစ်ထိုင်တည်း ဆုံးဖြတ်လိုက်သည်။

သိမ်မွေ့ ထူးခြားကို ချောက်တွန်းလိုက်မိသည့်အတွက် ရင်ထဲမှာ လိပ်ပြာမလုံဖြစ်မိသည်။ သို့သော် လူတိုင်းလူတိုင်း ကိုယ့်ဒုက္ခငြိမ်းစေဖို့အတွက် အတ္တတွေ လိုသလို ထုတ်သုံးခွင့်ရှိတာပဲ။ နောက်ပြီး သိမ်မွေ့ကိုယ်တိုင်က ထူးခြားကို ချစ်မိသွားတာလေ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၆)

"သားရယ်...ဘာဖြစ်လို့ မာမီတို့အိမ်မှာ မနေချင်ရတာလဲကွယ်၊ သားကို မာမီ အချိန်အကြာကြီး ခွဲခဲ့ရတာလေ"

ဒေါ်ခင်မေထက် ထူးခြားအား သူ့အိမ်လာနေဖို့ ဖွတ်အတင်းခေါ်နေမိသည်။ ကိုယ့်ဘဝအမှန် ဘာမှန်းအသေအချာသိသေးတာမဟုတ်သည့်အတွက် ထူးခြား ဘွားအိမ်ကလွဲပြီး တခြားဘယ်အိမ်မှာမှ မနေချင်။ ထို့ကြောင့် အားနာစွာဖြင့်ပင် ငြင်းဆိုရသည်။

"ကျွန်တော် သိပ်ဟာတေးရဲ့ ဘဝမှန်ကိုသိပြီး ကျွန်တော့်ရောဂါ ပျောက်ကင်းသွားပြီဆိုရင် မာမီတို့နဲ့ အတူလာနေပေးပါ့မယ်၊



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ အဘွားအိမ်မှာပဲနေပါရစေဦး၊ ဦးလေးတိုးအောင်က သူ့အလုပ်မှာပဲ အချိန်ပြည့်နေနေရတော့ အဘွားတစ်ယောက်တည်း ကျွန်တော်ပါရှိမှဖြစ်မှာမို့ပါ မာမီ''

ထူးခြား၏ အကြောင်းပြချက်ကို ဒေါ်ခင်မေထက် လက်မခံချင်ပေမယ့် အဘွားဒေါ်ခင်ကြည်ကလည်း ကိုယ့်သား အသက်ကို ကယ်ထားသည့် ကျေးဇူးရှင်မို့ သား၏ကျေးဇူးတရား သိသော ဆန္ဒကို ဖွတ်အတင်း မကန့်ကွက်ချင်။ ထို့ကြောင့် သက်ပြင်းခပ်ဖျော့ဖျော့ကိုချကာ···

''အင်းလေ···သားက မာမီ့အိမ်မှာ မနေချင်သေးဘူးဆိုတော့လည်း မာမီဖွတ်အတင်းခေါ်မထားတော့ပါဘူး''

''ကျွန်တော်မနေချင်တာ မဟုတ်ပါဘူးမာမီ၊ နေဖို့စိတ်မရဲသေးတာပါ၊ စိတ်ထဲမှာတော့ မာမီ့ကို ကျွန်တော့်မာမီအဖြစ်နဲ့ ခံစားမိနေပါတယ်''

''အေးပါကွယ်···မာမီနားလည်ပေးနိုင်ပါတယ်၊ မာမီ့အဖို့ သားကို မဆုံးရှုံးရတော့ဘူးဆိုတဲ့အသိနဲ့တင် ကံကြမ္မာက ဘယ်လိုပဲ စီမံစီမံ ကျေနပ်ရမှာပါပဲ၊ သား ခုလိုမျိုး ဆေးကုသမှုခံယူနေ





ချိန်မှာ သား စိတ်အနှောင့်အယှက် မဖြစ်စေချင်တာ မာမီ့ဆန္ဒပါ၊ သား လုံးဝအရှင်း နေကောင်းသွားပြီဆိုရင်တော့ သားနဲ့ရွှေရေးကို မာမီလက်ထပ်ပေးတော့မယ်''

''ဟင်···အဲလောက်မြန်မြန်ဆန်ဆန်ကြီး လက်ထပ်ရမှာလား မာမီ''

ထူးခြား၏အမေးကြောင့် မာမီ ခပ်ပြုံးပြုံးကြည့်ပြီး···

''ဘယ်ကလာမြန်ဆန်ရမှာလဲ သားရယ်၊ နောက်တောင်နောက်ကျနေပြီကွယ့်၊ ရွှေရေးခင်ဗျာ စေ့စပ်ထားပြီးသား မိန်းကလေးတစ်ယောက်ဖြစ်နေပြီလေ၊ သူ့ခမျာ သားကို တစ်ဘဝလုံးစာဆုံးရှုံးလိုက်ရပြီဆိုပြီး စိတ်တွေကစဉ့်ကလျားဖြစ်နေရရှာတာကွယ်၊ သားကို ရုတ်တရက်တွေ့လိုက်ရတော့ သူ့ဝမ်းသာမှုတွေက စာဖွဲ့လို့တောင်ရမယ်မထင်ဘူး၊ ခုမှသာ သမီးလေးမျက်နှာက သားနဲ့ချစ်သူတွေဖြစ်ခဲ့ကြစဉ်တုန်းကလို ပြုံးပြုံးရွှင်ရွှင် ရယ်ရယ်မောမောဖြစ်လာကြတာကွယ်''

ရွှေရေးခံစားမှုကို ဒေါ်ခင်မေထက် ပြောပြနေသည်။ ထူးခြား ရွှေရေး၏မေတ္တာတရားကို နားလည်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ သိမ်မွေ့က နေရာယူထားပေမယ့် ရွှေရေး၏ မေတ္တာတရားတွေကိုလည်း ထူးခြား ကောင်းစွာနားလည်ပါသည်။ သူ့အပေါ် သိမ်မွေ့က ဖိအားပေးမောက်မာသလောက် ရွှေရေးကတော့ အနားမှာ အရိပ်လို တစိမ့်စိမ့်ကြည့်နေသူ။

ရွှေရေး၏ ချစ်ခြင်းတရားတွေနှင့် ပြည့်နှက်နေသော အကြည့်အပြုံးတွေသည် ထူးခြားအတွက် နိုင်မာသောအင်အားတစ်ရပ်ဖြစ်စေခဲ့သလို…

သိမ်မွေ့၏ ဖိအားပေးဆက်ဆံမှုတွေနှင့် ကိုယ့်အပေါ် အနိုင်ယူလိုမှုတွေ ရာနှုန်းပြည့်ပါဝင်သော အကြည့်စူးစူးတွေနှင့် အပြုံးမဲ့မဲ့တွေသည်လည်း ထူးခြားရင်ကို လှုပ်ခတ်စေပြန်သည်။

မိန်းမနှစ်ယောက်ကြားမှာ စိတ်နှစ်ခွဖြင့် ဝေခွဲရခက်နေသော အခြေအနေကို ဘယ်လိုကံကြမ္မာက ညွှန်းစေခဲ့သလဲ။

မသိစိတ်နှင့်ချစ်ခဲ့သော သိမ်မွေ့ကိုပဲ ရွေးချယ်ရမည်လား။

သိစိတ်နှင့်ချစ်ခဲ့သော ရွှေရေးကိုပဲ ရွေးချယ်ရမည်လား။

သေချာတာတစ်ခုကတော့ ကံကြမ္မာ၏ ရွေးချယ်ပေးမှုကိုပဲ ငြင်းချက်မထုတ်ဘဲ နာခံရတော့မည်။



## အခန်း (၃၇)

"မသိမ်မွေ့က ကျွန်တော့်ကိုချစ်တယ် ဟုတ်လား"

ကိုယ့်နားပင် ကိုယ်မယုံနိုင်သော စကားလုံးချိုချိုတွေက သိမ်မွေ့နှုတ်ဖျားမှ ပွင့်အန်လာသဖြင့် ထူးခြား မယုံနိုင်လောက်အောင် အံ့သြမိသည်။

"ဟုတ်တယ် ထူးခြား၊ ငါ နင့်ကိုချစ်တယ်၊ ဒါကြောင့် ငါ့ဘဝတစ်ခုလုံးကို နင့်ဆီမှာအပ်ချင်တယ်၊ ငါ့ဘဝကို နင့်စိတ်တိုင်းကျချယ်လှယ်ခွင့်ပြုမယ်"

မျှော်လင့်ထားသော အချစ်တွေ ထူးခြားဆီသို့ ဒလဟော သွန်ချလာပြန်တော့လည်း ထူးခြားစိတ်ထဲမှာ ထိုအချစ်တွေကို



www.burmeseclassic.com

www.burmeseclassic.com



လက်ခံဖို့ မဝံ့မရဲဖြစ်မိပြန်သည်။

"နင် ဝမ်းမသာဘူးလား ထူးခြား"

ပခုံးထက်မှာ မှီနွဲ့ပြီးမေးလာတော့ ထူးခြား အယောင်ယောင်အမှားမှားဖြင့် ခေါင်းညိတ်လိုက်သည်။

"ဝမ်း…ဝမ်းသာပါတယ် မသိမ်မွေ့ရယ်၊ ဒါပေမဲ့ ကျွန်တော် မသိမ်မွေ့ကို အားနာတယ်"

ထူးခြားစကားကြောင့် သိမ်မွေ့ ထူးခြား၏ပခုံးထက်မှာ ခေါင်းမှီနေရင်းနှင့် ခေါင်းကို ဆတ်ခနဲခွာကာ ထူးခြားအား အထိတ်တလန့်ဆန်သောအကြည့်ဖြင့် ကြည့်၏။

"ဘာရယ်…အားနာတယ်ဟုတ်လား ထူးခြား၊ ဘာကို အားနာတာလဲ၊ ငါပေးတဲ့အဖြေကို နင်မလိုချင်လို့လား"

"မဟုတ်ပါဘူး…လိုချင်ပါတယ်၊ ဒါပေမဲ့ မသိမ်မွေ့ ချစ်မိသွားတဲ့ ကျွန်တော်ဟာ ရောဂါသည်တစ်ယောက်ဖြစ်နေလို့ပါ၊ ကျွန်တော်က ခုချိန်ထိ ကိုယ့်ဘဝအမှန် ဘယ်ဟာလဲဆိုတာတောင် ရေရေရာရာမသိသေးတဲ့ လူတစ်ယောက်ပါ"

"အို…ခုသိနေပြီပဲမဟုတ်လား၊ သိလို့လည်း ရှင့်မိဘတွေ





က ရှင့်ရောဂါကို ကုပေးနေကြတာပဲမဟုတ်လား၊ ဝေဒနာတွေ ပျောက်သွားရင် ဒီက ပိုတောင်သဘောကျသေးတယ်"

ထူးခြားဘက်မှ အခက်အခဲကိုမသိဘဲ ထင်ကြေးနှင့် သဘောတွေကျနေသော သိမ်မွေ့ကိုကြည့်ပြီး သက်ပြင်းနိုး မသိမသာချလိုက်သည်။

"ရှင့်အမေကို ဖွင့်ပြောလိုက်တော့ပေါ့ မာမီရယ် ကျွန်တော့်မှာ သိမ်မွေ့ဆိုတဲ့ ချစ်သူလေးတစ်ယောက် ရှိနေပြီလို့၊ ရောဂါပျောက်တာနဲ့ သားတို့ကို စေ့စပ်ပေးပါလို့ တောင်းဆိုလိုက်ပေါ့"

ထူးခြား ဘာစကားမျှ တုံ့ပြန်ခြင်းမရှိဘဲ တွေဝေနေ သည်။ သိမ်မွေ့ အားမလိုအားမရဖြစ်ပြီး ထူးခြား၏ပခုံးကို ဆွဲလှုပ်ရင်း…

"ဘာလဲ…ရှင်က စေ့စပ်ထားပြီးသားမို့လို့ တွေဝေနေတာလား ထူးခြား၊ ရှင်တကယ်ချစ်တာ ရွှေရေးဆက်မဟုတ်ဘဲ သိမ်မွေ့ဆိုတာ ရှင့်မိဘတွေကို ဖွင့်ပြောလိုက်လေ၊ ရှင်တကယ်ချစ်တာ သူ့ကိုမဟုတ်ဘူးဆိုတာ သိမ်မွေ့သိပါတယ်"

ယခင်ကထက် အဆပေါင်းများစွာ နူးညံ့ညင်သာလာ



www.burmeseclassic.com

www.burmeseclassic.com



သော သိမ်မွေ့ကို ထူးခြား ငြင်းရခက်သော အကြည့်ဖြင့် အားနာစွာ ကြည့်လိုက်သည်။ ရင်ထဲမှာ သိမ်မွေ့ကို ချစ်မိသည့်ပဲထားဦး မာမီတို့ကို ဖွင့်ပြောပြီး ရွှေရေးစိတ်ခံစားရမည့်အလုပ်ကို ထူးခြားမလုပ်ချင်။

မလုပ်ချင်ဘူးဆိုတာထက် မလုပ်ရက်ဘူးဆိုတာ ပို၍မှန်မည်။ ရွှေရေး ထူးခြားအပေါ်မှာ ဘယ်လောက်ထိ မေတ္တာအင်အားကြီးမားသည်ဆိုတာကို ထူးခြားစိတ်က အလိုလိုသိနေသည်။

"ခုလောလောဆယ်တော့ မာမီတို့ကို သိမ်မွေ့အကြောင်း ပြောလို့မဖြစ်သေးဘူးထင်တယ်၊ အချိန်တွေအများကြီး ကျန်ပါသေးတယ်"

"ဒါဆို ရှင် သိမ်မွေ့ကို တကယ်မချစ်ဘူးပေါ့"

"ချစ်ပါတယ် သိမ်မွေ့ရယ်၊ ခုဟာက မိဘနဲ့သားသမီး ပြန်ဆုံတွေ့ကြတာ မကြာသေးတော့ ကျွန်တော့်ဘက်က မာမီတို့ စိတ်အနှောင့်အယှက်ဖြစ်စေမယ့် အကြောင်းအရာတွေကို မပြောချင်သေးဘူး၊ ကျွန်တော့်ရောဂါ အရှင်းပျောက်ကင်းသွားပြီဆိုရင်တော့ ရွှေရေးကို နားလည်သဘောပေါက်အောင် ပြောပြပြီး





ခေ့စပ်ထားတာ ဖျက်သိမ်းခိုင်းမှာပါ၊ ဒါဆို ကျွန်တော်တို့နှစ်ယောက် လက်ထပ်လို့ရသွားပြီပေါ့"

"ဟင့်အင်း...သိမ်မွေ့ကတော့ အဲဒီအချိန်ထိ မစောင့်ချင်ဘူး၊ တစ်ခါတည်းလက်ထပ်ချင်ပြီ၊ ဒါပဲနော် ဒီကမိန်းကလေးတန်မဲ့ လက်ထပ်ဖို့ကို အသည်းအသန် တောင်းဆိုရတာ မိန်းကလေးဈေးကျတယ် သိလား"

သိမ်မွေ့၏ သိသာလွန်းသော ပြောင်းလဲမှုတွေက ယုံနိုင်ဖွယ်ရာပင်မရှိ။ ကိုယ်က သူဌေးသားတစ်ယောက်ဖြစ်နေ၍ လက်လွှတ်ဆုံးရှုံးမခံဘဲ ဖွတ်အတင်း အပိုင်ဖမ်းချင်သော အနေအထားသို့ ရောက်မှန်းမသိရောက်နေသည်ဆိုတာကို ထူးခြားကောင်းကောင်းကြီးကို ရိပ်မိပါသည်။

သိမ်မွေ့ဆီမှ ရရှိလိုက်သော အချစ်တွေသည် အချစ်စစ်စစ်မဟုတ်။ ထူးခြားစိတ်က အလိုလိုသိနေသည်။ ရင်မှာ တဆစ်ဆစ်နှင့် နာကျင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၈)

ဧည့်သည်ရောက်နေသည်ဆိုရာ ဒေါ်ခင်မေထက် အိပ်ခန်းထဲမှာ ခေါင်းမူး၍လှဲနေရင်းမှ ဧည့်ခန်းထဲသို့ ထွက်လာလိုက် သည်။ ဧည့်ခန်းထဲတွင် ထိုင်နေသော ဒေါ်ခင်မေထက်တို့အရွယ် အမျိုးသမီးကိုတော့ တစ်ခါမှမမြင်ဘူး။ ဘယ်သူများလဲဆိုသည့် စူးစမ်းသောအကြည့်ဖြင့် ဆိုဖာခုံမှာ ဝင်ထိုင်လိုက်သည်။

"ဘာကိစ္စရှိလို့ပါလဲရှင်"

ယဉ်ကျေးပျူငှာသော အပြုံးဖြင့် မေးလိုက်သည့် ဒေါ်ခင်မေထက်ကို ဒေါ်လှိုင်လှိုင် မဝံ့မရဲကြည့်လိုက်သည်။

"ကျွန်မနာမည် ဒေါ်လှိုင်လှိုင်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့…ကျွန်မက ဒေါ်ခင်မေထက်ပါ၊ လာရင်းကိစ္စက ဘာများပါလဲရှင်"

"သားရေးသမီးရေးကိစ္စပါ"

"ရှင်"

ဒေါ်ခင်မေထက် မျက်လုံးအဝိုင်းသားနှင့် ဒေါ်လှိုင်လှိုင်ကို နားမလည်သလို ကြည့်လိုက်သည်။

"ကျွန်မက ဒေါ်ခင်ကြည်တို့ရပ်ကွက်ကပါ၊ မောင်ထူးခြားနဲ့ ကျွန်မသမီး မေတ္တာမျှနေကြတာ ဒီကအစ်မကြီးများ သိနေမလားပဲ"

"ရှင်…သားနဲ့ရှင့်သမီးက မေတ္တာမျှနေတယ်ဟုတ်လား"

"ဟုတ်ပါတယ်၊ ကျွန်မအပြစ်ပါ၊ သမီးတစ်ယောက်ကို မထိန်းသိမ်းတတ်လို့ ကျွန်မသမီးလေးသိမ်မွေ့ဟာ အပျိုစင်ဘဝနဲ့ ကိုယ်ဝန်ရှိခဲ့ပါတယ်"

ဒေါ်ခင်မေထက် ခေါင်းနပန်းကြီးသွားသည်။ ဒီလိုအဖြစ်မျိုးကြီးက ဘာကြောင့်ဝင်လာရတာလဲ။ ဒါဟာ လုံးဝမဖြစ်နိုင်။ ဖြစ်နိုင်သည်ပဲထားဦး ထိုကိစ္စမျိုးကို ဒေါ်ခင်မေထက် လုံးဝလက်မခံနိုင်။





"ကျွန်မသားမှာ စေ့စပ်ထားပြီးသားလူ ရှိနေပြီးသားပဲ၊ ဒီလိုအဖြစ်မျိုးကို ကျွန်မ လုံးဝလက်မခံနိုင်ပါဘူး၊ ကျွန်မသားက အတိတ်မေ့ဝေဒနာသည်တစ်ဦးပါ၊ သူဟာ အတိတ်ကို လုံးဝမမှတ်မိဘဲ ထူးခြားဘဝနဲ့ သူ့နေထိုင်မှုပုံစံက လုံးဝကိုမရေရာပါဘူး၊ သူပြုမူနေထိုင်နေတဲ့ အချိန်တွေအားလုံးဟာ အိပ်မက်အရမ်းဆန်လွန်းပါတယ်၊ ဒါကြောင့် ဝေဒနာသည်တစ်ယောက် အသိစိတ်ကင်းမဲ့ပြီး မှားယွင်းတဲ့အပြုအမူမို့လို့ ကျွန်မတို့ ဒီကိစ္စကို တာဝန်မယူနိုင်ပါဘူး"

စိတ်သောကရောက်နေသော ဒေါ်လှိုင်လှိုင်၏ မျက်နှာသည် မခံချင်စိတ်တွေဖြင့် ပို၍ညိုမှောင်သွားသည်။

"သားသမီးချင်းစာနာပြီးမှ တာဝန်မယူနိုင်ဘူးဆိုတဲ့စကားပြောပါ ဒေါ်ခင်မေထက်ရယ်၊ ခု ကျွန်မသမီးဗိုက်ထဲမှာ လွယ်ထားရတဲ့သွေးသားက ရှင်တို့သားရဲ့သွေးသားပါ၊ ရှင့်မြေးလေးကို လင်ကောင်မပေါ်ဘဲ မွေးတဲ့ကလေးအဖြစ် မြင်ချင်လို့လား"

"ဒါတွေအားလုံးကို ကံတရားလို့ပဲ ပုံချရမှာပဲ ဒေါ်လှိုင်လှိုင်၊ ကျွန်မတို့ဘက်က လွန်ခဲ့တဲ့သုံးနှစ်လောက်ထဲက စေ့စပ်ထား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တဲ့ ကျွန်မချွေးမလောင်းလေးနဲ့ကလွဲပြီး ဘယ်လိုမိန်းကလေးမျိုး နဲ့မှ သဘောမတူနိုင်ပါဘူး''

''ဘာ…ရှင်…ရှင်တို့ တော်တော်လူစိတ်ကင်းမဲ့တာပဲ၊ သားသမီးချင်း မစာနာလိုက်ကြတာ၊ ကောင်းပြီလေ ရှင်တို့တောင် ရှင်တို့ရဲ့ မျိုးရိုးဂုဏ်သိက္ခာကို မထောက်ဘဲ ကိုယ့်သားကို ဗီလိန် အဖြစ်ခံနိုင်သေးရင် ကျွန်မကလည်း ရှင်တို့လို လူစိတ်ကင်းမဲ့တဲ့ မိဘမျိုးနဲ့ အချိန်ကုန်ခံပြီး တောင်းဆိုမနေတော့ပါဘူး၊ ဆိုင်ရာက နေ စကားပြောကြတာပေါ့၊ ဒါကြောင့် ကျွန်မကိုခွင့်ပြုပါဦး''

ဒေါ်လှိုင်လှိုင် ဒေါသတကြီးဖြင့် ထိုင်ရာမှထလိုက်ပြီး ဧည့်ခန်းထဲမှ ဒေါသတကြီး ထွက်သွားလေ၏။ ဒေါ်ခင်မေထက် ဒေါတကြီးဖြင့် ခပ်ဆောင့်ဆောင့်ထွက်သွားသော ဒေါ်လှိုင်လှိုင်ကို ကြည့်ကာ ရင်ထဲမှာ တလှပ်လှပ်တုန်ခါလာသည်။

စိတ်လှုပ်ရှားလွန်း၍ မတ်မတ်ပင်မထိုင်နိုင်တော့ဘဲ ဆိုဖာ နောက်ကျောမှီကို အရှပ်ကြီးပြတ် မှီချလိုက်သည်။

ဒီပြဿနာကို အတော်လေးရှင်းယူရမည်ဟုတွေးပြီး ရင်ထဲ မှာ ဖော်မပြနိုင်လောက်အောင် လှုပ်ရှားတုန်ခါ၍နေသည်။

⌐ ⌐ ⌐



## အခန်း (၃၉)

''ဗျာ…သိမ်မွေ့အမေ မာမီ့ဆီလာတွေ့သွားတယ် ဟုတ်လားမာမီ၊ ဘာကိစ္စနဲ့လဲ''

''မာမီ့ကို မသိလို့မေးနေတာလား၊ မသိချင်ဟန်ဆောင် ပြီး မေးနေတာလား''

ဒေါ်ခင်မေထက်၏ ခပ်ဆတ်ဆတ်အမေးကြောင့် ထူးခြား မျက်နှာငယ်ဖြင့် ခေါင်းငုံ့လိုက်သည်။

''မာမီပြောမယ်…မင်းသေချာနားထောင်၊ သူလာရတဲ့ အကြောင်းအရင်းက သူ့သမီးသိမ်မွေ့ဆီမှာ မင်းနဲ့ရခဲ့တဲ့ကိုယ်ဝန် ရှိနေပြီတဲ့''



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

"ဟုတ်တယ်၊ ဒါကြောင့် မင်းနဲ့သူ့သမီးကို အမြန်ဆုံး လက်ထပ်ပေးရမယ်တဲ့"

ဒေါ်ခင်မေထက် ပြောရင်းနှင့် အသံတွေတုန်ကာ မျက်ရည် တွေ ဝိုင်းလာသည်။

"မဖြစ်နိုင်ဘူး မာမီ၊ ကျွန်တော်နဲ့သိမ်မွေ့နဲ့ အဲဒီလို တစ်ခါမှ မငြိစွန်းဖူးဘူး၊ သူ့ကို ကျွန်တော်ချစ်မိခဲ့ပေမယ့် သူ ကျွန်တော့်ကိုချစ်တယ်လို့ ပြောခဲ့တာ မနေ့တစ်နေ့ကမှပါ"

"သူက မဟုတ်ဘဲနဲ့ သားရဲ့ကိုယ်ဝန်လို့ အိမ်တိုင် ယာရောက်လာပြောမလား၊ မင်းသေချာပြန်စဉ်းစားပါဦးသားရယ် သူတို့ဘက်က ငါ့သားကို ဒီကိုယ်ဝန်ကို တာဝန်မယူဘူးလို့ငြင်း ရင် တရားစွဲမယ်လို့ မာမီ့ကို ခြိမ်းခြောက်သွားတယ်"

ထူးခြား လုံးဝမကျူးလွန်သည့်ကိစ္စမို့ ခါးခါးသီးသီးကို ငြင်းသည်။

"လုံးဝမဟုတ်ဘူး၊ ကျွန်တော်ယောကျ်ားပါ မာမီ၊ ကိုယ့်တာဝန် ကိုယ်ယူရဲပါတယ်၊ ဒါပေမဲ့ ဒီကလေးက ကျွန်တော်





နဲ့ရခဲ့တဲ့ကိုယ်ဝန် မဟုတ်တာတော့ ကျွန်တော့်အသက်နဲ့ ကျိန်တွယ် ပြီးပြောရဲပါတယ် မာမီ၊ ကျေးဇူးပြုပြီး ကျွန်တော့်စကားကို ယုံပေး ပါ၊ ကျွန်တော်မမှတ်မိခဲ့တဲ့ အတိတ်က အဘွားဆီမရောက်ခင် သီဟတေးဘဝကိုပါ ထူးခြားဘဝကိုတော့ အကုန်လုံး ပြန်မှတ်မိ နိုင်ပါတယ်"

ထူးခြား သံသယတွေဖြင့်ကြည့်နေသော ဒေါ်ခင်မေထက် ကို သူမဟုတ်ကြောင်း အပြင်းအထန်ငြင်းရှာသည်။

"ဟင်…သမီးရွှေရေးလေး"

ဧည့်ခန်းဝတွင် ကြောက်ကွဲစွာရပ်နေသော ရွှေရေးကို ဒေါ်ခင် မေထက် အထိတ်တလန့် လှမ်းကြည့်လိုက်သည်။

"မောင်…ဒါတွေဟာ အမှန်ပဲလားမောင်"

ထိုကိစ္စ ရွှေရေးပါသိသွား၍ ထူးခြား အတော်လေးကို စိတ်ရှုပ်ထွေး၍သွားသည်။ ကိုယ်မကျူးလွန်ခဲ့သည့်ကိစ္စမို့ ရွှေရေး ဆက်၏ အထင်သေးရှုံ့ချခြင်း ခံရမှာကိုတော့ ထူးခြား စိုးရိမ်မိ သည်။

"မဟုတ်ပါဘူး ရွှေရေး၊ သိမ်မွေ့ကိုချစ်တယ်လို့ ဖွင့်ပြော



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပေမယ့် သိမ်မွေ့လက်ကိုတောင် တစ်ခါမှ မကိုင်ဖူးပါဘူး၊ ခုလိုပြစ်မှုမျိုး ကျူးလွန်ဖို့ဆိုတာ ကျွန်တော် စဉ်းတောင်မစဉ်းစား ရဲပါဘူး၊ တကယ်ပြောတာပါ''

''ဒါပေမဲ့ သိမ်မွေ့ကတော့ ရွှေရေးကို သူ့ကိုယ်ဝန်ဟာ မောင်နဲ့ရခဲ့တဲ့ကိုယ်ဝန်ပါလို့ ပြောသွားတယ်မောင်၊ ရွှေရေးတို့ နေစပ်ထားတာကိုလည်း ဖျက်သိမ်းပေးဖို့ တောင်းပန်သွားတယ်''

''ဟင်''

''ဘုရား…ဘုရား ဒီ…ဒီမိန်းကလေး ရဲတင်းလိုက်တာ ကွယ်၊ သားက ဒီလောက် သူမဟုတ်ပါဘူးလို့ငြင်းနေပုံထောက် ရင် ဧကန္တ တခြားတစ်ယောက်နဲ့ရထားတဲ့ ကိုယ်ဝန်ကို သားဆီ ကိုမျှား ပုံချလားမသိဘူးနော်သမီး''

''ဒါကတော့ ဘုရားပဲသိမယ် အန်တီမေရယ်၊ ရွှေရေး အရမ်းဝမ်းနည်းတယ်၊ မောင်နဲ့သာခွဲရရင် ရွှေရေးဘဝ ဘာမှ အဓိပ္ပာယ်ရှိမှာမဟုတ်တော့ဘူး၊ ကံကြမ္မာက ရွှေရေးနဲ့မောင့်ကို သေခွဲမခွဲဘဲ ရှင်ခွဲခွဲမယ်ထင်ပါရဲ့''

ရွှေရေး တသိမ့်သိမ့်နှင့် ငိုရှိုက်နေမိ၏။



## အခန်း (၄၀)

''အား''

ဖရိုဖရဲဖြစ်သွားသောမျက်နှာပေါ်မှ အံ့သြမှုတွေက ရုပ်ပျက် ဆင်းပျက် ထင်ဟပ်နေသည်။

''ထူးခြား…နင် နင် ငါ့ကိုရိုက်တယ်ဟုတ်လား''

''ဟုတ်တယ်…ရိုက်တယ်၊ ခင်ဗျားအကြံ တော်တော် ပက်စက်တဲ့မိန်းမပဲ၊ ခင်ဗျားကို ကိုယ်ဝန်ရခဲ့အောင် ကျုပ်ဘယ်နှခါ များ ကိုယ်ထိလက်ရောက်ကျူးလွန်ဖူးလို့လဲ''

အိမ်ရှေ့မှအသံတွေကြောင့် ဒေါ်လှိုင်လှိုင် သမီးစိတ်ဖြင့် အိပ်ရာထဲလဲနေရာမှ လူးလဲထလာလိုက်သည်။ ဘာတွေဖြစ်ကုန်



www.burmeseclassic.com

www.burmeseclassic.com



ကြပြီလဲဟူသော စိုးရိမ်စိတ်ဖြင့် ထွက်လာလိုက်တာ ခည့်ခန်းထဲသို့ ဘယ်လိုရောက်လာမှန်းမသိတော့။

"ဘာတွေဖြစ်နေကြတာလဲ သမီး၊ မောင်ထူးခြား မင်းငါ့သမီးကို ဘာလုပ်လိုက်တာလဲ"

ရှပ်ပျက်ဆင်းပျက် ပျက်ယွင်းနေသော သိမ်မွေ့ကိုကြည့်ပြီး အလန့်တကြားမေးလိုက်ခြင်းဖြစ်သည်။

"ဒီကိုယ်ဝန်ဟာ ကျွန်တော့်ကိုယ်ဝန်မဟုတ်ဘူး အန်တီလှိုင်၊ သူနဲ့ကျွန်တော် ဘာတစ်ခုမှမကျူးလွန်ခဲ့ဘူး"

"ဒါပေမဲ့ မင်းတို့နှစ်ယောက် ချစ်သူတွေဖြစ်ခဲ့ကြတာပဲလေ၊ ဒီတော့ အချစ်နယ်ကျွံခဲ့ကြတယ်မဟုတ်လား၊ မင်းယောကျ်ားမဟုတ်ဘူးလား၊ ကိုယ့်တာဝန် ကိုယ်ယူရဲရမှာပေါ့"

"မဟုတ်ဘူး အန်တီလှိုင်၊ အန်တီလှိုင် အထင်လွဲနေပြီ၊ သိမ်မွေ့ ကျွန်တော့်ကိုချစ်တယ်လို့ပြောတာ လွန်ခဲ့တဲ့တစ်ပတ်လောက်ကပါ၊ တစ်ပတ်ဆိုတဲ့အချိန်ကာလက သိမ်မွေ့ကို ကိုယ်ဝန်ရစေဖို့ လုံလောက်တဲ့အချိန်တစ်ခု ဖြစ်နိုင်ပါ့မလား အန်တီလှိုင်၊ သိမ်မွေ့ကို ကျွန်တော်ချစ်တယ်လို့ မဝံ့မရဲဖွင့်ပြောခဲ့စဉ်တုန်းက သူကျွန်တော့်ကိုပြောဖူးတယ်၊ သူမှာ ကိုယ်ဝန်ရှိနေတယ် လက်ထပ်ရဲပါ့မလားဆိုပြီးမေးတယ်၊ ကျွန်တော်ကသာ စိတ်ကိုစမ်းသပ်တာပဲဆိုပြီး လက်ထပ်ရဲပါတယ်လို့တောင် ခေါင်းညိတ်ခဲ့ဖူးတယ်၊ ဒါပေမဲ့ ဒီလိုမျိုး ကိုယ်ဝန်တကယ်ရှိခဲ့တယ်ဆိုတာ လုံးဝမထင်မိဘူး"

ထူးခြား သေချာရှင်းပြတော့ ဒေါ်လှိုင်လှိုင် တွေဝေသွားသည်။ သိမ်မွေ့ကို မသင်္ကာသောမျက်လုံးဖြင့် ခပ်စူးစူးကြည့်ကာ

"မိသိမ်မွေ့ ထူးခြားပြောတာ တကယ်လား၊ ညည်းပြောတော့ ဒီကိုယ်ဝန်ရတာ ထူးခြားနဲ့ဆို"

သိမ်မွေ့ ဘယ်လိုမှ ဆက်ညာ၍မရတော့သဖြင့် ဘာမျှစောဒကမတက်ဘဲ တသိမ့်သိမ့်ရှိုက်ငိုလေတော့၏။

"မိသိမ်မွေ့ ပြောလေ ဒီကိုယ်ဝန်က ဘယ်သူနဲ့ရတဲ့ကိုယ်ဝန်လဲ၊ ညည်းဟာ တော်တော်အရှက်တရားကင်းမဲ့တဲ့မိန်းမပဲ၊ ပြောစမ်း ဘယ်သူနဲ့လဲ"

ဒေါ်လှိုင်လှိုင် ဒေါသကြောင့် အသံတွေကျယ်လောင်နေသည်။







www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူနဲ့လဲဆိုတာ ပြောပြလိုက်ပါ မသိမ်မွေ့"

"သိမ်မွေ့ကိုခွင့်လွှတ်ပါ မေမေရယ်၊ ဒီ ဒီကိုယ်ဝန်က သိမ်မွေ့ချစ်သူနဲ့ရခဲ့တဲ့ ကိုယ်ဝန်ပါ၊ အခု သူနဲ့သိမ်မွေ့နဲ့ လမ်းခွဲခဲ့ပြီးမှ ကိုယ်ဝန်ရှိမှန်း သိခဲ့တာပါ"

"ဘုရား…ဘုရား မိုက်မဲလိုက်တာဟယ်၊ မိဘကို ရပ်ကွက်ထဲမှာ မျက်နှာမပြရဲအောင်ကို လုပ်လိုက်တာပေါ့လေ"

ဒေါ်လှိုင်လှိုင် ဒေါသထွက်လွန်း၍ အသားတွေပင် တဆတ်ဆတ်တုန်ယင်နေသည်။

"ထူးခြား…နင်…နင်ငါ့ကိုချစ်တယ်ဆို၊ ဒါဆိုရင် ငါ့အရှက်သိက္ခာကိုငဲ့ပြီး ငါ့ကိုလက်ထပ်ပေးပါ ထူးခြားရယ်၊ လက်ထပ်ရုံလေးပါ၊ ပြီးရင် ပြန်ပြီးကွာရှင်းပေးပါ့မယ်၊ ငါ့မိုက်မဲမှုတွေဟာ နင့်အပေါ် အရမ်းရက်စက်ရာကျနေမှန်း ငါသိပါတယ်၊ ဒါပေမဲ့ ဒီအချိန်မှာ ငါ ငါလေ နင့်ကိုပဲအားကိုးပါရစေတော့"

သိမ်မွေ့ ဆောက်တည်ရာမရ ဖြစ်လွန်းစွာဖြင့် ကြေကွဲဆို့နင့်စွာ ငိုရှိုက်ရင်း ကြမ်းပြင်ပေါ်သို့ အရုပ်ကြိုးပြတ်ထိုင်ချလိုက်သည်။ ထူးခြား စိတ်ရှုပ်ထွေးလွန်းစွာဖြင့် သိမ်မွေ့ကို စိတ်ပျက်





စွာ ကြည့်လိုက်သည်။

ဒေါ်လှိုင်လှိုင်ပါ သမီးဖြစ်သူကိုကြည့်ပြီး တအီးအီးဖြင့် ရင်ထုမနာ ငိုညည်းနေလေ၏။

ထူးခြား ဆုံးဖြတ်ချက် အခိုင်အမာချလိုက်သည်။ သိမ်မွေ့၏ ချစ်သူနှင့် သူကိုယ်တိုင်သွားတွေ့မည်။ သိမ်မွေ့ကို လက်ထပ်ယူဖို့ ရတဲ့နည်းနှင့် တိုက်တွန်းမည်။

သိမ်မွေ့ စိတ်သောကရောက်နေတာကို ထူးခြား ဘယ်လိုမှ မကြည့်ရက်နိုင်။ ညာတာထောက်ထားစရာတွေသာ မရှိခဲ့လျှင် သိမ်မွေ့လက်ကိုဆွဲပြီး ခုချက်ချင်း တရားရုံးမှာ သွား၍လက်ထပ်လိုက်ချင်ပါ၏။

ㄱ ㄱ ㄱ



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၁)

စက်သံတွေ တရှန်းရှန်းဖြင့် ဆူညံနေသောစက်ရုံကြီး အတွင်းသို့ ထူးခြားလျှောက်ဝင်လာခဲ့လိုက်သည်။ စက်ရုံလုပ်သား တွေ သူ့စိမ်းဝင်လာတာမို့ ထူးခြားဆီသို့ အကြည့်တွေ အကျန်ပို့ ထား၏။

ထူးခြား အင်္ကျီအိတ်ကပ်ထဲမှ ဓာတ်ပုံကို ထုတ်ကြည့်ပြီး အပြာရောင်ယူနီဖောင်း ဆင်တူဝတ်ထားသော အလုပ်သမားတွေ ထဲမှ သိမ်မွေ့အား ကြောရှုံကြဲသွားသောကောင်ကို ရှာလိုက်သည်။

"ကိုသီဟတေး တွေ့လား"

စက်ရုံမန်နေဂျာ၏ အမေးကြောင့် ထူးခြား ခေါင်းညိတ်ပြ လိုက်ပြီး ဓာတ်ပုံကို အင်္ကျီအိတ်ကပ်ထဲ ပြန်ထည့်ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မတွေ့ဘူး…ဒီလူ အလုပ်ရှောဆင်းရဲလား"

"ဟုတ်ကဲ့ဆင်းပါတယ် ကိုသီဟတေး"

"ယော…ဟိုမှာ ဟိုမှာ စက်ခန်းထဲကထွက်လာတဲ့လူ မဟုတ်လား"

"ဟုတ်တယ်"

"နေဦး…ကျွန်တော်သွားခေါ်ပေးပါ့မယ်၊ ကိုသီဟတေး ဒီကပဲစောင့်လိုက်ပါ"

စက်ရုံမန်နေဂျာ ထူးခြားရှေ့မှ ခပ်သုတ်သုတ်ထွက်သွားပြီး သွားခေါ်သည်။ သိမ်မွေ့ချစ်သူ မန်နေဂျာနောက်ကနေ လိုက်လာသည်။

ထူးခြားကိုမြင်တော့ မျက်မှောင်ကုပ်ပြီး ကြည့်သည်။

"ကျွန်တော့်ကိုတွေ့ချင်တာ ဘာကိစ္စလဲ"

"သိမ်မွေ့နဲ့ပတ်သက်ပြီး ခင်ဗျားနဲ့တိုင်ပင်ညှိနှိုင်းစရာလေး ရှိလို့ပါ"

"ကျွတ်…ဘာလဲကွာ ပြီးနေတဲ့ကိစ္စကို လာပြန်လုံးပြန်ပြီ"

မျက်စိမျက်နှာပျက်ယွင်းကာ ခပ်ညည်းညည်းပြောလိုက်သော ထိုလူ့စကားကြောင့် ထူးခြား၏ဒေါသတွေ ဝုန်းခနဲ ခုန်ထွက်လာသည်။





"ခင်ဗျားတို့ဇာတ်လမ်းက ပြီးသွားတာမဟုတ်ဘူး၊ ခုမှစတာ၊ အခု သိမ်မွေ့ကိုယ်ဝန်ကို ခင်ဗျားတာဝန်ယူ"

ထူးခြား၏အပြောကြောင့် ထိုလူ မထီမဲ့မြင်ပုံစံဖြင့် တဟားဟားအော်ရယ်၏။ မန်နေဂျာ ထိုလူနှင့်ထူးခြားကိုကြည့်ပြီး ခေါင်းတွေကုတ်နေ၏။

"ခင်ဗျား ဘာရယ်တာလဲ"

"ရယ်ချင်လို့ရယ်တာလေ၊ ဒီကိုယ်ဝန်ကို ငါ့ကိုယ်ဝန်ပါလို့ မင်းက ဘာနဲ့သက်သေပြမလဲ၊ နောက်ပြီး မင်းနဲ့သူနဲ့က ဘာလဲ၊ အဟား ငါ့ကို ပိုက်ဘောလာဖမ်းနိုင်းရအောင် ငါက နွားမဟုတ်ဘူး"

"ဘာ…မင်းလူယုတ်မာ၊ ကဲကွာ"

ထူးခြား ဒေါသတွေ ဆက်လက်မျိုသိပ်နိုင်စွမ်းမရှိတော့။ ထို့နောက် ထိုလူ့မျက်နှာကို လက်သီးဖြင့် နှစ်ချက်သုံးချက် ဆင့်ဆင့်ထိုးလိုက်သည်။

ရုတ်တရက် အထိုက်မိသွား၍ နောက်ဖက်သို့ ယိုင်သွားသည်။

စက်ရုံထဲတွင် အလုပ်လုပ်နေကြသော အလုပ်သမားများ ပြေးလာကြသည်။

"ဟော့…ဘာဖြစ်တာလဲ၊ ဒီကောင်ဘာကောင်လဲ"

"ဟော့…ဟော့ နေကြဦး၊ မင်းတို့ဝင်ပါစရာမလိုဘူး၊ သူက



www.burmeseclassic.com

www.burmeseclassic.com



တခြားလူမဟုတ်ဘူး၊ မင်းတို့အလုပ်ရှင်သူဌေးရဲ့ ရှယ်ယာမန်ဘာ တစ်ယောက်''

''ခွပ်''

''အား''

''ဟာ…ကွဲပြီ''

မန်နေဂျာ ကြားဝင်ပြီးဖြောင်းဖျပေးနေတုန်း သိမ်မွေ့၏ ချစ်သူ အနောက်ဘက်မှနေ၍ ထူးခြားခေါင်းကို သစ်သားချောင်းဖြင့် အလစ်ဝင်ရိုက်၏။

အားလုံး ရုတ်ရုတ်သဲသဲတွေ ဖြစ်ကုန်ကြသည်။ ထူးခြား ခေါင်းမှ သွေးများ ဖြာဆင်းလာကာ မျက်လုံးတွေပြာဝေတက်သွား၏။

လဲမကျအောင် သတိထားထိန်းနေရင်းမှ ရပ်နေသော ခြေအစုံမှာ အင်အားတွေယုတ်လျော့လာသည်။ ထို့နောက် စက်ဆီတွေ ပေပွနေသော စက်ရုံကြမ်းခင်းပေါ်သို့ လဲကျသတိလစ်သွား၏။

အမှောင်ကမ္ဘာထဲသို့ ရောက်ရှိသွားကာ လောကကြီးနှင့် အဆက်အသွယ်ပြတ်၍သွားသည်။

ထူးခြား ဘာမှမသိတော့။ အသိစိတ်ထဲမှာ သိမ်မွေ့ လည်းမရှိသလို ရွှေရေးလည်းရှိမနေ။

စိုးမိုးစာပေ

## အခန်း (၄၂)

ခေါင်းမှာ ပတ်တီးအဖွေးသားနှင့် သတိလစ်နေဆဲဖြစ်သော ထူးခြားကိုကြည့်ပြီး ရွှေရေး ခုတင်ဘေးတွင်ထိုင်ကာ တရှုံ့ရှုံ့ဖြင့် ငိုရှိုက်နေ၏။

ဒေါ်ခင်မေထက် သားဖြစ်သူကိုကြည့်ပြီး ဂနာမငြိမ်ဖြစ်နေသည်။ ဘာမဟုတ်တဲ့ မိန်းမတစ်ယောက်အတွက်နဲ့ ခုလိုအဖြစ်ဆိုးမျိုးနှင့် ကြုံရလေခြင်းဟု တွေးတွေးပြီး သိမ်မွေ့အပေါ်မှာ ဒေါသတွေ ထွက်လိုက်သည်မှာ ပြောဖွယ်ရာမရှိတော့။

''ဒင်းကြောင့် ဒီအရှက်မရှိတဲ့ မိန်းကလေးကြောင့် သား ခုလိုဖြစ်ရတာ၊ ခွင့်မလွှတ်နိုင်ဘူး၊ လုံးဝခွင့်မလွှတ်ဘူး''

ခုတင်ဘေးမှာ ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း ကြိမ်းဝါး

စိုးမိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



နေသော ဒေါ်ခင်မေထက်ကို ရွှေရေး မည်သို့ချေးသိပ်ရမှန်းပင် မသိတော့။

"အန်တီမေ...မောင် သတိလစ်နေတာကြာလိုက်တာ၊ ဒီနေ့နဲ့ဆို နှစ်ရက်တောင်ရှိပြီ၊ ရွှေရေးတို့ဘယ်လိုလုပ်ကြမလဲ၊ မောင်တစ်ခုခုများဖြစ်မှာမို့လို့ ခုလိုအကြာကြီး သတိလစ်နေရတာလားဟင်"

ငိုသံပါကြီးဖြင့် ပလုံးပထွေးပြောနေသော ရွှေရေးကို ကြည့်ပြီး ဒေါ်ခင်မေထက် ဒေါသအနည်းငယ် ပြန်ထိန်းနေလိုက်သည်။

ကိုယ့်ဘက်က ဒေါသတွေ တအားဖြစ်နေလျှင် ရွှေရေးလေး ပိုပြီးစိတ်ထိခိုက်ရမည်။ ခုချိန်မှာ ဒီမိန်းကလေးကို ဒေါသအမျက်ချောင်းချောင်းထွက်နေရမည့်အစား သားတေး သတိပြန်ရလာဖို့ ဆုတောင်းရမှာက အဓိကဖြစ်သည်။

ထို့ကြောင့် ဒေါ်ခင်မေထက် စိတ်ကိုလျှော့ကာ ရွှေရေး၏ ကြေကွဲဝမ်းနည်းမှုကို နှစ်သိမ့်ဖို့ ရွှေရေးနားမှာ ဝင်ထိုင်လိုက်သည်။

"သမီးရယ်...စိတ်မပူပါနဲ့ ဆရာဝန်ကြီးက ဘာမှမစိုးရိမ်ရပါဘူးလို့ပြောသွားတာပဲ၊ မှာ့မှီသားလေး ပြန်ပြီးသတိရလာမှာပါ





ကွယ်"

ဒေါ်ခင်မေထက် ရွှေရေးကို နှစ်သိမ့်နေတုန်း ဒေါ်နိုင်သဇင်နှင့်အတူ ဘွားဒေါ်ခင်ကြည်နှင့် သိမ်မွေ့တို့ စိုးရိမ်တကြီးဖြင့် အခန်းထဲဝင်လာကြသည်။

"မြေး...မြေးလေးရယ်၊ မသေကောင်းမပျောက်ကောင်းကွယ်"

ဘွားဒေါ်ခင်ကြည် ထူးခြား၏လက်ကိုကိုင်ကာ စိုးရိမ်တကြီးဖြင့်ပြော၏။ ဒေါ်ခင်မေထက် ခုတင်ခြေရင်းနားတွင် မဝံ့မရဲရပ်နေသော သိမ်မွေ့ကိုမြင်တော့ ဒေါသတွေကို ဘယ်လိုမှမျိုသိပ်၍မရတော့။

သိမ်မွေ့ကို မီးပွင့်မတတ်အကြည့်ဖြင့် ကြည့်ကာ

"မင်းက ဘာလာလုပ်တာလဲ၊ ဒီလိုအရှက်မရှိတဲ့မျက်နှာနဲ့ ငါ့သားနားမှာ ခုလိုလာရပ်ရဲသေးလား"

သိမ်မွေ့ သူ့ကြောင့် ထူးခြား ခုလိုဖြစ်ရတာဆိုပြီး နောင်တရ၍မဆုံးတော့။ ထို့ကြောင့် ထူးခြား၏အမေ ရိုက်ချင်ရိုက် နှက်ချင်နှက် ဘယ်လိုပြစ်တင်စကားမျိုးပဲဆိုပါစေ သိမ်မွေ့ခေါင်းငုံ့ခံမယ်ဆိုပြီး ဘွားဒေါ်ခင်ကြည်ကို တောင်းတောင်းပန်ပန်ဖြင့် ခွင့်တောင်းပြီးလိုက်လာခဲ့ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သိမ်မွေ့မှားပါတယ် အန်တီ၊ သိမ်မွေ့ကြောင့် ထူးခြား အခုလိုဖြစ်ရတာပါ၊ သိမ်မွေ့ကို ကြိုက်တဲ့အပြစ်ပေးပါတော့ အန်တီ"

သိမ်မွေ့ ဒေါ်ခင်မေထက်ရှေ့မှာ ဒူးထောက်ထိုင်ချလိုက်သည်။

"မပေးဘူး…ဟောဒီ ငါ့လက်နဲ့ မင်းကို ဘယ်တော့မှ အပြစ်မပေးဘူး၊ ငါ့သားအပေါ်မှာ အနိုင်ယူပြီး လင်ကောင်ဖော်ဖို့ ကြိုးစားခဲ့တဲ့မင်းကို လောကက အပြစ်ပေးလိုက်မယ်၊ ဒါကြောင့် မင်း ငါ့သားဆီကို လာစရာအကြောင်းမရှိဘူး၊ ခုချက်ချင်း အခန်းထဲကထွက်သွားပါ"

ဒေါ်ခင်မေထက် စိတ်ဆိုးမန်ဆိုးနှင့် တရစပ်ပြောနေချိန်တွင် သတိလစ်နေသော ထူးခြား မျက်လုံးတွေ လှုပ်လှုပ်ရှားရှား လှုပ်လှုပ်လာ သည်။

"ဟင်…မောင်…မောင် သတိရလာပြီ"

ထူးခြား မျက်လုံးတွေ ရီဝေစွာဖြင့် ဖြည်းဖြည်းချင်း ပွင့်လာသည်။

"ကြည့်ပါဦး…မောင်သတိရလာပြီ၊ အန်တီမေ ဒီမှာ မောင့်ကိုလာကြည့်ပါဦး"

ရွှေရေး ဝမ်းသာလွန်း၍ အသံတွေပင် တုန်ခါ၍နေသည်။





အားလုံး ဝမ်းသာအားရဖြင့် ထူးခြားခုတင်ဘေးတွင် ဝိုင်းနေကြသည်။

"သား…သားလေးတေး သတိပြန်ရပြီလား၊ သား ဘာမှ မဖြစ်တော့ဘူး"

ဒေါ်ခင်မေထက် ဝမ်းသာလွန်း၍ မျက်ရည်ပင်စို့တက်လာ၏။ ရွှေရေး ထူးခြားလက်တစ်ဖက်ကို ကြင်နာစွာဆုပ်ကိုင်လိုက်သည်။

"မာမီရေ ဒါဘယ်နေရာလဲ၊ တေး ဘယ်ရောက်နေတာလဲ"

ထူးခြား သူ့ကိုယ်သူ တေးဟု သုံးနှုန်းလိုက်သဖြင့် ရွှေရေး ထခုန်မိမတတ်ကို ဝမ်းသာသွားသည်။

"မောင်…ဆေး…ဆေးရုံမှာလေ"

"ဟုတ်တယ်သား…မင်းဆေးရုံရောက်နေတာ"

"မာမီ…တေး မော်ဘီကခြံကိုသွားရင်း လမ်းမှာ ကား အက်ဆီးဒင့်ဖြစ်တာ"

"သား…အတိတ်ကိုပြန်ပြီး သတိရလာပြီလား"

"ရတယ်လေ မာမီ၊ တေး တောင်ကြီးကိုသွားဖို့ လေယာဉ် ပေါ်တက်ကာနီး မော်ဘီကသိုလှောင်ရုံ မီးလောင်တယ်ဆိုလို့ တေး



www.burmeseclassic.com

www.burmeseclassic.com



အဲဒီကိုသွားလိုက်တာ"

"မောင် ခုမှသတိရတာ စကားတွေအများကြီးမပြောနဲ့နော်၊ နောက်မှ ရွှေရေးတို့ကိုပြောပြပါ"

"မြေး ထူးခြားရယ် ဘွား ဝမ်းသာလိုက်တာ၊ ဘွားမြေးသူတော်ကောင်းလေး၊ လူယုတ်မာတွေလက်ချက်ကြောင့် ခုလိုဖြစ်ရတာ"

ပခုံးပေါ်မှ သဘက်ဖြင့် မျက်ရည်တွေကိုသုတ်ပြီး ပြောနေသော ဘွားဒေါ်ခင်ကြည်ကို သီဟတေး တစ်ခါမှမမြင်ဖူးသူလို ကြည့်လိုက်ပြီး ဒေါ်ခင်မေထက်ဘက်လှည့်ကာ....

"မာမီ...ဒီအဘွားက ဘယ်သူလဲ၊ နောက်ပြီး ထူးခြားဆိုတာ ဘယ်သူ့ကိုပြောတာလဲ"

သီဟတေးအမေးကြောင့် အားလုံး အံ့အားသင့်ကုန်ကြသည်။ သိမ်မွေ့ သီဟတေးနားကပ်လာပြီး...

"ထူးခြား ရှင် သိမ်မွေ့ကိုရော သိသေးတယ်မဟုတ်လားဟင်"

"ဟင့်အင်း...မသိဘူး၊ ခင်ဗျားကဘယ်သူလဲ၊ ကျွန်တော့်အသိမိတ်ဆွေထဲမှာ သိမ်မွေ့ဆိုတာမရှိဘူး၊ တေး သူတို့ကဘယ်သူတွေလဲ၊ မောင် လုံးဝနားမလည်တော့ဘူး"





သီဟတေး စိတ်ရှုပ်စွာဖြင့် ခေါင်းကိုခါယမ်းလိုက်သည်။

"ဘုရားရေ မြေးလေး ဒီတစ်ခါတော့ သူ့အတိတ်ကိုသတိရသွားပြီပေါ့၊ အမလေး ဝမ်းသာလိုက်တာကွယ်၊ ငါ့မြေးသာ ရောဂါပျောက်သွားပြီဆိုရင်လေ ဘွားကို တစ်သက်လုံး သတိမရတော့ရင်တောင် ဘွားကျေနပ်ပါတယ်ကွယ်"

"စိတ်မကောင်းမဖြစ်ပါနဲ့ ဘွားရယ်၊ မောင် အားလုံးကိုပြန်မှတ်မိနိုင်မှာပါ"

ရွှေရေး ဝမ်းနည်းသံအစ်အစ်ကြီးနှင့် ပြောနေရှာသော ဘွားဒေါ်ခင်ကြည်ဟု နှစ်သိမ့်စကားဆိုလိုက်သည်။

"ဟုတ်ပါတယ် ဘွားရယ်၊ သားတေးက ခုမှ ဒဏ်ရာကြောင့် အတိတ်ကိုပြန်သတိရလာတာဆိုတော့ သူကြုံတွေ့ခဲ့ရသမျှကို အားလုံးနီးနီး ပြန်မှတ်မိဖို့အတွက် အချိန်တစ်ခုလိုအပ်တယ်လေ"

ဒေါ်နိုင်သဇင်ပါ စိတ်မကောင်းစွာဖြင့် ဝင်ရောက်ချွေးသိပ်၏။

"အမလေး...ဘွား စိတ်မကောင်းမဖြစ်ပါဘူးကွယ်၊ အဓိကက မြေးလေး သမီးရွှေရေးကို သူ့ဇနီးလောင်းအဖြစ် ပြန်ပြီးမှတ်မိသွားတာကပဲ မင်္ဂလာရှိတဲ့သတင်းပါကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"ထူးခြား…ရှင်…ရှင် သိမ်မွေ့ကို တကယ်ပဲ မမှတ်မိတော့ဘူးလား၊ သိမ်မွေ့ကို ချစ်တယ်လို့ ရှင်ပဲပြောခဲ့တာလေ"

ထူးခြားဟု တွင်တွင်ခေါ်ပြီး ငိုနေသော သိမ်မွေ့ကို သီဟတေး ဘယ်လိုမှ ပြန်မမှတ်မိနိုင်တော့။

"ဆောရီးပဲဗျာ…ကျွန်တော့်ဘဝမှာ ရေးကိုပဲချစ်ခဲ့ပြီး ရေးနဲ့ပဲ လက်ထပ်ဖို့ ဘဝတစ်သက်စာ ရွေးချယ်ခဲ့ပြီးပြီ၊ ကျွန်တော် ရေးကလွဲပြီး ဘယ်သူ့ကိုမှ မချစ်နိုင်ပါဘူး"

စိမ်းပြတ်သော စကားလုံးတွေက သီဟတေးနှုတ်မှ အစီစဉ်တကျ ထွက်လာပြီး သိမ်မွေ့၏ မျှော်လင့်ချက်ဖျော့ဖျော့တွေကို အပြီးတိုင် ရိုက်ချိုးလိုက်လေသည်။

သိမ်မွေ့ အင့်ခနဲ တစ်ချက်ရှိုက်လိုက်ပြီး ဆေးရုံခန်းထဲမှ ပြေးထွက်သွား၏။ သိမ်မွေ့ဆိုတဲ့နာမည်ဟာ ထူးခြားနှင့်အတူ သီဟတေး၏ အတိတ်ကာလတစ်ခုမှာ ကျန်ခဲ့ပြီပဲ။ ဒီတော့ နောက်ပြန်လှည့်ပြီး ကိုယ့်လမ်းကိုယ်ပြန်လျှောက်ရုံပဲပေါ့။

ရင်ထဲမှာ နင့်နဲသောခံစားချက်တွေနှင့်အတူ ကျန်ရှိနေသေးသော အနာဂတ်ကို သိမ်မွေ့ ဗိုက်ထဲကကလေးနှင့်အတူ မဝံ့မရဲ တိုးဝင်ရဦးတော့မည်။

ကိုယ့်ဗိုက်ပြစ်နှင့်ကိုယ်ပဲလေ။ ကံကြမ္မာကို ဘာများ





စောဒကတက်ခွင့်ရှိဦးမှာလဲ။ သိမ်မွေ့လို ဗိုက်မဲတဲ့မိန်းမတစ်ယောက်ကို ကံကြမ္မာက အမှားပြင်ဆင်ခွင့်ရောပေးမှာတဲ့လား။

တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ထူးခြားဆိုတဲ့ အတိတ်တစ်ပိုင်းတစ်စကို ပြန်လည်သတိရလာမယ်ဆိုရင်ရော။

သိမ်မွေ့ သူမဝမ်းဗိုက်နေရာကို အသာငုံ့ကြည့်ရင်း မမြင်မတွေ့နိုင်သော မှုံဝါးဝါးအနာဂတ်ရှိရာသို့ လှမ်းမျှော်ကြည့်ချိန်မှာပဲ ပူနွေးသော မျက်ရည်စတွေက ပါးပြင်ထက်သို့ အဆက်မပြတ် စီးကျလာ၏။

ရွှေအာလီ



www.burmeseclassic.com